# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပန်ဆင်သူအကျိုးကို ဆောင်နိုင်**

တရားကို စောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့ နည်းဟူမူကား အဆင်း အနံ့နှင့်ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၂)


၁၃၇၉ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက် ၂၀၁၇ ခုနှစ်၊ ဧပြီ ၂၂ ရက်၊ စနေနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၀၁)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် CITIC Group ၏ ဥက္ကဋ္ဌအား တွေ့ဆုံ

**နေပြည်တော် ဧပြီ ၂၁**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China International Trust and Investment Company (CITIC) Group ၏ ဥက္ကဋ္ဌ Mr. Chang Zhenming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန်ရှိ ရေနက်ဆိပ်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုအပါအဝင် မြန်မာနိုင်ငံတွင် လမ်းပန်းဆက်သွယ်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**


အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့ တက်ရောက်ခဲ့ပြီး CITIC ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CITIC Group ၏ ဥက္ကဋ္ဌ Mr. Chang Zhenming ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံ ဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေး



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘာ့တ်ကိုအန်ဒါစ်တို့ တွေ့ဆုံဆွေးနွေးစဉ်

**နေပြည်တော် ဧပြီ ၂၁**

နယ်သာလန်နိုင်ငံတွင် လေ့လာရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ အခြေခံအဆောက်အအုံနှင့်သဘာဝပတ်ဝန်းကျင်ရေးရာဝန်ကြီးတို့နှင့် ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းတွင် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့၌ သီးခြားစီတွေ့ဆုံသည်။

**ဆွေးနွေး**

ဒုတိယသမ္မတသည် နယ်သာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘာ့တ်ကိုအန်ဒါစ်နှင့် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးကဏ္ဍ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အခြေခံအဆောက်အအုံနှင့်


*စာမျက်နှာ ၃ ကော်လံ ၄* ✻


## ယနေ့ မာတိကာ

**မြန်မာ့မီးရထားက ဝယ်ယူထားသော စက်ခေါင်းသစ်များ မေ ၁ ရက်တွင် ရောက်မည်**


စာ ➤ ၄


**မြောက်ကိုရီးယားနိုင်ငံအား နျူကလီးယားစမ်းသပ်မှု ထပ်မံမပြုလုပ်ရန် ကုလ လုံခြုံရေးကောင်စီ တောင်းဆို**


စာ ➤ ၁၀











မြန်မာ့အလင်း

# ငြိမ်းချမ်းသည့်လူ့ရပ်ရွာ၊ ငြိမ်းချမ်းသည့်မြေကမ္ဘာ

စကြဝဠာအာကာသတစ်နေရာမှကြည့်လျှင် မိမိတို့နေထိုင်ရာ မြေကမ္ဘာကြီးကို လှပသောဂြိုဟ်ပြာကြီးတစ်လုံးအဖြစ် မြင်ကြရမည် ဖြစ်သည်။ ဤမြေကမ္ဘာပေါ်တွင်ရှင်သန်နေထိုင်ကြသည့်လူသားတို့အဖို့ တွင်မူ မတူကွဲပြားခြားနားမှုများဖြင့် အတူတကွ နေထိုင်နေကြရခြင်းဖြစ် သည်။ နိုင်ငံအလိုက် လူမျိုးအလိုက် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်တို့မတူ၊ ဘာသာအယူဝါဒကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့မတူ၊ ပြောဆိုသည့်ဘာသာ စကား၊ စာပေတို့မတူကွဲပြားကြသည့်အလျောက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုစသည်တို့အပေါ်တွင်လည်း အမြင် မတူဘဲ ကွဲပြားကြသည်။

နိုင်ငံချင်းအလိုက်မတူကွဲပြားသကဲ့သို့ပင် နိုင်ငံတစ်နိုင်ငံတည်းမှာပင် ဒေသအလိုက် မျိုးနွယ်စုအလိုက် ကွဲပြားခြားနားမှုများရှိကြပြီး ယုတ်စွ အဆုံး မိသားစုတစ်စုအတွင်းမှာပင် တစ်ဦးနှင့်တစ်ဦး စိတ်နေစိတ်ထား၊ စရိုက်သဘာဝတို့ မတူကွဲပြားကြကာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှုပေး ညှိယူ၍ သွေးရင်းသားရင်းတို့၏ သံယောဇဉ်မေတ္တာတရား တို့ဖြင့်သာ စုပေါင်း နေထိုင်ကြရခြင်းဖြစ်သည်။ ဘာသာရေးအရဖြစ်စေ၊ နိုင်ငံရေး အရဖြစ်စေ မတူကွဲပြားခြားနားမှုများကို သည်းခံခြင်းနှင့်ခွင့် လွှတ်ခြင်းတရား လက်ကိုင်ထားလျက် အစွန်းရောက်ခြင်းနှင့် တစ်ယူ သန်ခြင်းတို့ကို စွန့်လွှတ်ကာ မတူကွဲပြားခြင်းထဲမှ တူညီခြင်း (Unity in Diversity) ကို ရအောင်ရှာရန်၊ သို့မှသာ အတူလက်တွဲ နေထိုင် နိုင်မည် ဖြစ်ကြောင်း သာသာရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင် တို့က တိုက်တွန်းလေ့ရှိသည်။

"ဘာသာတရားတိုင်းမှာ ဂိုဏ်းကွဲတွေ အများကြီးရှိနေပါတယ်။ နိုင်ငံရေး မှာလည်း ဒီအတိုင်းပါပဲ။ စိတ်မပျက်ကြပါနဲ့။ အားလုံးလျှောက် လှမ်းနိုင်တဲ့၊ လျှောက်ရမယ့်တံတားတစ်ခု(Common Bridge)တစ်ခု ကိုကြိုးစား တည်ဆောက်ကြရအောင်ပါ။ ကိုယ့်ပန်းတိုင်ကိုယ်ဦးတည်၍ ကိုယ့်လမ်းကိုယ်လျှောက်ကြရင်း တံတားပေါ်မှာ အားလုံးဆုံတွေ့ကြပါ လိမ့်မယ်။ ကွဲပြားခြင်းကိုရဲရဲကြီး ရင်ဆိုင် တံတားဆောက်ပေးခြင်းဖြင့် တံတားပေါ် လျှောက်ကြမယ့်လူအပေါင်းတို့ကို Violence and Conflict မှ Peace and Security သို့ လမ်းကြောင်းပြောင်းပေး နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ပေါင်းကူးတံတားတစ်ခုသာ တည်ဆောက်နိုင်လျှင် Conflict and Fighting (ပဋိပက္ခနှင့် တိုက်ခိုက်ခြင်း) ကို Harmony and Happiness (ညီညွတ်ခြင်းနှင့် ချမ်းသာခြင်း) သို့ ပြောင်းနိုင်ရုံမျှမက ငြိမ်းချမ်းစွာအတူယှဉ်တွဲ၍လည်း နေနိုင်ကြလိမ့်မယ် လို့ ကျွန်ုပ်တို့ ခိုင်မြဲစွာ ယုံကြည်ပါတယ်" ဟူ၍ သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရက ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလအတွင်းက ကျင်းပခဲ့သည့် ဘာသာရေးနှင့်ငြိမ်းချမ်းရေးဆိုင်ရာ အစည်းအဝေးကြီးတွင် ဟောကြား တော်မူခဲ့ဖူးသည်။

လက်ရှိ နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်သည့်အထိမ်း အမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းတွင်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့ နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းများစွာနှင့် ဖွဲ့စည်းထားသည့် နိုင်ငံ ဖြစ်၍ လွန်စွာရှုပ်ထွေးသည့်၊ သိမ်မွေ့သည့် ကိစ္စများကို မိမိတို့ကိုင်တွယ်ရ ကြောင်း၊ ရင်ဆိုင်ရကြောင်း၊ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုသည်မှာ မိမိတို့အတွက် အကျိုးရှိနိုင်သည့် အင်မတန်မှ ကျယ်ပြန့်သည့် သယံဇာတ ကြီးတစ်ခုပဲဟု မြင်ပါကြောင်း၊ မတူကွဲပြားမှုများပေါ်မှာ အခြေခံပြီး မိမိတို့ နိုင်ငံ ပိုမို၍တိုးတက်စေရန်၊ ပိုမို၍ဖွံ့ဖြိုးစေရန် မိမိတို့လုပ်ဆောင်နိုင်မည် ဆိုသည်ကိုလည်း အဓိကယုံကြည်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

မတူကွဲပြားမှုကိုပင် အင်အားတစ်ခုအဖြစ်ရယူကာ အားလုံးရပ်တည် နိုင်မည့်နေရာ၊ အားလုံးလျှောက်လှမ်းနိုင်မည့် တံတားတို့ကို ကြိုးပမ်းတည် ဆောက်ရင်း၊ ငြိမ်းချမ်းသည့်နိုင်ငံ၊ ငြိမ်းချမ်းသည့် ကမ္ဘာမြေအဖြစ် ဖန်တီး ဖော်ဆောင်နိုင်ကြပါစေကြောင်း။ ။

## ကျွန်းလှ၌ မိုးရာသီ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ကျွန်းလှ ဧပြီ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့၌ မိုးရာသီရေစီးရေလာကောင်း မွန်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပျဉ်းမမြိုင်ရပ်ကွက်၊ ပိတောက်မြိုင်ရပ်ကွက်၊ အင်ကြင်း မြိုင်ရပ်ကွက်နှင့် သပြေမြိုင်ရပ်ကွက်တို့တွင် နှစ်စဉ်မိုးရာသီ၌ နေအိမ်များ ရေများဝင် ရောက်ကြောင်း၊ ရေမြောင်းများပိတ်ဆို့ပြီး ရေထွက်ပေါက်မရှိခဲ့သဖြင့် ယခုကဲ့သို့ ရေဆင်းရန် မြောင်းတွေဖော်ပေးမှသာ နေအိမ်တွေ ရေဝင်ရောက်မှုကာကွယ်နိုင်မည်ဖြစ် ကြောင်း ရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောကြားသည်။

အဆိုပါ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများတူးဖော်ဆောင်ရွက်ခြင်း ကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်စည်ပင်သာယာ ရေးကော်မတီနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို (ကျွန်းလှ)**





နွေရာသီကာလ သောက်သုံးရေပြတ်လပ်မှု မရှိစေရေးအတွက် ပုဗ္ဗသီရိမြို့နယ် အောင်သီရိကျေးရွာ၌ ဧပြီ ၂၁ ရက် နံနက်က ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန မှ ဦးစီးအရာရှိ ဒေါ်မေနွယ်ကျော်ဇော် နှင့် ဝန်ထမ်းများက သောက်သုံးရေသန့် ဂါလန် ၁၀၀၀ ကို ကျေးရွာနေပြည်သူများထံ ဖြန့်ဝေပေးကြစဉ်

အောင်ကို (ပြန်/ဆက်)

## ပြည်သူ့နီတိ ရေးဖြေပြိုင်ပွဲ ဧပြီ ၂၈ရက်တွင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကြီးမှူးကျင်းပမည့် မြို့တော် ပြည်သူ့နီတိ(မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်) ရေးဖြေပြိုင်ပွဲကို ဧပြီ ၂၈ရက် နံနက် ၉နာရီတွင် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တိုင်းဒေသကြီး၊ ပြည်နယ်များ၌ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာရေးဆွဲရေး ဆွေးနွေးပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၁

**မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Agricultural Development Strategy - ADS) ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် စားနပ်ရိက္ခာဖူလုံရေး မတည်ရန်ပုံငွေအဖွဲ့(LIFT) တို့၏ နည်းပညာ အကူအညီဖြင့် ရေးဆွဲပြုစုလျက်ရှိရာ ယခုအခါ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ပြည်သူလူထုအားချပြပြီး ပြည်သူတို့ သဘောထားများရယူနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများကို နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ် များ၏ ၁၇ နေရာတွင် ၂၀၁၇ ခုနှစ် မေလဒုတိယပတ်မှစ၍ ဇွန်လဒုတိယပတ်အတွင်း ကျင်းပသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာရေးဆွဲရာတွင် အခြေခံအုတ်မြစ်အဖြစ် အစိုးရ၊ ပုဂ္ဂလိကနှင့် တောင်သူများအကြား စဉ်ဆက်မပြတ် ပူးပေါင်းဆက်သွယ်မှုများ တည်ဆောက်၍ စိုက်ပျိုးရေးဖွံ့ဖြိုးရေးဆိုင်ရာ စီမံကြီးကြပ်ကွပ်ကဲခြင်း၊ စိုက်ပျိုးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးထွက်ကုန်များ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားရေးဟူသော မဏ္ဍိုင်(၃)ရပ်၊ လုပ်ငန်းစဉ်(၄၂)ခုနှင့် ဆောင်ရွက်မည့် လုပ်ငန်းရပ်(၂၆၃)ခုပါဝင်မည်ဖြစ်သည်။

ထို့အပြင် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ရေးဆွဲထားသော ဒုတိယကာလကို ငါးနှစ်စီမံချက်ပါ မျှော်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များအပေါ် အခြေခံ၍ ၂၀၁၇-၂၀၁၈ ခုနှစ် မှ ၂၀၂၁-၂၀၂၂ ခုနှစ်အထိ ငါးနှစ်အတွင်း ဦးစားပေးဆောင်ရွက်ရန်လိုအပ်သော လယ်ယာကဏ္ဍဖွံ့ဖြိုးမှုဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြုစုရေးဆွဲခြင်း ဖြစ်သည်။

ယခုကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲများတွင် တောင်သူလယ်သမားများ၊ လူမှုဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဌာနများမှ တိုင်းဒေသကြီး၊ ပြည်နယ် တစ်ခုစီတွင် လူဦးရေ ၁၂၀ မှ ၁၅၀ ခန့်အထိ ပါဝင်ကျင်းပသွားမည် ဖြစ်သည်။

ထိုအလုပ်ရုံဆွေးနွေးပွဲများမတိုင်မီ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနမှ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တာဝန်ခံများနှင့် နေပြည်တော်မှ တာဝန်ရှိသူများ စုစုပေါင်း ၅၀ မှ ၇၀ ခန့်အထိပါဝင်သော အကြိုရှင်းလင်းဆွေးနွေးပွဲ (Orientation Meeting) ကို နေပြည်တော်တွင် ဧပြီလ နောက်ဆုံးပတ်မှစ၍ ငါးရက် ခန့်ကြာမျှ ကျင်းပသွားမည် ဖြစ်သည်။

စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ပြုစုသွားမည်ဖြစ်ပြီး ၂၀၁၇ခုနှစ် ဇူလိုင်လကုန်ခန့်တွင် အပြီးသတ် ရေးဆွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၁-၄-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၆၀/၇၀၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ · ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ · ၆၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ · ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ · ၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ · ၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

## အပြောင်းအလဲဖြစ်အောင် လုပ်နိုင်

**ကျွန်တော်တို့ရဲ့နောင်လာနောက်သားများ သာယာဝပြောတဲ့ အနာဂတ်ရရှိစေဖို့အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရေးဆိုတဲ့ ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အစိုးရ၊ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့၏ အနာဂတ်မျိုးဆက်တွေအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်တဲ့ဘက်ကကူညီကြဖို့ အားလုံးကိုတောင်းဆိုပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုတာကို ပြသပြီး အပြောင်းအလဲဖြစ် အောင် လုပ်နိုင်ပါတယ်။**

(နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဇွန် ၅ ရက်တွင်ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီး

**ကျွန်မတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီးပါတယ်။ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းရေးမရရှိခြင်းမှာ ကျွန်မတို့ပြည်ထောင်စုသားများအားလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို မဖြည့်ဆည်းနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။**

(နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ သြဂုတ် ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



※ ရှေ့ဖုံးမှ

သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီး မစ္စစ် မီလာနီရှူစ်ဗန်ဟောဂန်နှင့် ဒေသ စံတော်ချိန် ညနေ ၄ နာရီတွင် တွေ့ဆုံပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေး ကြသည်။

**တက်ရောက်**

တွေ့ဆုံစဉ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်၊ နယ်သာလန် နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးပေါ်လွင်စိန်နှင့် ဘရပ်ဆဲလ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

**ရှင်းလင်းတင်ပြ**

ယနေ့ နံနက်ပိုင်းကလည်း ဒုတိယ သမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့သည် ယူထရက်ချ်မြို့ ဟတင်ဂါစတိမ်းဒေသရှိ ဆည်၊ တာတမံနှင့် ရေထိန်းတံခါးများ တည်ဆောက်ထားရှိမှုကို သွားရောက် လေ့လာရာ တာဝန်ရှိသူများက မြစ် ကြောင်းတစ်လျှောက် ရေအရင်းအမြစ် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ၊ ဆည် တည်ဆောက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

**သွားရောက်လေ့လာ**

ဆက်လက်ပြီး ၁၉၈၃ ခုနှစ်က စတင် တည်ဆောက်ထားခဲ့သော Princess Beatrix sluis Locks ရေထိန်းတံခါး နှစ်စင်းနှင့် ၂၀၁၆ ခုနှစ် စက်တင်ဘာလ တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဇွန်လတွင် ပြီးစီးမည့် တတိယမြောက် ရေထိန်းတံခါး တည်ဆောက်နေမှုကို သွားရောက်လေ့လာခဲ့ကြသည်။

Princess Beatrix sluis Locks ရေထိန်းတံခါး နှစ်စင်းမှ တစ်နှစ်လျှင် သင်္ဘောအစင်းရေ ၅၀၀၀၀ ဖြတ်သန်း လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ကြည့်ရှုလေ့လာ

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ နယ်သာလန်နိုင်ငံ ယူထရက်ချ်မြို့ ဟတင်ဂါစတိမ်းဒေသရှိ ဆည်၊ တာတမံ နှင့် ရေထိန်းတံခါးများ တည်ဆောက် ထားရှိမှုကို ကြည့်ရှုလေ့လာစဉ်**

(သတင်းစဉ်)



## တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကိုရီးယားသံအမတ်ကြီးအား ဒုတိယဝန်ကြီး တွေ့ဆုံ

**နေပြည်တော် မေ ၂၂**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ဂျောင်းအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်သည် ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



## အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**သီပေါ မေ ၂၂**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့အုတ်ကျင်းရပ် ကုန်းတော်ပရိယတ္တိစာသင်တိုက်ကြီး၏ (၁၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီက ကုန်းတော်ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ကုန်းတော်ကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တပညာသာမိက ဘုရားပင့်ဂါထာတော်ဖြင့် မြတ်စွာဘုရားအား ပင့်ဆောင်ပြီး ရတနာရွှေဂူကျောင်းတိုက်မှ ဆရာတော် ဘဒ္ဒန္တဇောကဓမ္မက ရောင်ခြည်တော်ခြောက်သွယ်ဂါထာဖြင့် ပူဇော်သည်။ ဆက်လက်၍ တပ်ဦးကျောင်းတိုက်၏ ပဓာနနာယကဆရာတော်ထံမှ အနုမောဒနာတရားနှင့် ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ကုန်းတော်ကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနဓဇ ဓမ္မာစရိယ ဘဒ္ဒန္တကုန္ဒဝံသက ပဋ္ဌာန်းဒေသနာတော်ကြီးကို စတင်ရွတ်ဖတ်ပူဇော်သည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲတွင် သံဃာတော် ၂၅ ပါးတို့က မေ ၂၂ ရက်မှ ၂၅ ရက်အထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် သာယာဝတီခရိုင်အတွင်းရှိ ပညာရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ

**မင်းလှ ဧပြီ ၂၁**

မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းသည် ဧပြီ ၂၁ ရက်က သာယာဝတီခရိုင်အတွင်းရှိ ပညာရေးမှူးများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပွဲ ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောင်းလဲလာသည့် ခေတ်စနစ်တွင် ဝန်ထမ်းများအနေဖြင့် စိတ်ဓာတ်ရေးရာကအစ ပြောင်းလဲ ကြရမည်ဖြစ်ကြောင်း၊ ပြောင်းလဲရာတွင် ပညာရေးကဏ္ဍသည် အဓိကကျကြောင်း၊ ပြုပြင်ပြောင်းလဲရေးအတွက် ဘုံရည်မှန်းချက်ထားကာ ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးများက ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ခဲ့သောလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ယင်းနောက် မင်းလှမြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီထံသို့ ဗိုလ်ချုပ်ကြေးရုပ်တုဖြစ်မြောက်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ငွေကျပ်သိန်း ၆၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

## မြန်မာနိုင်ငံ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေရယူရန် လက်မှတ်ရေးထိုး

**နေပြည်တော် ဧပြီ ၂၁**

မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတတ်ရေးစီမံကိန်း (Myanmar Financial Development Project) အတွက် ကမ္ဘာ့ဘဏ်ထံမှ အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် ညီမျှသော SDR ၇၁ ဒသမ ၇၀၀ သန်း ရယူနိုင်ရန် ဧပြီ ၁၁ ရက်က နေပြည်တော်ရှိ Kempiski Hotel ၌ ချေးငွေစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယင်းချေးငွေအား ပြည်ထောင်စုလွှတ်တော်ကအတည်ပြုထားပြီး ချေးငွေဆိုင်ရာ စည်းကမ်းချက်များမှာ ဝန်ဆောင်ခ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်း၊ ဆိုင်းငံ့ကာလ ခြောက်နှစ်နှင့် ပြန်ဆပ်ကာလ ၃၂ နှစ် စုစုပေါင်း ချေးငွေသက်တမ်း ၃၈ နှစ်ဖြစ်ကြောင်း သိရသည်။

ယင်းချေးငွေရယူရန် Financing Agreement ကို ကမ္ဘာ့ဘဏ်ကိုယ်စား Country Director ဖြစ်သူ Mr. Ulrich Zachau နှင့် မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းတို့က လည်းကောင်း၊ ထပ်ဆင့်ချေးငွေစာချုပ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေတို့က လည်းကောင်း၊ Project Agreement ကို ကမ္ဘာ့ဘဏ်ကိုယ်စား Country Director ဖြစ်သူ Mr. Ulrich Zachau နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကိုယ်စား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေတို့က လည်းကောင်း လက်မှတ်ရေးထိုးကြကြောင်း၊ အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံအစိုးရကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ဘဏ်ကိုယ်စား Country Manager ဖြစ်သူ Mr.Abodoulaye Seck ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် ဧပြီ ၂၁** - နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။ (မိုး/ဇလ)

## အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား သုံးလတစ်ကြိမ် လူမှုရေးပင်စင်ထုတ်ပေးမည်

ရန်ကုန် ဧပြီ ၂၁

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အသက် ၉၀ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ပေးမည့် လူမှုရေးပင်စင်များကို သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်က ပြောကြားသည်။**

"အသက် ၉၀နှစ်နဲ့အထက် ဘိုးဘွားတွေကို လူမှုရေးပင်စင်အဖြစ် တစ်လကို ကျပ် ၁၀၀၀၀ နှုန်းနဲ့ ဧပြီလမှစပြီး သုံးလတစ်ကြိမ် ထောက်ပံ့ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီလိုထောက်ပံ့ပေးနိုင်အောင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က သက်ကြီးရွယ်အိုဆိုင်ရာ ဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီဥပဒေရဲ့ ပုဒ်မ ၂၅ အရ နိုင်ငံတော်က သက်ကြီးဘိုးဘွားတွေကို ထောက်ပံ့ပေးအပ်တာဖြစ်ပါတယ်။ ဘိုးဘွားတွေကို ဧပြီလကစပြီး သုံးလတစ်ကြိမ် ထောက်ပံ့ပေးမှာဖြစ်တဲ့အတွက် ဇွန်လကုန်မှာ ထောက်ပံ့ပေးအပ်သွားမှာ ဖြစ်ပါတယ်"ဟု ဦးမျိုးဆက်အောင်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်း ကောက်ယူထားသော စာရင်းအရ အသက် ၉၀ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၄၂၀၂ ဦးရှိကြောင်း၊ ဘိုးဘွားများအနေဖြင့် လစဉ် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလအတွက် ငွေကျပ် ၃၀၀၀၀ ရရှိမည်ဖြစ်ကြောင်း၊ ယင်းလူမှုရေးပင်စင်မှာ ပမာဏအားဖြင့် များပြားခြင်းမရှိသော်လည်း အဘိုးအဘွားများအတွက် လှူရေးတန်းရေးတွင် အထောက်အပံ့ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ ယင်းမှာ တစ်ကြိမ်တစ်ခါမျှ မရှိဖူးသေးသည့် နိုင်ငံတော်၏ စေတနာပင်ဖြစ်ကြောင်း ဦးမျိုးဆက်အောင်က ဆက်လက်ရှင်းပြသည်။

အဆိုပါ ဘိုးဘွားများအား လူမှုရေးပင်စင်များကို ထောက်ပံ့ပေးအပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သော်လည်း နောက်ပိုင်းတွင် ဘဏ်များ၊ ငွေလွှဲများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၁ ရက်တွင် အသက် ၉၀ နှစ်ရှိသည့် သက်ကြီးဘိုးဘွားများအနေဖြင့် လူမှုရေးပင်စင်များကို သန်းခေါင်စာရင်း၊ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်ထောက်ခံချက်တို့ဖြင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးထံသို့ လိပ်မူ၍ လျှောက်ထားရမည်ဖြစ်ကြောင်း၊ ဖုန်းနံပါတ်များဖြစ်သည့် ၀၁-၅၅၂၉၂၇၊ ၀၁-၅၅၂၉၅၇ နှင့် ၀၉-၅၀၁၁၄၄၀ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။



ဦးမျိုးဆက်အောင် (ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန)

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

**ရန်ကုန်မြို့သဃ်န်းကျွန်းမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရဲစခန်းအမှတ် (၂၀) သုဝဏ္ဏနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၂၀ ရက်က မိမိတို့ နယ်မြေအပိုင်ရှိ ရပ်ကွက်များ၌ တရားဥပဒေစိုးမိုးရေး၊ ဒုစရိုက်မှုများ လျော့နည်းကျဆင်းပပျောက်ရေးနှင့် မှုခင်းများမဖြစ်ပွားစေရေးတို့အတွက် လှည့်ကင်း၊ ပတ်ကင်းတို့ဖြင့် လုံခြုံရေး ဆောင်ရွက်နေမှုကို တွေ့ရစဉ်**

တင်ကြည်(သဃ်န်းကျွန်း)



## မြန်မာ့မီးရထားက ဝယ်ယူထားသော စက်ခေါင်းသစ်များ မေ ၁ ရက်တွင် ရောက်မည်

**ရန်ကုန် ဧပြီ ၂၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ခရီးသွားပြည်သူများ အဆင်ပြေရန် အိန္ဒိယနိုင်ငံမှ ခေတ်မီစက်ခေါင်းသစ်များကို ဝယ်ယူထားပြီးဖြစ်၍ မြန်မာနိုင်ငံ ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ လာမည့် မေ ၁ ရက်တွင် ရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

"ကျွန်တော်တို့ မြန်မာ့မီးရထားအနေနဲ့ ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့ အတတ်နိုင်ဆုံးဘက်ပေါင်းစုံကနေ ဖြည့်ဆည်း လုပ်ဆောင်ပေးနေပါတယ်။ အခု အစိုးရသစ်လက်ထက်မှာလည်း ပထမဆုံးအနေနဲ့ စက်ခေါင်းအသစ်တွေကို အိန္ဒိယနိုင်ငံကနေ ဝယ်ယူထားပြီးပါပြီ။ အခုလာမယ့် မေ ၁ ရက်ဆိုရင် အဲဒီဝယ်ယူထားတဲ့ စက်ခေါင်းသစ်တွေ ရောက်ရှိလာမှာပါ။ ရောက်ရှိလာတဲ့ စက်ခေါင်းသစ်တွေကို လိုအပ်နေတဲ့စက်ခေါင်းနေရာတွေမှာ ဖြည့်တင်းအစားထိုးပြေးဆွဲသွားမှာပါ။ အခုပြေးဆွဲနေတဲ့ စက်ခေါင်းဟောင်းနေရာတွေမှာ ဒီစက်ခေါင်းသစ်တွေ အစားထိုးလိုက်ရင် ခရီးသည်တွေ သွားလာမှု ဒီထက်ပိုပြီးအဆင်ပြေသွားမှာပါ" ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇) သွားလာပို့ဆောင်ရေးဌာနခွဲမှ ဦးဇော်လွင် (တိုင်းမန်နေဂျာ)က ပြောသည်။



**အိန္ဒိယနိုင်ငံထုတ် မီးရထားစက်ခေါင်းများကို တွေ့ရစဉ်** ဓာတ်ပုံ- မင်းထက်

မြန်မာ့မီးရထားအနေဖြင့် ယခု အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသော စက်ခေါင်းသစ်မှာ ငါးခေါင်းဖြစ်ပြီး အဆိုပါစက်ခေါင်းသစ်များ တင်ဆောင်လာသောသင်္ဘောသည် ယခု လာမည့် မေ ၁ ရက်တွင် ရန်ကုန်မြို့သီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်လာမည်ဖြစ်သည်။ ယင်းစက်ခေါင်းသစ်များကို ခရီးသွားပြည်သူများ လိုက်ပါစီးနင်းမှု ပိုမိုများပြားသည့် ခရီးလမ်းကြောင်းရှိ နှစ်ရှည်ကြာသုံးစွဲခဲ့သော ဝန်ပိနေသည့် စက်ခေါင်းနေရာများတွင် အစားထိုးပြေးဆွဲသွားမည်ဖြစ်သည်။

မြန်မာ့မီးရထားသည် ယခုလက်ရှိ ပြေးဆွဲပေးနေသော စက်ခေါင်းအများစုမှာ ဂျပန်၊ အိန္ဒိယနှင့် တရုတ်စက်ခေါင်းများဖြစ်ပြီး ယခင် ဂျာမန်နှင့် ပြင်သစ်စက်ခေါင်းများကိုလည်း ဝယ်ယူသုံးစွဲခဲ့သည်။ ယခုအသစ်ဝယ်ယူသည့် အိန္ဒိယစက်ခေါင်းများသည် ယခင်ဝယ်ယူခဲ့သော တစ်ပတ်ရစ် စက်ခေါင်းများကဲ့သို့မဟုတ်ဘဲ များမကြာမီကမှ ထုတ်လုပ်ထားသော ဆွဲအားကောင်း စက်ခေါင်းသစ်များကို ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ယခုမှ ဝယ်ယူထားသော စက်ခေါင်းသစ်များသည် တရုတ်စက်ခေါင်းသစ်များနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းအားဖြင့် ၁၀ ဆနီးပါး ကွာခြားပြီး တရုတ်စက်ခေါင်းတစ်လုံးဝယ်ယူလျှင် အိန္ဒိယစက်ခေါင်း ၁၀ လုံးလောက် ဝယ်ယူနိုင်သည်အထိ ဈေးကွာခြားမှုရှိနေသည်။ ယခု အိန္ဒိယစက်ခေါင်းများကဲ့သို့ တရုတ်တွဲဆိုင်းသစ်များလည်း မြန်မာနိုင်ငံသို့ မကြာမီကာလတွင် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# သင်္ကြန်အပြီး ဆန်ချောစျေးတက်သော်လည်း အကြမ်းစျေးအကျဘက်ဦးတည်



ရန်ကုန် ဧပြီ ၂၁

**သင်္ကြန်ကာလအပြီး နွေစပါးပေါ်ချိန်ဖြစ်သော်လည်း ဆန်ချောစျေး အနည်းငယ်အတက်ဘက်သို့ ဦးတည်နေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။**

"ဆန်စျေးက အချောစျေးတက်တယ်။ အကြမ်းစျေးကျတယ်။ အချောစျေးက ပေါ်ဆန်းနဲ့ ငကြွေတစ်အိတ်ကို ငွေကျပ် တစ်ထောင်လောက် တက်တယ်။ အကြမ်းစျေးက တစ်အိတ်ကို ငွေကျပ် ငါးရာ၊ တစ်ထောင်လောက် စျေးကျတယ်။ ဆန်ကြမ်းစျေးကျရတဲ့ အကြောင်းရင်းကတော့ ဒီအချိန်က နွေစပါး (ဆန်ကြမ်း)ဝင်တဲ့အချိန် ဖြစ်ပါတယ်။ စပါးစက်တွေကလည်း ဆန်ကြမ်းတွေပဲ ကြိတ်တာများပါတယ်။ အချောက တစ်နှစ်ကို တစ်ကြိမ်ပဲ စိုက်တာဖြစ်လို့ ဒီအချိန်မှာ စျေးအနည်းငယ်တက်လေ့ရှိပါတယ်" ဟု ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

မြန်မာနိုင်ငံ ဆန်းစပါးကုန်သည်များအသင်း စာရင်းများအရ ရွှေဘိုပေါ်ဆန်းတစ်အိတ် အနိမ့်ဆုံး ငွေကျပ် ၃၆၀၀၀ မှ အမြင့်ဆုံး ငွေကျပ် ၃၇၅၀၀ စျေးရှိကြောင်း၊ ဖျာပုံပေါ်ဆန်းစျေးမှာ တစ်အိတ်အနိမ့်ဆုံး ငွေကျပ် ၂၉၀၀၀ မှ အမြင့်ဆုံး ငွေကျပ် ၃၁၀၀၀ စျေးရှိကြောင်း သိရသည်။

ထိုအတောအတွင်း ဆန်ကြမ်းစျေး မြီးတုံး(အသစ်)စျေးမှာ တစ်အိတ် အနိမ့်ဆုံး ငွေကျပ် ၂၀၀၀၀ မှ အမြင့်ဆုံး ငွေကျပ် ၂၂၀၀၀ စျေးရှိကြောင်း သိရသည်။

ရန်ကုန်မြို့ကို တစ်ရက်ဆန်အိတ်ပေါင်း ငါးသောင်းဝင်ရောက်လျက်ရှိကြောင်း၊ ဆန်ချောအနည်းငယ်သာ ရန်ကုန်မြို့မှတစ်ဆင့် အခြားမြို့များသို့ ရောင်းချမှုရှိကြောင်း သိရသည်။

ပြည်ပတင်ပို့မှုအနေဖြင့် ပြီးခဲ့သည့်နှစ်က ဆန်တန်ချိန် ၁ ဒသမ ၅ သန်း တင်ပို့ခဲ့ကြောင်း၊ လတ်တလော ကမ္ဘာ့ဆန်စျေးကွက်အေးနေပြီး တရုတ်ပြည်ဘက်မှ ဆန်ကြမ်းဝယ်ယူမှုနည်းပါးနေကြောင်း၊ သို့သော်လည်း တန်ချိန် ကိုးသိန်းမှ တစ်သန်းတင်ပို့ရန် လျာထားကြောင်း၊ အာဖရိကသို့ တန်ချိန် လေးသိန်းမှ ခြောက်သိန်းကြားတင်ပို့ရန် လျာထားကြောင်း ဦးအောင်သန်းဦးက ပြောသည်။

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

# သင်္ကြန်မတိုင်ခင်စျေးထက် ကုလားပဲတစ်တင်း ၂၀၀၀ တက်သွားသော်လည်း မုံရွာကုန်စည်ဒိုင်တွင် ရောင်းလိုအားထက် ဝယ်လိုအားပိုနေ



**မုံရွာ ဧပြီ ၂၁**

သင်္ကြန်ပြီးကာလ မုံရွာကုန်စည်ဒိုင် ပြန်ဖွင့်ချိန်တွင် ရောင်းလိုအားထက် ဝယ်လိုအားပိုနေသော ကုလားပဲသည် သင်္ကြန်မတိုင်ခင် စျေးထက်တစ်တင်း ငွေကျပ်နှစ်ထောင် စျေးတက်သွားကြောင်း မုံရွာ ပဲအိတ်စပို့စျေးကွက်တင်နေသူ ဦးမျိုးမင်းထံမှ သိရသည်။

"သင်္ကြန်မတိုင်ခင်ကရော သင်္ကြန်ပြီးနောက်ပိုင်းမှာပါ ကုလားပဲကို ရန်ကုန်အိတ်စပို့စျေးကွက်ကနေ တောက်လျှောက် ဝယ်လိုအားများနေပါတယ်။ စျေးတက်လည်း စျေးကွက်ကသွက်ပြီး အရောင်းအဝယ်က လိုက်နေတော့ ကုလားပဲက အဝင်ရှိသလောက် ထွက်နေတဲ့အခြေအနေပါ။ သင်္ကြန်မတိုင်ခင်က ကုလားပဲဖြူလုံးကြီးဖြစ်တဲ့ V2 တစ်တင်းကို ငွေကျပ် ၄၄၀၀၀ ကနေ သင်္ကြန်အပြီးမှာ ငွေကျပ် ၄၆၀၀၀ အထိ တက်သွားပါတယ်။ V2ကုလားပဲကို မုံရွာရဲ့လေးပြင်လေးရပ်ဖြစ်တဲ့ ချောင်းဦးအရာတော်ဘုတလင်၊ မုံရွာမြို့နယ်အပြင် ချင်းတွင်းမြစ်အနောက်ဘက် ဆားလင်းကြီး၊ ယင်းမာပင်မြို့နယ်တွေကလည်း ထွက်ပြီး စျေးကွက်ကို ပို့ကြပါတယ်။ ရန်ကုန်ပဲလောက အိတ်စပို့တွေဆီက သိရတာတော့ ကုလားပဲကို အရင်ကမဝယ်ပေမယ့် အခုနောက်ပိုင်းမှာ ဒူဘိုင်းနဲ့ တူရကီက အိန္ဒိယထက် စျေးပိုပေးတဲ့အတွက် ထွက်သမျှကုလားပဲကို ရောက်ရင်ရောက်သလောက် စျေးတက်လည်း ပို့ပေးနေရတဲ့ အခြေအနေပါ" ဟု ဦးမျိုးမင်းက ကုလားပဲစျေးကွက်အခြေအနေကို ရှင်းပြသည်။

လက်ရှိ ဧပြီ ၂၁ ရက်က ကုလားပဲ အမျိုးအစားသုံးမျိုးဖြစ်သည့် (၉၂၉) ကုလားပဲနီ၊ V2 ကုလားပဲဖြူလုံးကြီးနှင့် အလုံးပိုကြီးသည့် V3 သုံးမျိုးပေါင်း တစ်ရက်လျှင် မုံရွာကုန်စည်ဒိုင်မှ တန် ၁၅၀ အိတ် စုစုပေါင်းအနေဖြင့် တစ်တင်းအိတ် ၃၀၀၀ ခန့် ရန်ကုန်သို့ ပို့ဆောင်နေရကြောင်း သိရသည်။ ယခင်က ပဲရောင်းခဲ့သော နိုင်ငံဖြစ်သည့် တူရကီနိုင်ငံနှင့် ဒူဘိုင်းနိုင်ငံများက အထူးဝယ်လိုအားများနေသောကြောင့် မုံရွာကုန်စည်ဒိုင်မှ ထွက်သမျှ ကုလားပဲများကို အိန္ဒိယနှင့် အပြိုင် စျေးပေးဝယ်ယူနေခြင်းဖြစ်ကြောင်း သိရသည်။

မုံရွာဒေသဝန်းကျင်များတွင် ယခုနှစ်ကုလားပဲ အထွက်နည်းသည့်အတွက် စျေးကွက်သို့ အရောင်းအနေဖြင့် ဝင်လာမှုနည်းနေခြင်းနှင့်အတူ ရန်ကုန်အိတ်စပို့စျေးကွက်လောကမှလည်း ရသလောက် ဝယ်ယူနေခြင်းဖြစ်သည်။ အိတ်စပို့ကုန်အဖြစ် V2 ကုလားပဲဖြူလုံးကြီးနှင့် V3 ကို ရန်ကုန်မှအဝယ်များပြီး (၉၂၉) ကုလားပဲနီကို နယ်သုံးအဖြစ် မုံရွာနယ်ကြာဆံစက်၊ ပဲခွဲစက်များနှင့် မန္တလေးစက်များက အဝယ်များကြောင်း သိရသည်။

ကုလားပဲမှာ အဝယ်များခြင်းနှင့်အတူ စျေးတင်နေသော်လည်း ပြီးခဲ့သည့်နှစ်က စျေးကောင်း၍ ယခုနှစ်တွင် နယ်စုံတွင် အစိုက်များခဲ့သော မတ်ပဲသည် သင်္ကြန်မတိုင်ခင်က တစ်တင်းလျှင် ငွေကျပ် ၃၄၅၀၀ ဖြစ်နေရာမှ သင်္ကြန်အပြီးတွင် ငွေကျပ် ၃၃၅၀၀ သို့ စျေးကျဆင်းသွားကြောင်း သိရသည်။ မုံရွာကုန်စည်ဒိုင်သို့ မြောင်မြို့နယ် ကျွန်းပေါ်ဒေသများက မတ်ပဲအများဆုံး ဝင်ပြီး ရန်ကုန်မှတစ်ဆင့် အိန္ဒိယသို့သာ အားထားပို့နေရပြီး လက်ရှိသင်္ကြန်အပြီး ဧပြီ ၂၁ ရက်က မတ်ပဲအိတ် တစ်ထောင်ခန့် ရန်ကုန်သို့ ပို့ရကြောင်း သိရသည်။

ထို့အတူ ရန်ကုန်စျေးကွက်သို့ တစ်ရက်လျှင် အိတ် ၁၅၀၀ ခန့် ပို့နေရသော ပဲစင်းငုံကိုလည်း သင်္ကြန်မတိုင်ခင် တစ်တင်းလျှင် ငွေကျပ် ၂၃၀၀၀ ဝန်းကျင်မှ သင်္ကြန်အပြီးတွင် ငွေကျပ် ၂၂၀၀၀ သို့ အကျစျေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ပဲစျေးကွက် အလှူပ်အရှားများ သင်္ကြန်အပြီးတွင် ဖြစ်နေသော်လည်း အိတ်စပို့တင်သည့် ရန်ကုန်ကုန်တင်ကားခမှာ သင်္ကြန်မတိုင်ခင်က တစ်ပိဿာလျှင် တန်ဆာခ ငွေကျပ် ၄၀ သာ ရှိခဲ့သလို သင်္ကြန်အပြီးတွင်လည်း အဆိုပါစျေးအတိုင်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သနပ်ပင်မြို့နယ်၌ နွေစပါးမျိုးစေ့ထုတ် စိုက်ကွက်ရိတ်သိမ်း

**သနပ်ပင် ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် နွေစပါးမျိုးစေ့စိုက်ကွက်ရိတ်သိမ်းခြင်းကို စျေးပိုင်းအုပ်စု ကွင်းအမှတ်(၈၅၈)တောင်သူဦးစိုးလွင်၏ စပါးစိုက်ခင်းတွင် ဧပြီ၂၁ရက် ညနေ ၅ နာရီက ရိတ်သိမ်းခဲ့ရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စောညိုဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် မျိုးသန့်မျိုးပွားမျိုးစေ့ ဆင်းသုခမျိုးဖြင့် စိုက်ပျိုးရာ တစ်ဧက ၉၉ ဒသမ ၂၀ တင်းနှုန်း ထွက်ရှိခဲ့ပြီး စျေးကွက်စီးပွားရေးစနစ်အရ မျိုးကောင်း မျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရန် လိုအပ်ကြောင်းနှင့် တောင်သူတစ်ပိုင်တစ်နိုင် မျိုးသန့်မျိုးစေ့များ ထုတ်လုပ်ရန် လိုအပ်ကြောင်း မြို့နယ်ဦးစီးအရာရှိ ဒေါ်ကြူကြူမြင့်က ရှင်းလင်းပြောကြားသည်။

**လှမိုး(ပြန်/ဆက်)**



# မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဧပြီ ၂၁**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၇၄ ဒသမ ၈၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၀ ဒသမ ၉၉ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၆၅ ဒသမ ၇၉ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၈၃ ဒသမ ၉၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၅ ဒသမ ၈၀ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈၈၉ ဒသမ ၇၄ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ဖေဖော်ဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၈၅၅ ဒသမ ၅၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၉၂၃ ဒသမ ၉၅ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃၄၇ ဒသမ ၉၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၄၁၇၉ ဒသမ ၈၈ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅၂၇ ဒသမ ၈၃ သန်းတင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၇၁၃ ဒသမ ၅၈ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၄၂ ဒသမ ၁၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၅၂၅၅ ဒသမ ၇၁ သန်းဖြစ်သဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၂၅၇၈၃ ဒသမ ၅၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၄၇၂၇ ဒသမ ၈၈ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။

**(သတင်းစဉ်)**

# စက်လှေတိမ်းမှောက်၍ သေဆုံးခဲ့သော မိသားစုဝင်များအား ကူညီထောက်ပံ့

**အမ်း ဧပြီ ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် ဦးဆောင်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သည့် အဖွဲ့သည် အမ်းမြို့နယ် ကဏန်းပြင်ကျေးရွာအုပ်စု ကံဘွေကျေးရွာသို့ ဧပြီ ၂၁ ရက် နံနက် ၁၀ နာရီက ရောက်ရှိရာ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် မေလွန်းကျေးရွာအုပ်စု တောင်ပုတ်ကေကျေးရွာအနီး မင်းကြောင်းမြစ်အတွင်း ဧပြီ ၁၃ ရက် နံနက် ၄ နာရီ မိနစ် ၅၀ တွင် စက်လှေတိမ်းမှောက်ရာ၌ ပါဝင်သေဆုံးသွားခဲ့သော မိသားစုဝင်များအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ပြီး သေဆုံးသူ ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီအား ကူညီထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# ပြည်သူထဲက လူငယ်များ

**အေးချမ်း**

"ကျောင်းတက်ပြီ...ကျောင်းတက်ပြီ"

ငယ်ငယ်က ရွာဦးကျောင်းဆရာတော်ဦးဇောတိကရဲ့ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းသားဘဝ စာသင်ခဲ့ရတာ သတိရလို့ပါ။ အသက်လေးနှစ်လောက်မှာ ဘုန်းကြီးကျောင်းသားဖြစ်ပြီး နေ့လယ်စာမသင်ခင် မနက်ပိုင်းဆွမ်းခံထွက်၊ ဆွမ်းချိုင့်သိမ်း၊ သပိတ်ဆေး၊ ဆွမ်းကပ်စတဲ့ ဝေယျာဝစ္စတွေလုပ်ခဲ့တာ။ နေ့လယ်ပိုင်းကျတော့ ဆရာတော်က စာသင်ပေးတယ်။ ကျောင်းတက်ဖို့ ခုလို ခေါင်းလောင်းမတီးဘူး။ အလှည့်ကျကျောင်းသားက ပါးစပ်နဲ့အော်ခေါ်ရတာ။

အဲဒီတုန်းက ဆရာတော်က သိပ်စည်းကမ်းကြီးတယ်။ စာတတ်အောင်နဲ့ လိမ္မာရေးခြားရှိအောင်လည်း မျက်စိဒေါက်ထောက်ကြည့်ပြီး သင်ပေးတယ်။ ကွယ်ရာမှာ အချင်းချင်းပြောကြတယ်။ ဟော့ကောင်တွေ ဗိုလ်ဇောက တွယ်လိမ့်မယ်ပေ့ါ။ မြန်မာစာနဲ့ ဂဏန်းသင်္ချာ အခြေခံသင်ပေးပါတယ်။ ကျောက်သင်ပုန်းနဲ့ ကျောက်တံခေတ်လေ။ ရေးပြီးသား ကျောက်သင်ပုန်းကို တံတွေးဆွတ်ဖျက်တဲ့အခါလည်း ဖျက်ပေ့ါ။ နောက်တော့ ကင်းပုံရွက်တို့ ကွမ်းရွက်တို့နဲ့ ကျောက်သင်ပုန်းကိုဖျက်တာပေ့ါ။ စာသင်ချိန်ကျတော့ ကျောင်းဝေယျာဝစ္စလုပ်တဲ့ ကျောင်းသားတွေတင်မကဘူး၊ ရပ်ကွက်ထဲက မိဘတွေက အပ်ထားတဲ့ကလေးတွေပါ ပါတတ်ကြတယ်။ မိန်းကလေးတွေလည်း ပါပါတယ်။ ခုခေတ်မူကြိုလိုပေ့ါ။

မှတ်မိသေးတယ်။ ဘာသာရေးအခြေခံ ယဉ်ကျေးလိမ္မာရှိအောင် သင်ပေးတာက ၃၈ ဖြာမင်္ဂလာတရားတော်ကို သင်ပေးတယ်။ အဲဒီတုန်းက လက်ကိုင်စာအုပ်ကတော့ သမ္မတဆယ်စောင်တွဲလေ၊ ယံမင်္ဂလံဒွါဒသဟိကစပြီး အော်ကျက်ခဲ့ရတာ၊ ကျောင်းစတက်တက်ချင်း၊ စာမသင်မီက ဘုရားရှိခိုးကြရတယ်။ ဘုန်းကြီးကျောင်းသားနှစ်ဆယ်၊ သုံးဆယ်လောက်ရှိတယ်။ တန်းကျောင်းတက်နေပြီဖြစ်တဲ့ ဘုန်းကြီးကျောင်းသားကြီးတွေက ဦးဆောင်လမ်းပြပေ့ါ။ သူတို့က အနီးအနားရွာတွေကနေ ဘုန်းကြီးကျောင်းမှာ လာနေပြီး တန်းကျောင်းတက်ကြတာ။

ငယ်စဉ်ဘုန်းကြီးကျောင်းသားဘဝ တစ်နှစ်လောက်မှာ ဆရာတော်ရဲ့ကျေးဇူးကြောင့် စာရေးတတ်တယ်။ ဘာသာရေးအခြေခံတွေ နားလည်ခဲ့တယ်။ အကျင့်စာရိတ္တကောင်းမွန်စေမယ့် အလေ့အကျင့်တွေရခဲ့တယ်။ လက်ရေးလက်သားကောင်းပြီး သတ်ပုံသတ်ညွှန်းဂရုစိုက်တဲ့ အကျင့်ရခဲ့တယ်။ ဒီအခြေခံကျောင်းတွေကြောင့် တန်းကျောင်းရောက်တော့ ပထမတန်းကို စတက်ခွင့်ရတယ်။ သူငယ်တန်းကို ကျောင်းပြီးလက်ခံပေးတယ်။ တစ်ကယ်လည်း ရေးတတ်ဖတ်တတ် တွက်တတ်ချက်တတ် ဖြစ်နေပြီလေ။

ရွာမှာက အလယ်တန်းကျောင်းရှိတယ်။ အလယ်တန်းဆိုပေမယ့် ကျွန်တော်တို့တုန်းက ခုနစ်တန်းထိပဲရှိတယ်။ ရွာက ပခုက္ကူမြို့နယ်ထဲမှာပါပေမယ့် ချောက်တို့ ဆိပ်ဖြူတို့နဲ့ ပိုနီးတယ်၊ ချောက်မြို့နဲ့က ရေဝတီမြစ်ဟိုဘက်ဒီဘက်၊ ဆိပ်ဖြူမြို့နဲ့ကျတော့ ယောချောင်းပဲခြားတယ်။ ရွာကရေနံမြေဆိုတော့ အရင်ဘီအိုစီလက်ထက်က စီမံခန့်ခွဲမှု လက်ကျန်ကောင်းလေးတွေခံစားရတယ်။

အထက်တန်းကျောင်းရောက်တော့ ချောက် အ.ထ.က (၂)ကို နေ့စဉ်မြစ်ကူးပြီး တက်ရတယ်။ အ.ထ.က(၂) ဆိုတာ အရင်ကတော့ ဘီအိုစီကျောင်းလို့ခေါ်တယ်။ နှစ်ချိန်တက်ကျောင်း၊ ကျွန်တော်တို့က မနက်ပိုင်းတက်ရတယ်။ နေ့စဉ်ကျောင်းတက်ဖို့ရေနံက ကားနဲ့မော်တော်အပို့အကြို လုပ်ပေးတယ်။ သူ့ရေနံဝန်ထမ်း သားသမီးတွေကို ကြည့်ရှုစောင့်ရှောက်တာ တာဝန်ကျေတယ်။ ကျန်းမာရေးကို ရေနံမြေထဲမှာ ဆေးခန်းထားပေးတယ်။ အပတ်စဉ်ချောက်ရေနံဆေးရုံကို လိုအပ်တဲ့လူနာတွေကို ပို့ပေးပြီး ကုသပေးတယ်။ အပတ်စဉ်ချောက်ကို ဈေးကားနဲ့ ဈေးမော်တော်စီစဉ်ပေးတယ်။ ယုတ်စွအဆုံး ချောက်မှာလုပ်တဲ့ဘုရားပွဲ၊ သကြံန်၊ သခင်ဘိုးလှကြီးဒိုင်းဘောလုံးပွဲစတာတွေအထိ သွားရောက်ကြည့်ရှုလည်ပတ်ဖို့ကား၊ မော်တော်စီစဉ်ပေးတယ်။ ခေတ်ဟောင်းရဲ့ကောင်းမွန်တဲ့ စီမံခန့်ခွဲမှု၊ အကြွင်းအကျန်လေးတွေ ခံစားခဲ့ရတယ်။

သဘောကျစရာကောင်းတာ တစ်ခုရှိသေးတယ်။ ရေနံမြေတွေမှာ လုပ်သားပြည်သူတွေ ဗဟုသုတရအောင် လုပ်ပေးပုံလေးတစ်ခုက ရေဒီယိုဂရမ်ကြီးနဲ့ မြန်မာ့အသံရေဒီယိုကို အော်လန်ကြီးနဲ့ ဖွင့်ပေးတယ်။ လော်စပီကာကြီးနဲ့ပေ့ါ။ ကလေးတွေ စာမေးပွဲရက်အချိန်ကာလကလွဲလို့ အစအဆုံး မနက်၊ နေ့လယ်၊ ညနေလွှင့်ပေးတယ်။ ဗဟုသုတ၊ သတင်းအချက်အလက်၊ ဖျော်ဖြေမှုအစီအစဉ်အာလုံး နားမထောင်ချင်လည်း နားထောင်မိတယ်။ မသိချင်လည်း သိရတယ်။ ဇာတ်လမ်းပမာ နားဆင်စရာ၊ ဇာတ်ပြော၊ ကွက်စိပ်၊ ရေဒီယိုအသံလွှင့်ဇာတ်လမ်းစတာတွေကအစ တိုင်းနဲ့ပြည်နယ် ဘောလုံးပွဲတွေကို နားထောင်ခဲ့ရတာ သတိရတယ်။ ရေခပ်ရင်းလည်း နားထဲဝင်၊ ရေချိုးရင်းလည်း ခေါင်းထဲရောက်၊ အလုပ်လုပ်ရင်း ဗဟုသုတရ၊ အလွန်ကောင်းတဲ့ အစီအစဉ်တစ်ခုကို သတိရမိတယ်။ ခုတော့ မရှိတော့ပါဘူး။

အလယ်တန်းကျောင်းသားလောက်ကျတော့ ရွာက လူကြီးတွေက စာကြည့်တိုက်တွေဖွင့်ဖို့လုပ်ကြတယ်။ တစ်ရွာလုံးညီလုပ်တာ၊ ရပ်ကွက်လေးခုရှိတယ်။ ရပ်ကွက်တိုင်းမှာ စာကြည့်တိုက်တစ်ခုစီ ဖွင့်ကြတယ်။ ဖွင့်ပြီးပိတ်ပစ်တာမျိုးမဟုတ်ဘူး။ တော်တော်အောင်မြင်ခဲ့တယ်။ ကျွန်တော်တို့ ရေနံတန်းလျားရပ်ကွက်က ပညာပြည့်ဝနှလုံးလှ စာကြည့်တိုက်မှာ ကျွန်တော်က အမြဲတမ်းစာကြည့်တိုက်မှူးပါ။ ခုနစ်တန်းရှစ်တန်းကျောင်းသားကတည်းက စခဲ့တာ၊ တက္ကသိုလ်ပြီးတဲ့အထိ အဲဒီစာကြည့်တိုက်ရှိခဲ့တယ်။ ဘွဲ့ရပြီးတော့ ရွာကအလုပ်တာဝန်နဲ့ဆိုတော့ ရွာနဲ့ဝေးခဲ့တယ်။

အဲဒီတုန်းက ရပ်ကွက်တိုင်းက စာကြည့်တိုက်ကလေးတွေ နေ့တိုင်း ညနေဆိုဖွင့်၊ ရုံးပိတ်ရက်တွေဆို မနက်က စဖွင့်ကြတယ်။ စာကြည့်တိုက်မှူးလုပ်တဲ့သူတွေကလည်း ကျွန်တော်တို့လို အလယ်တန်းအထက်တန်း ကျောင်းသား ကျောင်းသူတွေပဲ၊ ဘာအလုပ်ရှိတာမှတ်လို့၊ အိမ်က ရေခပ်ထင်းခွေ လိုအပ်တာကူပြီးရင် အားနေတာ၊ စာကြည့်တိုက်မှာပဲ ကျောင်းစာလုပ်တယ်လေ။ နောက်ဆုံး စာကြည့်တိုက်မှာပဲ အိပ်တာပေ့ါ။ အိမ်မှာက လျှပ်စစ်မီးမရဘူး။ အဲဒီတုန်းက ရေနံဆီမီးခွက်တို့ မှန်အိမ်တို့ခေတ်ပေ့ါ။ စာကြည့်တိုက်မှာက လျှပ်စစ်မီးနဲ့။

အဲဒီကတည်းက ကျွန်တော်တို့စာကြည့်တိုက်ကလေးတွေဟာ ခုပြောပြောနေတဲ့ ပြည်သူ့ဗဟိုပြုနေရာလေးတွေ ဖြစ်မှန်းမသိဖြစ်ခဲ့တာ၊ ရပ်ရေးရွာရေး၊ သာရေးနာရေးကိစ္စတွေ ဆွေးနွေးတိုင်ပင်ကြတယ်။ နွေရာသီမီးကင်းစောင့်ရင် စာကြည့်တိုက်က ကင်းတဲပေ့ါ၊ စာနားမလည်တဲ့ ကျောင်းသားငယ်တွေကို နားမလည်တာရှိရင်လာခဲ့၊ စာကြည့်တိုက်မှာပဲရှိတဲ့ ကျောင်းသားကြီးတွေက ရှင်းပြတယ်၊ ရပ်ကွက်ကလုပ်တဲ့ အလှူအတန်းရှိရင် ဒီမှာပဲ ချက်ပြုတ်ကြ၊ စကားရည်လုပွဲ၊ ကျပန်းစကားပြောပွဲတွေနဲ့ စာပေဟောပြောပွဲတွေနဲ့ပေ့ါ။ ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်အောင်မြင်မြင်လေးတွေပါပဲ။ ခုတော့ အဲဒီစာကြည့်တိုက်ကလေးတွေ ပိတ်ခဲ့ကြတာကြာပြီကော။ စာကြည့်တိုက်တွေ ပိတ်တာထက် အကျင့်စရိုက်ကောင်းတွေ ပျက်သွားတာ ပိုဝမ်းနည်းပါတယ်။

> **စာမဖတ်တဲ့ကလေး၊ ဗဟုသုတမရှာတဲ့လူငယ်၊ လေ့လာမှုမရှိတဲ့ကျောင်းသား ဘယ်မှာရင့်ကျက်နိုင်မှာလဲ၊ ကိုယ်တိုင်မဟုတ်ပေမယ့် စာပေကပေးတဲ့အသိနဲ့ ဘဝကိုတိုးတက်အောင် ဘယ်လိုလုပ်နိုင်မှာလဲ၊ ဒါကြောင့် လူ့ဘဝအခြေခံ ကျောင်းသားဘဝတွေမှာ စာပေလေ့လာဖတ်ရှုနိုင်ရေး ကျောင်းစာကြည့်တိုက်တွေဖွင့်ကြဖို့၊ ကလေးတွေ စာဖတ်ကြဖို့ လိုပါတယ်။**

စာမဖတ်တဲ့ကလေး၊ ဗဟုသုတမရှာတဲ့လူငယ်၊ လေ့လာမှုမရှိတဲ့ကျောင်းသား ဘယ်မှာရင့်ကျက်နိုင်မှာလဲ၊ ကိုယ်တိုင်မဟုတ်ပေမယ့် စာပေကပေးတဲ့အသိနဲ့ ဘဝကိုတိုးတက်အောင် ဘယ်လိုလုပ်နိုင်မှာလဲ၊ ဒါကြောင့် လူ့ဘဝအခြေခံ ကျောင်းသားဘဝတွေမှာ စာပေလေ့လာဖတ်ရှုနိုင်ရေး ကျောင်းစာကြည့်တိုက်တွေ ဖွင့်ကြဖို့၊ ကလေးတွေစာဖတ်ကြဖို့ လိုပါတယ်။ ဒါကြောင့် လွှတ်တော်ထဲအထိ ဆွေးနွေးဆောင်ရွက်နေကြပါပြီ၊ ကျောင်းမှာစာသင်ရုံနဲ့ မလုံလောက်ပါဘူး။ ပညာဆိုတာ ကျယ်ပြန့်ပါတယ်။ အသိပညာဗဟုသုတစုံအောင်ပေးနိုင်တဲ့ ကျောင်းတွေဖြစ်မှ လူငယ်တွေရဲ့အနာဂတ်ကောင်းမှာပါ။

ခုနဲ့ကွာခြားတာတစ်ခုတွေ့တယ်။ အဲဒါကတော့ အဲဒီတုန်းက ရပ်မိရပ်ဖပဲပြောပြော၊ လူကြီးသူမတွေက ရပ်ရေး ရွာရေး လူမှုရေးကို စိတ်ဝင်စားကြတယ်။ စည်းလုံးကြတယ်။ညီညွတ်ကြတယ်။ စိတ်ဓာတ်ပြင်းပြကြတယ်။ အလားတူ လူငယ်တွေကလည်း လူကြီးတွေရဲ့ ဦးဆောင်မှုအောက်မှာ ဝေယျာဝစ္စကိစ္စတွေ၊ လူမှုရေးဝန်ဆောင်မှုတွေကို စိတ်ပါလက်ပါ ပူးပေါင်းပါဝင်ကြတယ်။ အဲဒီတုန်းက ကျောင်းသားအရွယ်လူငယ်တွေမှာ ကျောင်းပြီးရင် ကျူရှင်ဆိုတာလည်း မရှိဘူး။ ပတ်ဝန်းကျင်ကို စိတ်ဝင်စားချိန်တွေ ရှိခဲ့တယ်။ အများအကျိုးဆောင်ရွက်လိုစိတ်တွေ ရှိခဲ့ကြတယ်။ **"အများအကျိုးဆောင် ကိုယ့်အကျိုးအောင်"** ဆိုတဲ့အတိုင်းပါပဲ။

ခုလို ကျေးရွာစာကြည့်တိုက်တွေကို စိတ်ဝင်စားပြီး စာကြည့်တိုက်မှူးတာဝန်ကို သက်ကြီးရွယ်အို အငြိမ်းစား ကျောင်းဆရာ ဆရာမကြီးတွေကပဲ လုပ်နေရတာမျိုး မဟုတ်ဘူး။ ရပ်ရေးရွာရေး ကိုယ်နဲ့မဆိုင်သလိုနေကြတာမျိုး မဟုတ်ဘူး။ စည်ပင်ဝန်ထမ်းမရှိတဲ့ ရွာတွေမှာ ကိုယ့်ရပ်ရွာသာယာလှပရေး၊ ကိုယ်မလုပ်ချင်ရင် ဘယ်သူလုပ်မလဲ၊ မီးသတ်ကားနဲ့မီးသတ်တပ်ဖွဲ့မရှိတဲ့ရွာတွေမှာ မီးဘေးအန္တရာယ် ကိုယ်မကာကွယ်ရင် ဘယ်သူကာကွယ်မလဲ၊ ရဲစခန်းနဲ့ဝေး၊ စီမံအုပ်ချုပ်တဲ့အဖွဲ့နဲ့ဝေးတဲ့ ကျေးရွာတွေမှာ အမှုအခင်းမဖြစ်အောင်၊ ပြဿနာမဖြစ်အောင် ရပ်ရွာလုံခြုံမှုရှိအောင် ဘယ်သူတွေက လုပ်ရမှာလဲ။

ကျွန်တော်တစ်ခါရေးဖူးတယ်။ လုပ်အားပေးဆိုတဲ့ကိစ္စ၊ ကျွန်တော်တို့ငယ်ငယ်က ရပ်ရေးရွာရေး၊ သန့်ရှင်းရေး၊ တည်ဆောက်ရေးကိစ္စအဝဝ ကျေးရွာတွေမှာ လူကြီးမိဘတွေ ဦးဆောင်ပြီး လုပ်အားပေးနဲ့ လုပ်ခဲ့တာပဲ၊ ဒိုးပတ်ဝိုင်းတွေ ဘာတွေနဲ့ ပျော်ပျော်ပါးပါးပဲ၊ မှတ်မိသေးတယ်။ ဒိုးပတ်သီချင်းကိုက **"လုပ်အားပေးဖို့ထွက်လို့လာ ညီညီညာညာ လာကြလာကြ"**တဲ့။ စေတနာရှင်တွေက အကျွေးအမွေးနဲ့ပေ့ါ၊ အဲဒါကို ခုခေတ်မှာ လုပ်အားပေးစကားစလိုက်ရင် တော်တော်များများက နှာခေါင်းရှုံ့ချင်ကြတယ်၊ ဘာလဲ ကျုပ်တို့က ကင်းစောင့်ပေးရမှာလားလို့ တုံ့ပြန်ပြောချင်ကြတယ်။ စိတ်မကောင်းစရာပါပဲ၊ ကောင်းမွန်တဲ့ အလေ့အကျင့်ဓလေ့စရိုက်တွေ လျော့ပါးပျောက်ကွယ်သွားတာပါပဲ။ ဆုတ်ယုတ်လာတာတွေပဲလို့ မြင်မိပါတယ်။

ဒီခေတ်နဲ့ ဒီစနစ်မှာ တစ်ဦးချင်းလွတ်လပ်ခွင့်နဲ့ အခွင့်အရေးတွေရရှိလာသလို တစ်ဖက်ကလည်း တာဝန်တွေ ရှိလာပါပြီ၊ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုတာ ဝန်ထမ်းတွေအတွက်ပဲ ဆိုလိုတာမဟုတ်ပါဘူး၊ ပြည်သူတစ်ဦးချင်းနဲ့ ဆိုင်ပါတယ်။ ရပ်ကွက်ထဲမှာနေရင် ရပ်ကွက်တာဝန်၊ မြို့ရွာမှာနေရင် မြို့ရွာတာဝန် ထိုက်သင့်သလောက်ယူနိုင်ရပါမယ်။ ကျေပွန်ရပါမယ်။

မြို့ရေးရွာရေး၊ ရပ်ကွက်ရေးရာတွေမှာ အရာရာကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့ မလွယ်ပါဘူး၊ တာဝန်ယူသင့်တာ၊ လုပ်ပေးသင့်တာလုပ်ပေးမှာ ဖြစ်ပေမယ့် အရာရာကိုတော့ တာဝန်ယူပေးဖို့ မဖြစ်နိုင်ပါဘူး၊ ဒါကြောင့် ပြည်သူနဲ့အတူဆိုတာ ဖြစ်လာတာပါ။ တစ်ဦးချင်းဖြစ်တဲ့ ပြည်သူတွေမပါရင် ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး။

ကိုယ့်ရပ်ရွာသန့်ရှင်းလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးစတာတွေကို ဒီကအစိုးရအလုပ်၊ အုပ်ချုပ်ရေးမှူးတာဝန်လို့ မြင်နေကြရင် မှားမှာပါ။ အဲဒီလိုဖြစ်နေကြလို့ ရပ်ရေးရွာရေး ဘာလုပ်မယ်ဆို ငွေကောက်၊ ပြီးရင်လူငှားနဲ့ ငွေပေးပြီးခိုင်း၊ အဲဒီလိုနဲ့ လူမှုဝန်ထမ်းစိတ်တွေ ခေါင်းပါးလာတာပါ။ ပိုဆိုးတာက ငွေရေးကြေးရေးပါလာတော့ တချို့လည်း လုပ်နည်းလုပ်ဟန်တွေက မမှန်တော့ဘူး။ ဖြစ်သင့်တာက ငါတို့ရပ်ရွာကိစ္စ ငါတို့ဝိုင်းလုပ်မှရမယ်ဆိုတဲ့အတွေး အသိစိတ်တွေရှိဖို့လိုတယ်၊ လုပ်ရမယ့်တာဝန်ရှိတယ်ဆိုတဲ့စိတ် ရှိသင့်တာပါ။ ဒီလိုစိတ်ဓာတ်မျိုးနဲ့မှသာ စည်းလုံးညီညွတ်မှု၊ ကူညီရိုင်းပင်းမှု၊ အများအကျိုးဆောင်ရွက်လိုမှုစတဲ့ စိတ်ဓာတ်ကောင်းစေတနာနဲ့ အကျိုးဆက်ကောင်းတွေ ရနိုင်မှာပါ။

ကိုယ့်ရပ်ကိုယ့်ရွာ၊ ကိုယ့်မြို့ ကိုယ့်ဒေသတွေ ဖွံ့ဖြိုးတိုးတက်မှ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှာပါ၊ အေးချမ်းသာယာမှာပါ။ ကောင်းကျိုးလိုအင်ဆန္ဒတွေ ပြည့်မှာပါ။ ဒါကြောင့် ကျေးရွာရပ်ကွက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ သန့်ရှင်းသာယာလှပဖို့၊ စည်ပင်ဝပြောဖို့၊ အစစအရာရာပြည့်စုံဖို့ဟာ အခြေခံကျပါတယ်။ အလိုအလျောက်တော့ ဖြစ်လာမှာ မဟုတ်ပါဘူး။

ရပ်ကွက်သူ ရပ်ကွက်သားတွေ၊ ရွာသူရွာသားတွေ ဖြစ်ကြတဲ့ ပြည်သူတစ်ဦးချင်းစီက တက်ညီလက်ညီ လုပ်ကြကိုင်ကြမှ၊ အတ္တပရမှုတကြမှ၊ စိတ်ကောင်းစေတနာတွေ ရှိကြပါမှ၊ အများအကျိုး သယ်ပိုးဆောင်ရွက်လိုစိတ် ရှိကြမှ ဖြစ်မှာပါ။ လိုအပ်ရင် ကိုယ်ကျိုးစွန့်အနစ်နာခံနိုင်ကြမှ ဖြစ်လာမှာပါ။ စိတ်ဓာတ်တွေ မြင့်မြတ်ကြမှ အောင်မြင်မှာပါ။ ပြည်သူများထဲက ယနေ့လူငယ်တွေကို အသိပညာပေးပြီး တွဲခေါ်ရင်းမှ အစပြုပြီး နိုင်ငံတော်အရေးအထိ ပြည်သူနဲ့ ပူးပေါင်းပါဝင်ကြပြီး အောင်မြင်စွာလျှောက်လှမ်းကြပါစို့လို့ တိုက်တွန်းလိုပါတယ်။



## သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြော

**ရန်ကုန် ဧပြီ ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်တွင် သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုမရှိစေရေး အသိပညာပေးဟောပြောပွဲကို ဧပြီ ၂၁ ရက် ညနေ ၃ နာရီက ရေစိုကျေးရွာအုပ်စု ရေစိုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်း သိရသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းက အမျိုးသမီးများဘဝလုံခြုံရေးအတွက် အုပ်ထိန်းသူ မိဘများနှင့် ကလေးသူငယ်များ သတိပြုလိုက်နာရန်အချက်များကို အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာကြသူများအား သက်ငယ်မုဒိမ်းမှု ဖြစ်ပွားမှုမရှိစေရေး အသိပညာပေးလက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင်ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ် မန္တလေးမြို့၌ကျင်းပ လူထုနှင့်မဆန့်ကျင်သော ဆရာကြီး၏စိတ်ဓာတ်ကို အတုယူကြရန် အမှတ်တရစကားများပြောကြားခဲ့

မန္တလေး ဧပြီ ၂၁

**သတင်းစာဆရာကြီး ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၂၁ ရက် နံနက် ၈ နာရီက မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်အင်းစောင်းရှိ တောင်လေးလုံးကျောင်းတိုက်၌ ကျင်းပခဲ့သည်။**



မောင်သစ်လွင် (လူထု)



စာရေးဆရာဆူးငှက်



စာရေးဆရာသိုက်ထွန်းသက်



နောင်(ရှုပ)

အဆိုပါ အခမ်းအနားသို့ မန္တလေးမြို့မှ သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ ဆရာကြီးဦးဝင်းတင်အား ကြည်ညိုလေးစားသော ပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြပြီး ဆရာကြီး၏ ဂုဏ်ကျေးဇူးကို ဖော်ထုတ်၍ ယခုကဲ့သို့ အမှတ်တရစကားများ ပြောကြားခဲ့ကြသည်။

**မောင်သစ်လွင် (လူထု)**

သူ့ရဲ့ ဘဝတစ်လျှောက်လုံးမှာ ငယ်စဉ်ကျောင်းသားဘဝက ကျောင်းသားခေါင်းဆောင်လုပ်ခဲ့တယ်။ နောက် သတင်းစာဆရာအဖြစ် လုပ်ခဲ့ပြီး နောက်ဆုံးသေသည်အထိ ပြည်သူ့အကျိုးအတွက် သူ့ရဲ့ဘဝကို မြှုပ်နှံပြီး လုပ်ဆောင်ခဲ့တဲ့အတွက် အမြဲတမ်း သူ့ကို အမှတ်တရရှိနေမှာပါ။ ၁၉၆၀ ပြည့်နှစ်ကစပြီး အဘတို့နဲ့ လက်တွဲလုပ်ဆောင်ခဲ့တယ်။ သူနဲ့ကိုယ်နဲ့ စာတွေလည်း ရေးဖြစ်တယ်။ ဝင်းတင်၊ သစ်လွင်ဆိုပြီး ဆောင်းပါးတစ်ပုဒ်ကို အတူရေးသားဖော်ပြခဲ့တာကတော့ အမှတ်တရအရှိဆုံးပါပဲ။ အမြဲတမ်းလည်း အိမ်မှာမကပ်တဲ့အတွက် သော့တူတွေ လုပ်ထားပြီး အဘ ရန်ကုန်ရောက်ရင် သူ့အိမ်မှာတည်းဖို့ သော့တူတစ်ချောင်းပေးခဲ့တာရယ်၊ သူနဲ့ အမြဲမပြတ်ဆက်သွယ်နိုင်ဖို့ ဖုန်းသုံးလုံးပေးခဲ့တာတွေဟာ ယနေ့တိုင် အမှတ်ရနေဆဲပါ။ သူ့ရဲ့ခံယူချက်ကတော့ လူထုဦးလှ၊ လူထုဒေါ်အမာတို့နဲ့ အတူတူပဲ၊ စေတနာမှန်ရမယ်၊ ယုံကြည်ချက်ခိုင်မာရမယ်၊ ဒီခံယူချက်တွေအတိုင်း သူအလုပ်လုပ်သွားတယ်။ နိုင်ငံရေးအလုပ်ကို ဦးကျိုးမခံဆောင်ရွက်သွားလို့ သံမဏိလူသားလို့ ပြောလို့ရတဲ့ ပုဂ္ဂိုလ်တောင်ဖြစ်နေတယ်လေ။ ပရဟိတစိတ်ကလည်း သူရသမျှလစာကို ထောက်ပံ့ကူညီနေတာနဲ့ပဲ လက်ပတ်နာရီတစ်လုံးတောင် ပတ်ဖို့စိတ်ကူးမရှိခဲ့ဘူး။ သာမန်လူ မလုပ်နိုင်ပါဘူး။ ဒါကြောင့် ကောင်းသောဘုံဘဝမှာ ရောက်ရှိနေမယ်လို့ ယုံကြည်နေပါတယ်။

**စာရေးဆရာဆူးငှက်**

ဦးဝင်းတင်ကို အခုလို အမှတ်တရအခမ်းအနားတွေ ကျင်းပပေးရသလဲဆိုတော့ နိုင်ငံတော်အစိုးရရဲ့ သတင်းစာတစ်စောင်ဖြစ်တဲ့ ဟံသာဝတီသတင်းစာ မန္တလေးကို ရောက်လာတဲ့အခါမှာ မန္တလေးမြို့ကနေ ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့လို့ပါ။ ဒါကြောင့် ဟံသာဝတီ ဦးဝင်းတင်ဆိုပြီး ကမ္ဘည်းမော်ကွန်း တင်နိုင်ခဲ့တာပေါ့။ ဟံသာဝတီသတင်းစာကို နိုင်ငံတော်ပိုင်သတင်းစာအနေနဲ့ မန္တလေးကိုပြောင်းရွှေ့ဖွင့်လှစ်လိုက်တဲ့အခါမှာ အယ်ဒီတာချုပ်အဖြစ် ဆရာကြီး ဦးဝင်းတင်ကို တာဝန်ပေးလိုက်ပြီး သူ့ကိုဖိအားပေး မှာလိုက်တာက မန္တလေးရောက်ရင် လူထုဦးလှနဲ့ လူထုဒေါ်အမာကို မတွေ့ပါနဲ့။ မန္တလေးက စာရေးဆရာတွေရဲ့ စာမူတွေကို မတောင်းပါနဲ့။ စကားပြောသလို ရေးတဲ့ ဆောင်းပါးတွေ မသုံးပါနဲ့ဆိုတဲ့ ကန့်သတ်ချက်တွေနဲ့ ဆရာကြီးကို မန္တလေးကို လွှတ်လိုက်ပေမယ့် ဒီကန့်သတ်ချက်တွေကို ဘေးကိုပစ်ချပြီး လူထုဦးလှနဲ့ လူထုဒေါ်အမာရဲ့ ဩဝါဒကိုခံယူတယ်။ အကြံဉာဏ်တောင်းတယ်။ ဆောင်းပါးတွေ တောင်းတယ်။ အလားတူပဲ ဒေါက်တာသန်းထွန်း၊ ဆရာကြီး ဦးမောင်မောင်တင်၊ ဆရာ ကြည်မြတို့ဆီက စာမူတွေလည်း တောင်းတယ်။ သူ့အဓိကခံယူထားတာက သတင်းစာတစ်စောင်ဟာ သက်ဆိုင်ရာအစိုးရအကျိုးထက် ပြည်သူလူထုအကျိုးရှိစေမယ့် စာမူများကိုသာ ရွေးချယ်ဖော်ပြရမယ်ဆိုတာပဲ။ ဒါကြောင့် ဟံသာဝတီသတင်းစာဟာ စောင်ရေနည်းပါးတဲ့ သတင်းစာဖြစ်ပေမယ့် ယနေ့သတင်းစာသမိုင်းမှာ မေ့လို့မရဘူး။ ဘာကြောင့်လဲဆိုတော့ ဟံသာဝတီသတင်းစာဟာ အကျပ်အတည်း အတားအဆီးတွေကြားထဲက ပြည်သူ့အတွက် မားမားမတ်မတ် ရပ်တည်ခဲ့တယ်။ ၁၉၈၈ ခုနှစ် လူထုအရေးတော်ပုံကြီး ပြီးဆုံးသွားတဲ့နောက်မှာ NLD အဖွဲ့မှာ နာယကတာဝန်ကို ယူပြီး နိုင်ငံ့အတွက် ကြိုးစားဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးကို နှစ်စဉ်ဖော်ထုတ်ပြီး ဂုဏ်ပြုပေးနေတာ ဖြစ်ပါတယ်။

**စာရေးဆရာသိုက်ထွန်းသက်**

ဆရာကြီးနဲ့ ပတ်သက်ပြီး အမှတ်တရတွေ အများကြီးရှိခဲ့ပါတယ်။ အဓိကက စနေစာပေဝိုင်းပိတ်သွားပြီး ဆရာကြီး ဦးသိန်းဖေမြင့် စာတမ်းဖတ်ပွဲပုံရိပ်က အခုအချိန်အထိ မြင်နေတုန်းပါပဲ။ ဆရာကြီးရဲ့ စိတ်နေစိတ်ထားက အစိုးရရဲ့ မူဝါဒဖြန့်သတင်းစာကို ပြည်သူ့အသံ ပြည်သူ့ကိုယ်စားပြုတဲ့ သတင်းစာအဖြစ် ဖော်ဆောင်သွားမှုကတော့ လက်ဖျားခါလောက်ပါပေတယ်။ နောက်တစ်ချက်က NLD အဖွဲ့ချုပ်နဲ့ ပတ်သက်တဲ့ အချို့ကိစ္စရပ်တွေမှာ သူသဘောမတူတာကို အစည်းအဝေးမှာ ပြင်းပြင်းထန်ထန် ကန့်ကွက်တာတွေရှိပေမယ့် အများကသဘောတူဆုံးဖြတ်ချက် ချထားရင်တော့ သူသဘောမတူလည်း အတက်ကြွဆုံး ဆောင်ရွက်ခဲ့တယ်ဆိုတာ အတုယူစရာပါ။ နောက်ပြီးဘယ်တော့မှ ရန်သူကို စားပွဲအောက်ကနေ လက်ဆွဲနှုတ်ဆက်တတ်တဲ့ အလုပ်မျိုးကို မလုပ်တတ်တဲ့ စိတ်ဓာတ်ဟာလေးစားစရာပါ။ ရန်သူကို ရန်သူလိုမြင်တယ်။ ပြည်သူကို ပြည်သူလို မြင်တတ်တဲ့ စိတ်ဓာတ်မျိုးပါ။

ဒါကြောင့် ဒီသုံးနှစ်ပြည့်အထိမ်းအမှတ်ကနေဆရာကြီး ဦးဝင်းတင် မျှော်မှန်းတဲ့ ဒီမိုကရေစီနိုင်ငံစစ်စစ် အမြန်ဆုံးတည်ဆောက်နိုင်ပြီး ပြည်တွင်းငြိမ်းချမ်းရေးတွေလည်း အမြန်ဆုံးရရှိပါစေလို့ ဆန္ဒပြုပါတယ်။

**နောင်(ရှုပ) (သတင်းထောက်)**

ဆရာကြီး ဦးဝင်းတင်ရဲ့ သုံးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဦးထွန်းဦး (ထွန်းဦးစာပေ)က ဦးဆောင်ပြီး ကျွန်တော်တို့က စီစဉ်ပေးတာဖြစ်ပါတယ်။ မြန်မာဒီမိုကရေစီ ခေတ်ပြောင်းတော်လှန်ရေးမှာ နိုင်ငံ့အတွက် အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်သလို ကျွန်တော်တို့ သတင်းစာသမိုင်းအတွက်လည်း မေ့မရတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ အခုလို နိုင်ငံအတွက် ကျေးဇူးကြီးမားသူတစ်ဦးကို ကျွန်တော်တို့ မန္တလေးက စာနယ်ဇင်းညီအစ်ကိုမောင်နှမတွေက ဝိုင်းဝန်းပြီး အမှတ်တရဂုဏ်ပြုပေးတာ ဖြစ်ပါတယ်။ ဆရာကြီးကွယ်လွန်ပြီး တစ်လပြည့်မှာ အမှတ်တရကျောက်စာတိုင် စိုက်ထူခဲ့ပြီး နှစ်စဉ်လည်းအမှတ်တရပွဲတွေ ကျင်းပပေးခဲ့ပါတယ်။ မန္တလေးမှာရှိတဲ့ နောင်မျိုးဆက်သစ်တွေလည်း ဆရာကြီးလို ထူးချွန်ထက်မြက်တဲ့ သတင်းစာသမားတွေ ထွက်ပေါ်လာအောင် ရည်ရွယ်ချက်နဲ့ ဒီလိုအမှတ်တရပွဲတွေကို ဆက်လက်ကျင်းပပေးသွားမှာ ဖြစ်ပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ရှေးဟောင်းလက်လှည့် အပ်ချုပ်စက်နှင့် သစ်တစ်လုံးထွင်း ကျွန်းလှေကြီး အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ၌ ထိန်းသိမ်းထား

**အင်းတော် ဧပြီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်၌ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က အသုံးပြုခဲ့သော ရှေးဟောင်းလက်လှည့် အပ်ချုပ်စက်နှင့် ကျွန်းတစ်လုံးထွင်းလှေကြီးတို့ကို ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။



ကျွန်းတစ်လုံးထွင်းလှေကြီး

ရှေးဟောင်း အပ်ချုပ်စက်ခုံသည် ယခုခေတ်ကာလတွင် အသုံးပြုလျက်ရှိသော အပ်ချုပ်စက်ခုံကဲ့သို့ ခြေနင်းပြားတပ်ဆင်ထားခြင်းမရှိ။ ခြေနင်းပြားနင်းလျှင် အထက်အောက် လှုပ်ရှားနိုင်သော ဝင်ရိုးမပါ။ ဝင်ရိုးတွင် ကြိုးတပ်ဆင်ရန် သံဘီးမပါ ။ အပ်ချုပ်စက်ခေါင်းဘီး လည်ပတ်နိုင်ရန် ဘီးကြိုး တပ်ဆင်ထားခြင်းမရှိ။ စက်ခေါင်းအား စက်ခုံတွင်တပ်လျက် အပ်ချုပ်စက်ခေါင်းဘီးကို တစ်စုံတစ်ယောက်က လက်ဖြင့်လှည့်၍ အခြားတစ်ဦးက အဝတ်အထည်ချုပ်လုပ်ရသော စနစ်ဖြစ်ကြောင်း သိရသည်။

"ကျွန်းတစ်လုံးထွင်း လှေကြီးသည် အလျား ၃၇ တောင် အနံလေးတောင်ရှိပြီး သမိုင်းအထောက်အထားများအရ လွန်ခဲ့သည့် နှစ်ပေါင်း ၁၃၀ ကျော်ပြုလုပ်ခဲ့ကြောင်း၊ လှေကြီး၏ အမည်မှာ စေတီဖြစ်ကြောင်း၊ လှေကြီး၏တက်များကိုလည်း ထိန်းသိမ်းထားကြောင်း၊ လွတ်လပ်ရေးရပြီးကာလတွင် ရွာခုနစ်ရွာလှေပြိုင်ပွဲ ပြုလုပ်ခဲ့ပြီး သံမှိုရွာအနီး မဲဇာချောင်းအတွင်း၌ လှေပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့ကြသည်ဟု သိရကြောင်း၊ ၁၂၈၂ ခုနှစ်က ယမနေသစ်နဲ့ ပြုလုပ်ထားသည့်လှေကြီး တစ်စင်း ပျက်စီးသွားခဲ့ပြီ ဖြစ်ကြောင်း ကျောင်းထိုင်ဆရာတော် ဦးဝိလာသက္ကက မိန့်ကြားသည်။ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များ၊ မိဘပြည်သူများ လေ့လာကြည့်ရှုနိုင်ရန်အတွက် အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာကျောင်းတွင် ရှေးဟောင်းလက်လှည့် အပ်ချုပ်စက်၊ သစ်တစ်လုံးထွင်း ကျွန်းလှေကြီးနှင့်အတူ စာချွန်လွှာသုံးပစ္စည်း၊ မှန်စီရွှေချ ယွန်းထည်ပစ္စည်းများ၊ ပေပုရပိုက်များ အစရှိသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ မပျောက်ပျက်စေရေးအတွက် ဆက်လက်ထိန်းသိမ်း ထားရှိပါကြောင်းနှင့်မည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း ဆရာတော်ထံမှ သိရသည်။



ရှေးဟောင်းလက်လှည့်အပ်ချုပ်စက်

**ဆီမီးခုံ - နန်းရီ**

*ကျောဖုံးမှ*

သို့သော်လည်း မြစ်ဝကျွန်းပေါ်မြို့များသို့ အခြေခံစားသောက်ကုန်များ တင်ပို့ရာတွင် လည်းကောင်း၊ မြစ်ဝကျွန်းပေါ်မြို့များမှ ဒေသထွက်ကုန်များဖြစ်သည့် ဆန်စပါး၊ အုန်းသီး၊ ငှက်ပျောသီး အစရှိသောထွက်ကုန်များ တင်ပို့ရာတွင်လည်းကောင်း ပြည်တွင်းရေကြောင်းကုန်တင်ရေယာဉ်များကို အားထားနေရဆဲဖြစ်သည်။

ရန်ကုန်မြို့ ဝါးတန်းဆိပ်ကမ်းမှ မြစ်ဝကျွန်းပေါ်သို့ သောကြာနေ့တွင် လပွတ္တာ-မအူပင်-ရွှေလောင်းခရီးစဉ်၊ စနေနေ့တွင် ကျုံမငေး-ဘိုကလေး ခရီးစဉ်နှင့် အင်္ဂါနေ့တွင် ကြာကန်-လပွတ္တာ-မြောင်းမြခရီးစဉ်တို့ကို အပတ်စဉ်ကုန်တင်ရေယာဉ်များ ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

*ကျောဖုံးမှ*

နောက်ဆုံးနှစ်ပွဲတွင် ခြေစွမ်းပြကာ ဂိုးပြတ်နိုင်ပွဲများရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲများတွင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် ဂွမ်ဂျူး ယူ-၁၈ အသင်းတို့ကို နှစ်ဂိုး-တစ်ဂိုးရလဒ်များဖြင့် ရှုံးနိမ့်ခဲ့သော်လည်း တရုတ် (တိုင်ပေ) ယူ-၁၉ အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် ပြန်လည်အနိုင်ရထားသည်။

မြန်မာ ယူ-၁၈ အသင်းသည် ယခုနှစ်အတွင်း ယှဉ်ပြိုင်ရမည့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲနှင့် အာရှ ယူ-၁၉ ခြေစစ်ပွဲတို့အတွက် လေ့ကျင့်ပြင်ဆင်နေသည့်အသင်းဖြစ်ကြောင်း သိရသည်။

# သတင်းစာ ဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အောက်မေ့ဖွယ်ဂုဏ်ပြုအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၁

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် သဘာပတိအဖွဲ့ဝင် သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့် အောက်မေ့ဖွယ်ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ (သီရိခန်းမ) ၌ ကျင်းပသည်။**




အခမ်းအနားတွင် ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းအတွင်းရေးမှူး ဦးကျော်အောင်က ဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ အတ္ထုပ္ပတ္တိအား ဂုဏ်ပြုဖတ်ကြားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး(**ယာပုံ**)က ဂုဏ်ပြုအမှတ်တရစကား ပြောကြားသည်။

"ဆရာကြီး ဦးဝင်းတင်ဟာ သတင်းစာလောက၊ စာပေလောက၊ အနုပညာလောက၊ မီဒီယာလောကသမားတို့ရဲ့ သူရဲကောင်းကြီးပဲ ဖြစ်ပါတယ်။ နိုင်ငံတော်ပြောင်းလဲမှုအတွက် အနစ်နာခံပြီး လုပ်ဆောင်သွားတဲ့ နိုင်ငံ့သားကောင်းတစ်ဦးလည်းဖြစ်ပါတယ်၊ ဒါ့ကြောင့် သုံးနှစ်တာကာလမှာ ဂုဏ်ပြုပွဲတွေ၊ ဝမ်းနည်း အောက်မေ့ဖွယ်ပွဲတွေကို လုပ်ခဲ့ကြပါတယ်"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦးက ပြောသည်။

သတင်းစာဆရာကြီး ဟံသာဝတီ ဦးဝင်းတင်၏ စံပြုထိုက်သည့် အတတ်ပညာ၊ စိတ်ဓာတ်၊ ခွန်အားနှင့် ကိုယ်ကျိုးစွန့်ခဲ့သည့် သမိုင်းဖြစ်စဉ်များနှင့်အတူ ဆရာကြီး ဦးဝင်းတင်နှင့် အတူတကွ လုပ်ကိုင်ဆောင်ရွက်ခဲ့မှုများကိုလည်း ဦးတင်ဦးက ဆက်လက်ပြောကြားသည်။

"ဆရာကြီး ဦးဝင်းတင်ဟာ ယုံကြည်ချက် ခိုင်ခိုင်မာမာရှိပြီး အချက်အလက်ပေါင်းစုံနဲ့ ခိုင်မြဲစွာပြောဆိုနိုင်တဲ့ စွမ်းပကားရှိသူတစ်ဦးဖြစ်တာကြောင့် ရှိသေလေးစားကြတယ်၊ သူဟာစံပြုထိုက်တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်၊ ဒါ့ကြောင့် ရန်ကုန်လိုနေရာမျိုးမှာ သင့်လျော်တဲ့ နေရာတစ်နေရာရှာပြီး ပန်းခြံလိုသဘောမျိုး အမှတ်တရ၊ အထိမ်းအမှတ်နေရာလေး လုပ်ဆောင်ပေးဖို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုပါတယ်"ဟု ၎င်းက ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဟံသာဝတီ ဦးဝင်းတင်ဖောင်ဒေးရှင်းမှ နာယကအဖွဲ့ဝင် စာရေးဆရာကြီး ဦးမိုးသူ၊ စာရေးဆရာ မုံရွာအောင်ရှင်၊ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင်တို့က ဂုဏ်ပြုအမှတ်တရစကားများပြောကြားကြပြီး ဆရာထင်လင်းဦးက ဂုဏ်ပြုကဗျာရွတ်ဆိုခြင်း၊ အခမ်းအနားသို့ ပေးပို့လာသော သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်း၊ ဖတ်ကြားခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး အဖွဲ့ဝင်များ၊ နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ ဆရာကြီးဦးဝင်းတင်အား ချစ်မြတ်နိုးသူများနှင့် လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးသမားများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီ (ငြိမ်းချမ်းရေးခန်းမ)၌ ဟံသာဝတီဦးဝင်းတင် ကွယ်လွန်ခြင်း သုံးနှစ်ပြည့်အမှတ်တရနှင့် ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်းပြုလုပ်ရာ အခမ်းအနားသဘာပတိဖြစ်သူ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင်နှင့်ပတ်သက်၍ အမှတ်တရစကားပြောကြားပြီး စာရေးဆရာ သန်းစိုးနိုင်က စာတမ်းဖတ်ကြားခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)**




# မာရသာမုန်တိုင်းကြောင့် နေအိမ်ပျက်စီးသူများအား မာန်အောင်မြို့၌ ထောက်ပံ့ငွေပေးအပ်

**မာန်အောင် မေ ၂၁**

မာန်အောင်မြို့နယ်တွင် မေ ၁၆ ရက်က တိုက်ခတ်ခဲ့သော မာရသာမုန်တိုင်းကြောင့် နေအိမ်အဆောက်အအုံပျက်စီးဆုံးရှုံးသူများအား ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က သဘာဝဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ပြင်ဆင်ထားရမည့် လုပ်ငန်းစဉ်များနှင့် ထောက်ပံ့ငွေများဖြင့် အမြန်ဆုံးလုပ်ဆောင်ကြရန်မှာကြားပြီး ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ငွေများကို ကျေးရွာဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လူနေအိမ်အဆောက်အအုံပျက်စီးဆုံးရှုံးမှုများကို တစ်ခုချင်းစီစစ်ကာ တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး(**အပေါ်ပုံ**) ထောက်ပံ့ငွေကျပ်မှာ ၆၉၅၁၀၀၀ ဖြစ်ကြောင်း သိရသည်။

**သိန်းဇေ(ပြန်/ဆက်)**

# နေအိမ်ဝင်းတံခါးပေါ်တက်စီးရာမှ အုတ်တိုင်ကျိုးပဲ့ပြိုကျ ကလေးငယ်တစ်ဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရ

**ဖန်းမော် မေ ၂၁**

ကချင်ပြည်နယ် ဖန်းမော်မြို့ ပေါက်ကုန်းရပ်ကွက် လူနေအိမ် သံဆန်ခါဝင်းတံခါးပေါ်သို့ ကလေးများတက်၍ ခိုစီးကြရာမှ ကလေးငယ်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပေါက်ကုန်းရပ်ကွက် အိမ်အမှတ်-၁၅၇ ဦးအုန်းလွင် နေအိမ်၌ မေ ၂၀ ရက် ညနေ ၃ နာရီခွဲခန့်က ကလေးငယ်များသည် နေအိမ်ရှေ့သံဆန်ခါဝင်းတံခါးမကြီးပေါ်သို့တက်၍ ခိုစီးခဲ့ကြရာမှ ဝဲဘက်ဝင်းတံခါးအုတ်ခုံတိုင်တစ်တိုင် ကျိုးပဲ့ပြိုကျပျက်စီးခဲ့သည်။

အုတ်ခုံတိုင် ကျိုးပဲ့ပြိုမှုကြောင့် မောင်အေလင်းသက် (လေးနှစ်)သည် အုတ်ခုံပိမိ၍ ရရှိဒဏ်ရာဖြင့် အခင်းဖြစ်နေရာ၌ပင် သေဆုံးခဲ့သည်။ မလွင်လွင်ဌေး (ခုနစ်နှစ်)၊ မဘောက်ဆိုင်းဂျာ(ခုနစ်နှစ်)တို့မှာ ဒဏ်ရာများရရှိခဲ့ကြသဖြင့် ဖန်းမော်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိသည်။ ဝင်းတံခါးတိုင်အုတ်ခုံသည် အရှည်ခြောက်ပေခန့်၊ အနံတစ်ပေကျော်ရှိ၍ သံဆန်ခါတပ် အသားတံခါးနှစ်ရွက်ဖြင့် ဆောက်လုပ်ထားသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ မြို့မရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ- နန်းရီ**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ပန်ကြားချက် မြေစိုက်ပိုစတာစိုက်ထူ

**ဘားအံ မေ ၂၁**

မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများတွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်သည့်အတွက် ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁)စံပြဈေးကြီးတွင် လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ ပန်ကြားချက် မြေစိုက်ပိုစတာ စိုက်ထူပွဲကျင်းပရာ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးလင်းထွဋ်နှင့် ဝန်ထမ်းများက မေ ၂၁ ရက် နံနက် ၇ နာရီက စိုက်ထူခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များအနေဖြင့် မီးဘေး ၁၂ ကြိမ်၊ လေဘေးလေးကြိမ်၊ ရေဘေးနှစ်ကြိမ်၊ မြေပြိုမှုသုံးကြိမ်၊ တိုက်ပွဲရှောင်တစ်ကြိမ် စုစုပေါင်း ၂၂ ကြိမ် ဖြစ်ပွားခဲ့ပြီး ထောက်ပံ့မှုများအနေဖြင့် ငွေကျပ် ၂၃၉၀၉၁၀၆ တန်ဖိုးရှိ ကယ်ဆယ်ရေးပစ္စည်းများအားလည်းကောင်း၊ သဘာဝဘေးသင့် အိမ်ထောင်စုများအတွက် ဆန်ရိက္ခာ၊ အိမ်ဆောက်ပစ္စည်းနှင့် သေဆုံးထိခိုက် ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ငွေကျပ် ၄၃၅၉၇၀၅၀ ထောက်ပံ့ပေးခဲ့ကြောင်း ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးမှ သိရသည်။

အလားတူ မြန်မာနိုင်ငံတွင် လေပြင်းဘေးကြောင့် တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ သိရသည်။

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ဘေးလျော့ပါးစေရေး၊ ကြိုတင်ပြင်ဆင်ရေး၊ အရေးပေါ်တုံ့ပြန်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက် ဆက်နွှယ်ပတ်သက်သူ အားလုံးနှင့် ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ လူစည်ကားရာ အမှတ်(၁)စံပြဈေးကြီးတွင် မြေစိုက်ပိုစတာကို စိုက်ထူရခြင်းဖြစ်ပြီး ဈေးသူ၊ ဈေးသားများနှင့် ရပ်ကွက်၊ ကျေးရွာများမှ လာရောက်ဈေးဝယ်ကြသော ပြည်သူများထံသို့ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဝန်ထမ်းများက လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန် အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ ကျေးလက်ဒေသ သောက်သုံးရေရရှိရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**အုတ်တွင်း မေ ၂၁**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် ယခင်နှစ်နွေရာသီကာလက သောက်သုံးရေ အခက်အခဲဖြစ်ပေါ်ခဲ့သော ကျေးရွာခုနစ်ရွာ၌ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြု ရန်ပုံငွေဖြင့် ပန်းရွှေဝါကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပေးနေသည့် ကြက်လျှာကျေးရွာ၊ မိုင် ၂၀ ကျေးရွာ၊ ဘုတလင် ၁၆ မိုင်ကျေးရွာ၊ စမ်းချောင်းကလေးကျေးရွာများရှိ လက်တွင်းတူးဖော်ခြင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှု လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ကျေးလက်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများ၊ ကျေးရွာဆပ်ကော်မတီဝင်များသည် တောက်တဲ့ကျေးရွာတွင် ရေတားတမံ၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်မှု လုပ်ငန်းများ ပြီးစီးမှုနှင့် ဘုတလင်ကျေးရွာ၊ တိမ်ညွန့်ကျေးရွာများ၌ လေးလက်မစက်ရေတွင်း၊ ရေစက်ရုံ၊ ရေကန်တည်ဆောက်ပြီးစီးနေမှုအခြေအနေတို့ကို မေ ၂၁ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

ထို့အပြင် တိမ်ညွန့်ကျေးရွာ အိမ်ခြေ ၅၈ အိမ်၊ လူဦးရေ ၃၀၉ ဦး ရှိပြီး ကျေးရွာမီးလင်းရေးလုပ်ငန်းများပါ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ များစွာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မင်းလှမြို့နယ် သက္ကယ်ကျင်းကျေးရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပျက်စီး



**အထက်မင်းလှ မေ ၂၁**

သရက်ခရိုင် မင်းလှမြို့နယ် သက္ကယ်ကျင်း ကျေးရွာတွင် မေ ၂၀ ရက် မွန်းလွဲ ၂ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ပျဉ်ထောင်၊ သွပ်မိုးလေးပင်အိမ်နှစ်လုံး အမိုးလန်ခြင်း၊ (**ဝဲပုံ**)ပျဉ်ထောင်၊ သွပ်မိုးလေးပင်အိမ်တစ်လုံး အမိုးပေါက်ခြင်း၊ သက်ငယ်မိုး၊ ထရံကာ သုံးပင်အိမ်ခြောက်လုံး အမိုးလန်ခဲ့ကာ၊ မောင်တင်မိုးဝင်း (၂၄နှစ်)သည် လေလွင့်သွပ်ဖြင့် နဖူးပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ)ဖြင့် မကွေးတိုင်း ပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ ပို့ဆောင်ဆေးကုသလျက်ရှိသည်။

လေပြင်းတိုက်ခတ်မှုကြောင့် အိမ်ထောင်စုကိုးစု၊ လူဦးရေ ၃၃ ဦး သဘာဝဘေးဒဏ်ခံစားရပြီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၅၀၀၀ ခန့် ပျက်စီးခဲ့၍ ၎င်းတို့၏နေအိမ်များ၌ပင် ပြန်လည်ပြင်ဆင်နေထိုင်လျက်ရှိရာ အခြားအခက်အအခဲများမရှိကြောင်း သိရှိရသည်။

**ကိုသက်(အထက်မင်းလှ)**

# စတုတ္ထအကြိမ် ရောဝတီနိုင်ငံတကာစာပေပွဲတော် မန္တလေးတွင်ကျင်းပရေး ညှိနှိုင်းစည်းဝေး



စတုတ္ထအကြိမ် ရောဝတီနိုင်ငံတကာစာပေပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သူများကို တွေ့ရစဉ်

**မန္တလေး ဧပြီ ၂၁**

စတုတ္ထအကြိမ် ရောဝတီနိုင်ငံတကာစာပေပွဲတော်ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ၇၁လမ်း × ၂၆ လမ်းထောင့်ရှိ Jefferson Center ၌ ကျင်းပသည်။

ရှေးဦးစွာ စာရေးဆရာ ဒေါက်တာအောင်မြင့်(ဆေး-မန်း)က မန္တလေးမြို့ Mandalay Hill Resort Hotel တွင် နိုဝင်ဘာ ၃ ရက်မှ ၅ ရက်ထိ ကျင်းပမည့် ရောဝတီနိုင်ငံတကာစာပေပွဲတော်ကို ယခုစတုတ္ထအကြိမ်ကျင်းပမည်ဖြစ်ကြောင်း၊ နိုင်ငံတကာစာပေကို မြန်မာလူမျိုး မျိုးဆက်သစ်လူငယ်များနှင့် ထိတွေ့ပေးလိုခြင်းနှင့် မြန်မာစာပေပညာရှင်များ၏လက်ရာကို နိုင်ငံတကာသို့ အသိပေးလိုခြင်းဖြစ်ကြောင်း၊ ကလေးများ၊ လူငယ်များ၊ စာပေနှင့် ရင်းနှီးစေရန်၊ ပျိုးထောင်လှုံ့ဆော်ပေးရန် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

စတုတ္ထအကြိမ် ရောဝတီနိုင်ငံတကာစာပေပွဲတော်ကျင်းပရေး ဦးဆောင်ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် စာရေးဆရာ ညီစေမင်းက ဆောင်ရွက်မည်ဖြစ်ပြီး ကော်မတီကို ၁၇ ဦးဖြင့် ဖွဲ့စည်းသည်။

စာတမ်းဖတ်ကြားမည့် စာတမ်းရှင်များသည် ဒေါက်တာအောင်မြင့် (ဆေး-မန်း)၊ ဆရာသင့်နော် (ဥတ္တရလွင်ပြင်)၊ ဆရာညီစေမင်း(လူထုသတင်းစာတိုက်)၊ ဆရာဦးရာစိုး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း (၄၂×၈၁) လမ်းထောင့် ရွှေဘုန်းရှိန်ရပ်နှင့် ဆရာမယဉ်ယဉ်နု(မန္တလေး)ရှမ်းစုစာတိုက်တို့ထံ စက်တင်ဘာ ၁၅ ရက်နောက်ဆုံးထား၍ ပေးပို့နိုင်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မြန်မာအသင်း အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် အုပ်စုကျပ်အတွင်း ကျရောက်

**ကွာလာလမ်ပူ ဧပြီ ၂၁**

၂၀၁၈ အာရှ ယူ-၁၆ ခြေစစ်ပွဲအုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာ ယူ-၁၆ အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်ခဲ့သည်။ ယင်းခြေစစ်ပွဲတွင် အသင်း ၄၅ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အရှေ့အာရှဇုန်နှင့်အနောက်အာရှဇုန်ဟူ၍ ဇုန်နှစ်ဇုန်ခွဲကာ ကျင်းပမည်ဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုငါးခုစီခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု (H) တွင် တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေသည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် ဥဇဘက်ကစ္စတန်၊ ဆော်ဒီ၊ ဂျော်ဒန်၊ ဘာရိန်း၊ သီရိလင်္ကာ၊ အုပ်စု(B)တွင် အိုမန်၊ တာဂျစ်ကစ္စတန်၊ ဆီးရီးယား၊ တာ့ခ်မင်နစ္စတန်၊ မော်လ်ဒိုက်၊ အုပ်စု (C)တွင် အီရန်၊ ကာဂျစ္စတန်၊ အာဖဂန်နစ္စတန်၊ လက်ဘနွန်၊ ဘူတန်၊ အုပ်စု (D) တွင် အီရတ်၊ အိန္ဒိယ၊ ပါလက်စတိုင်း၊ နီပေါ၊ အုပ်စု (E) တွင် ယူအေအီး၊ ယီမင်၊ ကာတာ၊ ဘင်္ဂလားဒေ့ရှ်၊ အုပ်စု (F) တွင် မြောက်ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်(တိုင်ပေ)၊ မကာအို၊ ဘရူနိုင်း၊ အုပ်စု (G) တွင် ထိုင်း၊ လာအို၊ တီမော၊ မြောက်မာရီယာနာကျွန်းစု၊ အင်ဒိုနီးရှား၊ အုပ်စု (I) တွင် ဗီယက်နမ်၊ သြစတြေးလျ၊ မွန်ဂိုလီးယား၊ ကမ္ဘောဒီးယား၊ အုပ်စု (J) တွင် ဂျပန်၊ မလေးရှား၊ စင်ကာပူနှင့် ဂူအမ်အသင်းတို့ ပါဝင်နေသည်။

ခြေစစ်ပွဲကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု ၁၀ ခုမှ ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယနေရာရငါးသင်း စုစုပေါင်း ၁၅ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အသင်းသည် ယင်းခြေစစ်ပွဲ ယှဉ်ပြိုင်ရန် မန္တလေးမြို့၌ စခန်းဝင် လေ့ကျင့်လျက်ရှိပြီး ပြင်သစ်နိုင်ငံသား နည်းပြက တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

**ဖိုးသော်ဇင်**

# ၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် မြန်မာအသင်း အာရှထိပ်သီးတရုတ်နှင့် တစ်အုပ်စုတည်းပါဝင်

**ကွာလာလမ်ပူ ဧပြီ ၂၁**

၂၀၁၈ အာရှ ယူ-၁၉ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက မလေးရှားနိုင်ငံ၌ ကျင်းပရာ မြန်မာ ယူ-၁၉ အသင်းသည် အာရှထိပ်သီး တရုတ်အသင်းနှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲအပါအဝင် အာဆီယံယူ-၁၈ ပြိုင်ပွဲတွင် အောင်မြင်မှုရရန် အချိန်ယူပြင်ဆင်လျက်ရှိသည်။



၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ် ဓာတ်ပုံ-စိုးညွန့်

ယင်းခြေစစ်ပွဲကို ၄၃ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် ၂၂ သင်း၊ အရှေ့အာရှဇုန်တွင် ၂၁ သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုမဲခွဲထားမှုအရ အုပ်စု (က)တွင် ဘာရိန်း၊ ယူအေအီး၊ အိုမန်၊ နီပေါ၊ ကာဂျစ္စတန်၊ အုပ်စု(ခ) တွင် ဥဇဘက်ကစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မော်လ်ဒိုက်၊ အုပ်စု(ဂ)တွင် အီရတ်၊ ကာတာ၊ လက်ဘနွန်၊ အာဖဂန်နစ္စတန်၊ အုပ်စု(ဃ)တွင် ဆော်ဒီ၊ ယီမင်၊ တာ့ခ်မင်နစ္စတန်၊ အိန္ဒိယ၊ အုပ်စု(င)တွင် အီရန်၊ ပါလက်စတိုင်း၊ ဂျော်ဒန်၊ ဆီးရီးယား၊ အုပ်စု(စ)တွင် တောင်ကိုရီးယား၊ မလေးရှား၊ တီမော၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ အုပ်စု(ဆ)တွင် တရုတ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အုပ်စု(ဇ)တွင် ဗီယက်နမ်၊ လာအို၊ တရုတ် (တိုင်ပေ)၊ မကာအို၊ အုပ်စု (ဈ) တွင် ဂျပန်၊ ထိုင်း၊ စင်ကာပူ၊ မွန်ဂိုလီးယား၊ အုပ်စု (ည)တွင် သြစတြေးလျ၊ မြောက်ကိုရီးယား၊ ဟောင်ကောင်၊ မြောက်မာရီယာနာကျွန်းစုအသင်းတို့ ပါဝင်လျက်ရှိသည်။ ခြေစစ်ပွဲတွင် ထိပ်ဆုံး ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရရှိသည့် ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိဘဲ ၂၀၁၄ ပြိုင်ပွဲနောက်ဆုံးအဆင့်ကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ရာ ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမကစားသမား ၅၀ ကျော်ဖြင့် လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးညီညီလတ်က ကိုင်တွယ်လျက်ရှိသည်။ ၎င်းအသင်းမှ ကစားသမားများအတွေ့အကြုံရရှိစေရန် ဖီးနစ်အသင်းအမည်ဖြင့် (က) အသင်းမှာ ပထမတန်းစီနီယာလိဂ်ပြိုင်ပွဲ၊ (ခ)အသင်းမှာ ပထမတန်း ယူ-၂၀ လိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်လျက်ရှိသည်။

**ညီမြတ်သော်တာ**

# ရက်ချ်ဖို့ဒ်၏ အချိန်ပိုသွင်းဂိုးဖြင့် မန်ယူအနိုင်ရပြီး အကြိုဗိုလ်လုပွဲတက်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ကွာတားဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၂၁ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့ရာ မန်ယူနှင့်အန်ဒါလက်ချ်တို့ပွဲစဉ်တွင် မန်ယူအသင်း အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အကြိုဗိုလ်လုပွဲသို့တက်ရောက်ခဲ့သည်။

ပထမအကျော့ ဘယ်လ်ဂျီယံမြေတွင် ယှဉ်ပြိုင်ခဲ့စဉ်က တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ပြီး ဒုတိယအကျော့ အင်္ဂလန်မြေတွင်ယှဉ်ပြိုင်ခဲ့ရာ အိမ်ရှင်မန်ယူသည် ၄-၁-၄-၁ ကစားကွက်ဖြင့်လည်းကောင်း၊ ဧည့်သည် အန်ဒါလက်ချ်သည် ၄-၃-၃ ကစားကွက်ဖြင့် လည်းကောင်း ပွဲထွက်လာသည်။ မန်ယူအတွက် ပွဲချိန် ၁၀ မိနစ်တွင် ရက်ချ်ဖို့ဒ်ဖန်တီးပေးမှုမှ ကွင်းလယ်ကစားသမား အမ်ခီတာယန်းက ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ အန်ဒါလက်ချ်အတွက် ပွဲချိန် ၃၂ မိနစ်တွင် ကွင်းလယ်ကစားသမား ဆိုဖီရာနီဟန်နီက ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး ဒုတိယပိုင်းဆက်လက်ယှဉ်ပြိုင်ခဲ့ရာ မိနစ် ၉၀ ထိ ဂိုးမသွင်းနိုင်ဘဲ အနိုင်ရလဒ်မပေါ်ခဲ့၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ခဲ့သည်။ ပွဲချိန် ၁၀၇ မိနစ်တွင် လူငယ်ကစားသမား ရက်ချ်ဖို့ဒ်၏ အနိုင်ဂိုးဖြင့် မန်ယူတို့နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အခြားပွဲစဉ်များအဖြစ် ဂျန့်ခ်နှင့်ဆယ်လ်တာဗီဂိုတို့မှာ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် ဆယ်လ်တာဗီဂိုတို့ အနိုင်ရခဲ့သည်။ ရှော်လ်ကေးနှင့်အိုင်းယက်တို့ပွဲတွင် သုံးဂိုး-နှစ်ဂိုးဖြင့် အချိန်ပိုထိ ယှဉ်ပြိုင်ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အိုင်းယက်အသင်း အနိုင်ရရှိခဲ့သည်။ ဘက်ဆစ်တပ်နှင့်လိုင်ယွန်ပွဲမှာ ပယ်နယ်တီ အဆုံးအဖြတ်ထိ ယှဉ်ပြိုင်ခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ် ၁၀ ဂိုး-၉ ဂိုးဖြင့် လိုင်ယွန်အသင်း အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။

**သီဟ**



မန်ယူအတွက် အနိုင်ဂိုးကို အချိန်ပို၌ သွင်းယူပေးသည့် ရက်ချ်ဖို့ဒ်ကို ကစားဖော်များနှင့်အတူ တွေ့ရစဉ်

# ချန်ပီယံလိဂ်နှင့်ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲစဉ်များထွက်ပေါ်

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်များ မဲခွဲရလဒ် ထွက်ပေါ်နေမှုကို တွေ့ရစဉ်




ယူအီးအက်ဖ်အေချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် အကြိုဗိုလ်လုပွဲစဉ်များကို ဧပြီ ၂၁ရက် ညနေပိုင်းက ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့တွင် မဲနှိုက်ရွေးချယ်ခဲ့သည်။ ချန်ပီယံလိဂ်တွင် စပိန်နှစ်သင်းဖြစ်သည့် ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကိုတို့တွေ့ဆုံခဲ့ပြီး ပြင်သစ်ကလပ် မိုနာကိုနှင့် အီတလီကလပ် ဂျူဗင်တပ်စ်တို့ တွေ့ဆုံခဲ့သည်။ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များကို မေ ၃ ရက် နံနက်ပိုင်းတွင် ရီးရဲမက်ဒရစ်နှင့် အက်သလက်တီကိုတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၄ ရက် နံနက်ပိုင်းတွင် မိုနာကိုနှင့် ဂျူဗင်တပ်စ်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ ဗိုလ်လုပွဲကြီးကို ဇွန် ၃ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

ယူရိုပါလိဂ်အကြိုဗိုလ်လုပွဲစဉ်များကိုလည်း မဲနှိုက်ခဲ့ရာ နယ်သာလန်ကလပ် အိုင်းယက်နှင့် ပြင်သစ်ကလပ် လိုင်ယွန်တို့တွေ့ဆုံပြီး စပိန်ကလပ် ဆယ်လ်တာဗီဂိုနှင့် မန်ယူတို့ တွေ့ဆုံခဲ့သည်။ ပထမအကျော့ပွဲစဉ်များကို မေ ၃ ရက်တွင် အိုင်းယက်နှင့်လိုင်ယွန်တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး မေ ၄ ရက်တွင် ဆယ်လ်တာဗီဂိုနှင့် မန်ယူတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ ဗိုလ်လုပွဲကြီးကို မေ ၂၅ ရက် နံနက်ပိုင်းတွင် ဆွီဒင်နိုင်ငံ ဆိုလ်နာမြို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

# အီရန်နျူကလီးယား သဘောတူစာချုပ်သည် မချုပ်ဆိုသင့်သည့် စာချုပ်တစ်ခုဖြစ်ကြောင်း ဒေါ်နယ်ထရန့်ပြောကြား




**ဝါရှင်တန် မေ ၂၁**
အီရန်နိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် ချုပ်ဆိုခဲ့သော အီရန် နျူကလီးယား သဘောတူညီချက်ကို ချိုးဖောက်သည့် လုပ်ဆောင်မှုမျိုးဆောင်ရွက်နေကြောင်း မေ ၂၁ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်က အီရန် နျူကလီးယား သဘောတူညီမှုစာချုပ်သည် မချုပ်ဆိုသင့်သည့် စာချုပ်တစ်ခုဖြစ်ကြောင်း အမေရိကန်သို့ အလည်အပတ်ရောက်ရှိနေသော အီတလီနိုင်ငံဝန်ကြီးချုပ် ဂျန်တီလိုနီနှင့် အိမ်ဖြူတော်၌တွေ့ဆုံပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ဒေါ်နယ်ထရန့်အနေဖြင့် အီရန်နျူကလီးယား သဘောတူစာချုပ်နှင့် ပတ်သက်ပြီး ထိုသို့ပြောကြားခဲ့သော်လည်း အီရန်နိုင်ငံဘက်မှ မည်သည့် အချက်ကို ချိုးဖောက်ရာရောက်ကြောင်း အတိအကျ ထောက်ပြပြောဆိုခြင်း မရှိပေ။

အီရန် နျူကလီးယားအရေး အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှား၊ တရုတ်နှင့် ဂျာမနီတို့ ကာလရှည်ကြာစွာ ဆွေးနွေးညှိနှိုင်းပြီးနောက် ၂၀၁၅ ခုနှစ် ဇူလိုင်လတွင် အီရန်နျူကလီးယား သဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်း ဖြစ်သည်။

စာချုပ်ပါ သဘောတူညီချက်အရ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်များကို ကန့်သတ်ခဲ့ပြီး အပြန်အလှန်အနေဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းက အီရန်နိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများ ပယ်ဖျက်ပေးခဲ့သည်။

အမေရိကန်သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ကာလအတွင်း ဒေါ်နယ်ထရန့်က အဆိုပါ သဘောတူညီမှုစာချုပ်နှင့်ပတ်သက်ပြီး ထပ်ကာထပ်ကာ ဝေဖန်ပြောကြားခဲ့သည်။ ထို့အပြင် အဆိုပါ သဘောတူညီမှုစာချုပ်သည် သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံးကိစ္စတစ်ခုဖြစ်ကြောင်း၊ ၎င်းသဘော တူညီမှုစာချုပ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြန်လည်ဆွေးနွေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ (ဆင်ဟွာ)




## ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးနှင့်ပတ်သက်ပြီး ဘုံသဘောတူညီချက်ရအောင်ကြိုးစားသင့်ကြောင်း တရုတ်ပြောကြား

**ပေကျင်း မေ ၂၁**
ကိုရီးယားကျွန်းဆွယ်နှင့်ပတ်သက်ပြီး နိုင်ငံအချင်းချင်း စစ်မက်ဖြစ်ပွားမှုကို မလိုလားကြောင်းနှင့် ငြိမ်းချမ်းရေးကိုမျှော်လင့်ကြောင်း တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် လုခန်က ယမန်နေ့က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်ကလည်း ငြိမ်းချမ်းရေးကိုလိုလားကြောင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းအနေဖြင့်လည်း ငြိမ်းချမ်းရေးကိုလိုလားမည်ဟုယုံကြည်ကြောင်း တွေ့ဆုံမေးမြန်းမှုတစ်ခုတွင် ထရန့်က ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးနှင့်ပတ်သက်ပြီး အဖြေရှာရန်တစ်ခုတည်းသောနည်းလမ်းမှာ တွေ့ဆုံဆွေးနွေးခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းပင်ဖြစ် ကြောင်း လုခန်က ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ် နျူကလီးယားအရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နိုင်ငံအားလုံးအနေဖြင့် ဘုံသဘောတူညီချက်တစ်ခုရအောင် ကြိုးစားရမည်ဖြစ်ကြောင်း လုခန်က ဆက်လက်ပြောကြားခဲ့သည်။
(ဆင်ဟွာ)

## နျူကလီးယားစမ်းသပ်မှု ထပ်မံမပြုလုပ်ရန် မြောက်ကိုရီးယားနိုင်ငံအား ကုလလုံခြုံရေးကောင်စီတောင်းဆို

**ဂျီနီဗာ မေ ၂၁**
မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားစမ်းသပ်မှုကို ထပ်မံမပြုလုပ်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ယမန်နေ့က တောင်းဆိုလိုက်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ဆုံးဖြတ်ချက်ကို မျက်ကွယ်ပြုရာရောက်သည့်အပြင် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေသည့် အပြုအမူတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် ယခုကဲ့သို့လုပ်ဆောင်မှုများကို ချက်ချင်းရပ်တန့်ကာ သက်ဆိုင်ရာ ဥပဒေများကို လိုက်နာရန်လိုအပ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ကိုရီးယားကျွန်းဆွယ်နှင့် အရှေ့မြောက် အာရှဒေသတည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် အရေးကြီးကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေးရရှိအောင် ပါဝင်ကူညီသွားရန် ဖိတ်ခေါ်ထားကြောင်း ဖော်ပြထားသည်။
(ဆင်ဟွာ)

## ပါရီတိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ရွေးကောက်ပွဲလုံခြုံရေးအတွက် ပြင်သစ်တွင် အင်တိုက်အားတိုက်ဆောင်ရွက်

**ပါရီ မေ ၂၁**
အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ တိုက်ခိုက်မှုကြောင့် ရဲအရာရှိတစ်ဦးသေဆုံးသွားခဲ့ရမှုက ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးယှဉ်ပြိုင်မှု နောက်ဆုံးရက်များအပြီး အရိပ်မည်းကြီးတစ်ခုကျရောက်စေခဲ့ပြီးနောက်တွင် ပြင်သစ်လုံခြုံရေးအင်အားစုများသည် သမ္မတရွေးကောက်ပွဲလုံခြုံရေးအတွက် အပြည့်အဝပြင်ဆင်ထားပြီ ဖြစ်ကြောင်း သိရသည်။

လာမည့်တနင်္ဂနွေနေ့တွင် အဆင့်နှစ်ဆင့်ဖြင့်မဲပေးရွေးချယ်မှု ပြုလုပ်သွားမည့် ရွေးကောက်ပွဲအတွက် ပထမတစ်ချီ မဲပေးခြင်းပြုလုပ်သွားမည်ဖြစ်သည်။ ပျော့ပျောင်းသောသဘောထားအမြင်ရှိသူဖြစ်သည့် နိုင်ငံရေးသမား အီမန်နျူရယ်လ်မက်ခရွန်သည် ရွေးကောက်ပွဲ၏ အနီးကပ်ဆုံးအခြေအနေရောက်ရှိလာချိန်အထိ ရှေ့ဆုံးနေရာတွင် ဆက်လက်ရှိနေဆဲဖြစ်သည်။

ကြာသပတေးနေ့ညက ပါရီမြို့လယ်ကောင်ရှိ Champ Elysees ဈေးဝယ်လမ်းပေါ်တွင်ဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုမတိုင်မီတွင် စစ်တမ်းကောက်ယူမှုများအရ မက်ခရွန်သည် ပထမအချီမဲထည့်ဝင်မှု၏မဲအရေအတွက် ၂၄ ရာခိုင်နှုန်းကိုရရှိထားပြီး မာရင်းလီပန်းက ၂၂ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထောက်ခံမဲရရှိမှု လျော့ကျလာခဲ့သည်။

အခြားသောရွေးကောက် ဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ်လောင်းနှစ်ဦးဖြစ်သည့် ကွန်ဆာဗေးတစ်ဝန်ကြီးချုပ်ဟောင်း ဖရန်ကွိုက်စ်ဖီလွန်နှင့် ဂျိမ်းလပ်မီလန်ခွန်တို့မှာ မဲအရေအတွက်၏၂၀ ရာခိုင်နှုန်းနှင့် ၁၉ ဒသမ ၅ ရာခိုင်နှုန်းအသီးသီးဖြင့် ခိုင်မာမှုမရှိသည့်အနေအထားတွင် ရောက်ရှိနေသည်။

တနင်္ဂနွေနေ့တွင်ပြုလုပ်မည့် မဲပေးရွေးချယ်မှုပြီးလျှင် ထိပ်ဆုံးအဆင့် ကိုယ်စားလှယ်နှစ်ဦးအကြား ဒုတိယအချီ ယှဉ်ပြိုင်ရွေးချယ်မှုပြုလုပ်သွားမည့် မေ ၇ ရက် ရွေးကောက်ပွဲရောက်ရှိလာတော့မည်ဖြစ်သည်။

Champ Elysees တိုက်ခိုက်မှုကို အိုင်အက်စ်စစ်သွေးကြွအုပ်စုများက ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်ခိုက်သူတစ်ဦးသေဆုံးခဲ့ပြီး အာဏာပိုင်များက တိုက်ခိုက်မှု၏ နှစ်ယောက်မြောက် သံသယရှိသူကို ရှာဖွေနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

လုံခြုံရေးအဖွဲ့ အာဏာပိုင်များ၏ အရေးပေါ်အစည်းအဝေး ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ဘားနတ်ကာဇန်နျူဗ်က ရွေးကောက်ပွဲကာလအတွင်း ပြည်သူများ၏ လုံခြုံရေးကို အာမခံနိုင်မည့် အထူးလုံခြုံရေး ယူနစ်အဖွဲ့အပါအဝင် ရဲတပ်ဖွဲ့ဝင် ၅၀၀၀၀ ကို သီးသန့်ရွေးထုတ်ထားပြီး ရွေးကောက်ပွဲလုံခြုံရေးအတွက် အပြည့်အဝ ပြင်ဆင်ထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။
(ရိုက်တာ)




သမ္မတရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူ ကိုယ်စားလှယ် ၁၁ ဦးကို ပြင်သစ်ရုပ်မြင်သံကြားချန်နယ်တစ်ခုရှိ စတူဒီယိုခန်းအတွင်း၌ တွေ့ရစဉ်

## အိန္ဒိယတောင်ပိုင်းတွင် ထရပ်ကားမတော်တဆမှုကြောင့် ၁၄ ဦး သေဆုံး

**နယူးဒေလီ မေ ၂၁**
အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်တွင် သောကြာနေ့က ထရပ်ကားတစ်စီး မတော်တဆတိုက်မိမှုဖြစ်ပွားကာ လူ ၁၄ ဦးထက်မနည်း သေဆုံးသွားခဲ့ပြီး ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ထရပ်ကားသည် လျှပ်စစ်ဓာတ်တိုင်နှင့်တိုက်မိကာ လျှပ်စစ်ဝိုင်ယာကြိုးများကို ဖျိုးဖျိုးဖျပ်ဖျပ်မြည်စေခဲ့ပြီး လူအုပ်အတွင်းသို့ ထပ်မံဝင်တိုက်မိသွားခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောကြားခဲ့သည်။

ထရပ်ကားမတော်တဆမှုသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ် အမရာဗာတီ တောင်ပိုင်းမှ ၄၁၄ ကီလိုမီတာအကွာ ချစ်တောခရိုင် တီရူပတီအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထရပ်ကားမတော်တဆတိုက်မိခဲ့သည့်အကြောင်းကို ရဲအရာရှိတာပူတီက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်။

မတော်တဆမှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ ဧရိယာအတွင်းရှိ ဒုစရိုက်ဂိုဏ်းများအား ဆန့်ကျင်သည့် ဆန္ဒပြမှုပြုလုပ်ရန် လမ်းမပေါ်စုဝေးလျက်ရှိသည့် လယ်သမားတစ်စုမှာ မတော်တဆမှုအတွင်း သေဆုံးခဲ့သည်။

သေဆုံးသူအများစုသည် ဓာတ်လိုက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ချစ်တော၌ဖြစ်ပွားခဲ့သည့် ယင်းမတော်တဆမှုအတွင်း သေဆုံးခဲ့သူများအတွက် ဝမ်းနည်းပူဆွေးကြောင်း ဒေသဆိုင်ရာအကြီးအကဲ အန်ချန်ဒရာဘာဘူနိုင်ဒူက ဖော်ပြခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို အကူအညီပေးရန် စီမံခန့်ခွဲရေးအဖွဲ့အားညွှန်ကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ခံနိုင်ဝန်ထက်ပိုကာ မတန်တဆတင်ဆောင်ခြင်း၊ လမ်းများအခြေအနေဆိုးရွားခြင်းနှင့် မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။ (ဆင်ဟွာ)

# ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ကွန်ပျူတာအခြေခံသင်တန်း မြောက်ဦးမြို့၌ ဖွင့်လှစ်

**မြောက်ဦး မေ ၂၁**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြောက်ဦး ဟိုတယ်၌ ဖွင့်လှစ်သည့် ကွန်ပျူတာ အခြေခံသင်တန်းကို မေ ၂၁ ရက် နံနက် ၉ နာရီက အဆိုပါ မြောက်ဦး ဟိုတယ်ခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်တာဝန်ခံ ညွှန်ကြားရေးမှူး ဦးရဲအောင်မိုး၊ မြောက်ဦးခရိုင် အထွေ ထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာနမှဝန်ထမ်းများနှင့် သင်တန်းသူ သင်တန်းသား စုစုပေါင်း ၇၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရခိုင်ပြည်နယ်တာဝန်ခံက အမှာစကား ပြောကြားရာတွင် ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံလူငယ်များ၏ အသိပညာ၊ အတတ်ပညာများ တိုးတက်ရန် လိုအပ်ကြောင်း၊ ယခုလို ကွန်ပျူတာ အခြေခံ သင်တန်းဘာသာရပ်များကို လူငယ်များအနေဖြင့်လည်း တတ်ကျွမ်းနေရမည်ဖြစ်ကြောင်း၊ ရခိုင်ရှေးဟောင်းမြောက်ဦး ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရန်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာပြီး ဝင်ငွေတိုးတက်မှုများရရှိလာကာ ဒေသဖွံ့ဖြိုးမှုအတွက် အထောက်အကူပြုလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူးက "အခုလိုကွန်ပျူတာအခြေခံသင်တန်း ဖွင့်လှစ်သင်ကြား ဆောင်ရွက်ပေးမှုကြောင့် ဒေသခံ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး ကိစ္စတွေကိုလည်း အထောက်အကူပြုစေတဲ့ အတွက် များစွာကျေးဇူးတင်ရှိပါတယ်"ဟု ပြောကြားသည်။

ဆက်လက်၍ မြောက်ဦးဒေသ ယဉ်ကျေးမှုအမွေအနှစ်



ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်သန်းက ရခိုင်ယဉ်ကျေးမှုကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများကပါ အသိအမှတ်ပြုလာနိုင်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို မြောက်ဦးမင်းသမီးဟိုတယ်ခန်းမ၌ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဦးကိုနီအား လုပ်ကြံမှုဖြင့် ဖမ်းဆီးခံရထားရသူများ မြောက်ပိုင်းခရိုင် တရားရုံး၌ ရုံးထုတ်

**ရန်ကုန် မေ ၂၁**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံမှုနှင့် ပတ်သက်ပြီး သေနတ်သမား ကြည်လင်းနှင့်အတူ ပါဝင်ပတ်သက်သူများဖြစ်ကြသော အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အောင်ဝင်းထွန်းတို့ကို မေ ၂၁ ရက် ယနေ့ နံနက် ၁၀ နာရီခွဲခန့်က အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြောက်ပိုင်းခရိုင် တရားရုံးတွင် ပဥ္စမအကြိမ် ရုံးထုတ်စစ်ဆေးမှုပြုလုပ်ခဲ့သည်။

ယင်းအမှုနှင့်ပတ်သက်၍ ယနေ့ ရုံးချိန်းတွင် တရားစွဲဆိုထားသည့် ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ ၊ လက်နက်ဥပဒေ ၁၉(ဃ) ၁၉ (စ) အတွက် လိုပြသက်သေ ဦးလှထွဋ်ကိုသာ စစ်ဆေးမှုပြုလုပ်ခြင်းဖြစ်ပြီး



မေ ၂၈ ရက် သောကြာနေ့တွင် ထပ်မံစစ်ဆေးမှုပြုလုပ်ရန် ချိန်းဆိုလိုက်ကြောင်း သိရသည်။

ဒုတိယခရိုင် တရားသူကြီး သတင်းနှင့် ပြန်ကြားရေးအရာရှိ ဦးခင်မောင်မြင့်က "ရှာဖွေပုံစံမှာ သက်သေဖြစ်တဲ့ ရာအိမ်မှူး ဦးလှထွဋ်ကို စစ်ပါတယ်။ စာရွက်စာတမ်းလွှဲပြောင်းပေးရာမှာ ပါတဲ့သူပါ။ ရှေ့အပတ်က ဦးတင်မောင်ဝင်းကိုပါ ရှာဖွေသက်သေအဖြစ်နဲ့စစ်တယ်။ လိုပြသက်သေ နှစ်ဦးရှိပြီး ရာဇသတ်ကြီးအမှု အမှတ် ၄၅/၂၀၁၇ ၊ ဥပဒေပုဒ်မ ၃၀၂ / ၃၄/၁၂၂ က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးကို အမှုတွဲပို့ထားတယ်။ ပြင်ဆင်မှုတင်ထားတော့ နှစ်ဖက် လျှောက်လဲချက်ကို မေ ၂၈ ရက် တိုင်းတရားရုံးမှာပဲ ကြားနာစစ်ဆေးမယ်။ စစ်ဆေးမှုနှစ်ခုဖြစ်နေတော့ ဒီရုံးမှာလည်း သက်သေလာရင် နှစ်ဖက်ရှေ့နေ ရှိမယ်ဆိုရင် စစ်မှာပါ။ ခိုင်လုံတဲ့ အကြောင်းပြချက်ပါခွင့်နဲ့ဆိုရင်တော့ မသိဘူး၊ တိုင်းမှာတော့ လူသတ်မှုနဲ့ ပတ်သက်ပြီး နှစ်ဖက်လျှောက်လဲချက်က တစ်ချိန်း၊ ကြားနာရပ့်ါမယ်" ဟု ပြောသည်။

တရားလို၏ တရားလွှတ်တော်ရှေ့နေ ဦးနေလပြောကြားရာတွင် "ရှာဖွေဖမ်းဆီးရမိခြင်း မရှိသေးတဲ့ အောင်ဝင်းခိုင်ကိုစွ ရဲတပ်ဖွဲ့နဲ့ မှုခင်းတပ်ဖွဲ့တို့က ရှာဖွေဖမ်းဆီးမှုပြုလုပ်နေတယ်လို့ သိရပါတယ်။ တရားရုံးလုပ်ထုံးလုပ်နည်းနဲ့သာ ဆိုင်ပါတယ်။ အမှုအကြောင်းအရာနဲ့ ပတ်သက်လို့ ပြောစရာမရှိသေးပါဘူး။ မေ ၂၈ ရက် တိုင်းတရားလွှတ်တော်မှာ ပြင်ဆင်မှုနဲ့ ပတ်သက်ပြီး ကြားနာရမှာမို့ ဒီရုံးကိုခွင့်တင်မယ်၊ ချိန်းပေးမယ့် သဘောတော့ရှိတယ်။ ကြားနာမှုစီရင်ဆုံးဖြတ်ချက်ခံယူရမှာပါ။ ပန်းဆိုးတန်းနဲ့ ဘားလမ်းကြား ယခင် တရားရုံးချုပ်မှာ နံနက် ၁၀ နာရီအရောက်သွားမှာပါ" ဟု ပြောကြားသည်။

**သတင်းနှင့် ဓာတ်ပုံ**
**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ပုဇွန်တောင်မြို့နယ်ရှိ သံမဏိနှင်းဆီဂျာနယ်တိုက်ခန်း၌ လူသတ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် (၂)ရပ်ကွက် ဗိုလ်တထောင်ဈေးလမ်း အမှတ်(၂၀၈) ပထမထပ်တွင် ဖွင့်လှစ်ထားသည့် သံမဏိနှင်းဆီဂျာနယ်တိုက်တွင် အပုပ်နံ့ထွက်နေကြောင်း ဘေးချင်းကပ် အခန်းနေ ဦးမြင့်စိုးက ဂျာနယ်တိုက် အယ်ဒီတာ ဦးစိန်အုပ် (၆၇ နှစ်) မြောက်ဥက္ကလာပမြို့ နေသူထံသို့ ၁၆-၄-၂၀၁၇ ရက် နံနက် ၈ နာရီခွဲခန့်တွင် ဖုန်းဆက်သဖြင့် သွားရောက်ခဲ့ရာ ၁၃-၄-၂၀၁၇ ရက်မှစ၍ ဂျာနယ်တိုက်တွင် တစ်ဦးတည်း ကျန်ခဲ့သည့် သားဖြစ်သူ ဝေယံဟိန်း ( ၂၇ နှစ် ) (ထုတ်ဝေသူ၊ သံမဏိနှင်းဆီဂျာနယ်)သည် ရုံးခန်းအတွင်းရှိ ထိုင်ခုံအောက်တွင် ထိုင်ခုံအားမှီလျက် ဝမ်းဗိုက်၌ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရသဖြင့် ဦးစိန်အုပ်က ပုဇွန်တောင်မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

သေဆုံးသူ ဝေယံဟိန်း အသတ်ခံရမှုနှင့်ပတ်သက်၍ ၎င်းသွားလာတတ်



ဖြစ်မှုကျူးလွန်သူ အောင်ကိုကို

သော နေရာများ၊ ဂျာနယ်တိုက်သို့ ဝင်/ထွက်သွားလာတတ်သူများနှင့် မိတ်ဆွေအပေါင်းအသင်းများအား ရဲတပ်ဖွဲ့မှ စုံစမ်းခဲ့ရာ လွန်ခဲ့သော ရှစ်လခန့်မှစ၍ မင်္ဂလာတောင်ညွန့်မြို့နယ်နေ အိမ်ထောင်ရှိ အမျိုးသမီးတစ်ဦးနှင့် လူမှုရေး ဆက်နွှယ်မှုရှိကြောင်း၊ အဆိုပါ အမျိုးသမီးသည် ၁၁-၄-၂၀၁၇ ရက်နေ့မှစ၍ နေအိမ်တွင် မရှိဘဲ မိသားစုနှင့်အတူ ပျောက်ဆုံးနေကြောင်း စုံစမ်းသိရှိရသဖြင့် ၎င်း၏မိဘများ နေထိုင်ရာဒေသနှင့် ခင်ပွန်းဖြစ်သူ အောင်ကိုကို၏ မိဘများနေထိုင်ရာ ပြင်ဦးလွင်မြို့သို့ သွားနိုင်ကြောင်း သိရသဖြင့် ရဲတပ်ဖွဲ့မှ အဖွဲ့ငယ်များခွဲ၍ သတင်းစုံစမ်းခြင်း၊ သတင်းစိစစ် ညှိနှိုင်းအတည်ပြုခြင်းများ ဆောင်ရွက်၍ စဉ်ဆက်မပြတ် စုံစမ်းခဲ့ရာ ၁၉-၄-၂၀၁၇ ရက်နေ့တွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁၉)ရှိ အောင်ကိုကို၏ မိဘများနေအိမ်တွင် ဖြစ်မှုနှင့် ပတ်သက်၍ မသင်္ကာသူ အောင်ကိုကို (၃၁ နှစ်) သဘော်သား၊ အမှတ်(၄၅)၊ ၁၂၅ လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် နေသူအား ဖမ်းဆီးစစ်ဆေးခဲ့သည်။

အောင်ကိုကိုအား စစ်ဆေးခဲ့ရာ ၁၁-၄-၂၀၁၇ ရက်နေ့တွင် နေအိမ်၌ ဇနီးနှင့်သားဖြစ်သူအား အပြင်မှ သော့ပိတ်ထားခဲ့ရာမှ ဇနီးရောကလေးပါ ပျောက်ဆုံးသွားသဖြင့် လွန်ခဲ့သော သုံးလကဇနီးနှင့် လူမှုရေးဆက်နွှယ်မှု ရှိခဲ့သော ဝေယံဟိန်းဆိုသူထံ အကျိုးအကြောင်းရလိုငြား ဖုန်းဖြင့်ဆက်သွယ်ခဲ့ရာမှ ၁၄-၄-၂၀၁၇ ရက်နေ့တွင် ဝေယံဟိန်းက ၎င်းနေထိုင်သည့် သံမဏိနှင်းဆီဂျာနယ်တိုက်လိပ်စာသို့ လာရောက်ရန် ချိန်းဆိုပြောကြားသဖြင့် မွန်းလွဲ ၂ နာရီခန့်တွင် အောင်ကိုကိုသွားရောက်ခဲ့ရာမှ ရုံးခန်းအတွင်း ၎င်းတို့နှစ်ဦး စကားအခန့်မသင့်၍ တစ်ယောက်တစ်ခွန်းစကားများစဉ် အောင်ကိုကိုက အနီးရှိ စားပွဲပေါ်တွင် တွေ့ရသည့် ဓားဦးချွန်ဖြင့် ၁၄၊ ၁၅ ချက်ခန့် ထိုးသတ်ပြီး အဆိုပါဓားနှင့် ဝေယံဟိန်း၏ iPhone Se အား ယူဆောင်ခဲ့ကာ မိဘများနေထိုင်ရာ ပြင်ဦးလွင်မြို့သို့ မိသားစုနှင့်အတူ ထွက်ပြေးတိမ်းရှောင်စဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ အမှုနှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းများ ဖြစ်သော iPhone Se နှင့် ဓားအား လိုက်လံသိမ်းဆည်းနိုင်ရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။ **(မြန်မာ့အလင်း)**

# မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် မေ ၂၁**

မောင်တောမြို့နယ် အောင်စစ်ပြင်ကျေးရွာအုပ်စု ရီးဒါးကျေးရွာလမ်းဆုံ၌ ယမန်နေ့ ညနေပိုင်းက ဆိုင်ကယ်စီးနင်းလာသူ နှစ်ဦးထံမှ ကာလတန်ဖိုး ငွေကျပ် ၃၄ သိန်း တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ကြိမ်ချောင်း ရဲစခန်းမှ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ မေ ၂၀ ရက် ညနေ ၄ နာရီခန့်တွင် အောင်စစ်ပြင် ကျေးရွာအုပ်စု ရီးဒါးကျေးရွာလမ်းဆုံ၌ စောင့်ဆိုင်းနေစဉ် ကြိမ်ချောင်းဘက်မှ အောင်စစ်ပြင်သို့ ထွက်ခွာလာသည့် မာမတ်အီဒရိစ် မောင်းနှင်ပြီး ထွန်းနိုင်လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ထွန်းနိုင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ထုပ် စုစုပေါင်း ၁၇၀၀ ကာလတန်ဖိုးငွေကျပ် ၃၄၀၀၀၀၀ ခန့်အား ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

စစ်ဆေးချက်အရ အဆိုပါဆေးပြားများအား ကြက်ရိုးပြင်ကျေးရွာ ဈေးအနီးနေ အီနူးစ်၏ နေအိမ်မှ ယူဆောင်ခဲ့ပြီး ကြိမ်ချောင်း-တောင်ပြိုသွားကားလမ်း ဇီးပင်ချောင်းကျေးရွာအဝင် လမ်းဆုံသို့ ပို့ဆောင်ပေးရန်ဖြစ်ကြောင်း၊ သယ်ဆောင်ခအဖြစ်ငွေကျပ် ၄၀၀၀၀ ရရှိကြောင်း သိရသဖြင့် ကွင်းဆက်တရားခံဖြစ်သူ အီနူးစ်နေအိမ်သို့ သွားရောက်ရှာဖွေရာ ၎င်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူနှစ်ဦးအား ကြိမ်ချောင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂၀ ရက်က မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၇၇ စီး၊ သွင်းကုန် ၃၇၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀ စီး၊ သွင်းကုန် ၈၆ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၄ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၉ ဒသမ ၃၆၇၆ သန်းခန့်နှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု ခန့်မှန်း တန်ဖိုးငွေကျပ် ၁၁၉ ဒသမ ၈၄၉ သန်းခန့်၊ စုစုပေါင်း ၂၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉ ဒသမ ၂၁၆၆ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဧပြီ ၂၀ ရက်က ကျိုက်ထိုမြို့မိုင်တိုင်အမှတ်-၁၂၄ မိုင်အနီး၌ ၁၂ ဘီးယာဉ် သုံးစီးအား သတင်းရရှိ၍ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင် သွားရောက်စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် Beer Chang (330ml)(1x 24 Can)(5250) Pkgs၊ Cheers Beer (330ml) (1 x 24 Can)(450) Pkgs နှင့် သယ်ဆောင်သည့်ယာဉ် သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Beer Chang နှင့် Cheers Beer များကို တွေ့ရစဉ်

# မန္တလေးကျုံးရေပြင်အတွင်း သားအမိနှစ်ဦး ခုန်ချသေဆုံးရန် ကြံစည်မှုဖြစ်ပွား

**မန္တလေး ဧပြီ ၂၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် လမ်း ၈၀ နှင့် ၁၃ လမ်းကြားရှိ ကျုံးရေပြင်အတွင်းသို့ ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီခန့်က ကလေးငယ်တစ်ဦးနှင့်အတူ အမျိုးသမီးတစ်ဦး ခုန်ချခဲ့ရာ အမျိုးသမီးမှာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်လုံးချမ်းသာရပ်ကွက် အကွက်(၅၄) တောင်တလုံးဝင်းနေသူဖြစ်ပြီး ၎င်းမှာ စိတ်ကျန်းမာရေး မကောင်း၍ ကျုံးရေပြင်အတွင်း ခုန်ချသဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် နာမှုကူညီရေးအသင်းဝင်များပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေမှုကြောင့် မွန်းလွဲ ၁ နာရီ မိနစ် ၅၀ က ၎င်းကို ပြန်လည်တွေ့ရှိခဲ့ကာ မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် ညနေ ၃ နာရီခန့်က သေဆုံးသွားခဲ့သည်။

"သတင်းကြားကြားချင်းမှာပဲ ဖြစ်ပွားရာနေရာကို သွားခဲ့တယ်။ ရဲတပ်ဖွဲ့ဝင်တွေနဲ့ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေနဲ့အတူ နာရေးကူညီမှုအသင်းသားတွေနဲ့ ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့တယ်။ ကလေးကိုတော့ အမြန်ဆုံးရှာဖွေနိုင်ခဲ့ပြီး ဆေးရုံကြီးကို ပို့လိုက်တယ်။ အမျိုးသမီးကိုတော့ အချိန်အတော်လေးကြာအောင်ရှာဖွေခဲ့ပြီးမှ တွေ့ရှိခဲ့တာပါ။ ဆေးရုံကြီးရောက်ပြီးလို့ သုံးနာရီလောက်မှာပဲ အဲဒီအမျိုးသမီးက သေဆုံးသွားခဲ့တာပါ။ အခု ကလေးငယ်ကိုတော့ ကလေး ဆေးရုံကြီးကိုလွှဲပြောင်းပို့ဆောင်ထားတယ်"ဟု အမှတ်(၄) နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မြတ်ကျော်သူက ပြောခဲ့သည်။

သေဆုံးသူအမျိုးသမီး ကျုံးရေပြင်အတွင်း ခုန်ချရာတွင် ပါသွားခဲ့သော ၎င်း၏ ခုနစ်လအရွယ်သားဖြစ်သူမှာ အသက်ရှင်ကျန်ရစ်ခဲ့ပြီး ကလေးဆေးရုံကြီးသို့လွှဲပြောင်းကာ အရေးပေါ် ကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ အမှတ်(၂)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# ဗိဿနိုးမြို့ဟောင်းတွင် ပျံလွန်တော်မူခဲ့သည့်ဆရာတော်အား မီးသင်္ဂြိုဟ်ရာမှ လူ ၁၄ ဦး နှင့် သံဃာတစ်ပါး မီးလောင်ဒဏ်ရာရ

**တောင်တွင်းကြီး ဧပြီ ၂၁**

တောင်တွင်းကြီးမြို့နယ် ဗိဿနိုးမြို့ဟောင်းအတွင်းရှိ ရွှေရောင်တော်ဘုရားအနီး၌ ဧပြီ၂၀ ရက် ညနေပိုင်းက ပျံလွန်တော်မူခဲ့သော ဆရာတော်အား မီးသင်္ဂြိုဟ်မှုပြုလုပ်ခဲ့စဉ် အနီးရှိ လူ ၁၄ ဦးနှင့် သံဃာတော်တစ်ပါး မီးဟပ်ခံခဲ့ရ၍ မီးလောင်ဒဏ်ရာများရရှိခဲ့ကြောင်း တောင်တွင်းကြီးမြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖြစ်စဉ်မှာ ဗိဿနိုးမြို့ဟောင်းအတွင်းရှိ ရွှေရောင်တော်ဘုရားကျောင်းထိုင်ဆရာတော် ဦးဝိစိတ္တဉာဏ သက်တော်(၉၀)နှစ် ဝါတော်(၇၀)မှာ ဧပြီ ၁၇ ရက် နံနက် ၁ နာရီက ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြောင်း သိရှိရပြီး ယင်းပျံလွန်တော်မူခဲ့သည့် ရွှေရောင်တော်ဘုရား ကျောင်းထိုင်ဆရာတော်၏ ရုပ်ကလာပ်တော်အား ဧပြီ ၂၀ ရက် ညနေ ၅ နာရီခွဲက ရွှေရောင်တော်ဘုရား၏ အနောက်ဘက်တစ်ဖာလုံခန့်အကွာရှိ ပွဲတော်ကုန်း၌ မီးသင်္ဂြိုဟ်မှုပြုလုပ်စဉ် ခါတ်ဆီလောင်းမီးရှို့ခဲ့သဖြင့် ရုတ်တရက် မီးထလောင်ကာ အနီးရှိ ဆရာတော်၏ရုပ်ကလာပ်ကို ဝတ်ပြုနေကြသည့် အမျိုးသား ၁၄ ဦးနှင့် ဦးပဉ္ဇင်းတစ်ပါးတို့ မီးဟပ်ခံခဲ့ရခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ကြပြီး ရဲဆေးစာဖြင့် တောင်တွင်းကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင် ကုသမှုခံယူစေခဲ့သည်။ မီးလောင်ဒဏ်ရာ ရရှိသူများမှာ တောင်တွင်းကြီးမြို့နယ် ကြက်ဆူတောရွာမှ အမျိုးသား ၁၁ ဦး၊ တောင်တွင်းကြီးမြို့နယ် လက်ပံရှည်ရွာမှ အမျိုးသားတစ်ဦးနှင့် ဦးပဉ္ဇင်းတစ်ပါး၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နေ အမျိုးသားတစ်ဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်နေ အမျိုးသားတစ်ဦးတို့ဖြစ်ကြောင်း သိရှိရပြီး လက်ရှိဆေးရုံ၌ သံဃာတော်တစ်ပါးနှင့် အမျိုးသားရှစ်ဦး တက်ရောက်ဆေးကုသမှုခံယူနေပြီး အမျိုးသားခြောက်ဦးမှာ ပြင်ပလူနာများအဖြစ် ဆေးကုသမှု ခံယူခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ငွေကျပ် သိန်း ၁၁၀ ကျော်တန်ဖိုးရှိ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ လုယူထွက်ပြေးသွားသူသုံးဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးအရေးယူ

**နေပြည်တော် ဧပြီ ၂၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆန်ခါကျေးရွာနေ ဒေါ်ဦးသန်းတင်(၅၂ နှစ်)သည် ဧပြီ ၂၀ ရက် နံနက် ၂ နာရီက ရခိုင်ပြည်နယ် မြောက်ဦးမြို့မှ ခရီးသည်တင်ယာဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးသို့လာရာ ကျွဲဆည်ကန်ကားဝင်းသို့အရောက် အမည်မသိလူငယ်တစ်ဦးက လိုက်ပို့ပေးမည်ဟုပြောကာ ယာဉ်ဖြင့်ခေါ်သွားသောကြောင့် လိုက်သွားခဲ့ရာ လမ်းတွင် ယာဉ်ရပ်၍ အမျိုးသားနှစ်ဦး အသင့်စောင့်နေသည့် ယာဉ်ပေါ်သို့ ပြောင်းစီးခိုင်းသဖြင့် နောက်တစ်နေရာ အရောက် ပထမခေါ်ဆောင်လာသည့် ကားသမားက စောင့်နေပြီး သုံးဦးပေါင်း ခေါ်ဆောင်လာစဉ် ယာဉ်မောင်းက ဒေါ်ဦးသန်းတင် ဆွဲထားသော အလေးချိန်ခြောက်ကျပ်သားခန့် ရွှေဆွဲသီးပါဆွဲကြိုးတစ်ကုံး၊ တန်ဖိုး ငွေကျပ် ၄၈ သိန်းခန့်အား လုယူခဲ့ပြီးနောက် ငွေကျပ် ၆၁ သိန်းခန့် တန်ဖိုးရှိ ရွှေထည် လက်ဝတ်ရတနာပစ္စည်းများနှင့် ငွေကျပ် ၂၄၀၀၀၀ ပါ ပိုက်ဆံအိတ်အား ခြိမ်းခြောက်တောင်းယူကာ ယာဉ်ပေါ်မှ ဆင်းခိုင်းခဲ့သောကြောင့် ဒေါ်ဦးသန်းတင်က အရေးယူပေးရန် ပြည်ကြီးတံခွန်မြို့မ ရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များနှင့် ပြည်ကြီးတံခွန် မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုက်လံစုံစမ်းဆောင်ရွက်ခဲ့ရာ အမှုမှ မသင်္ကာသူများမှာ မန္တလေးမှ ရန်ကုန်ဘက်သို့ ထွက်ခွာ သွားသော 7D/---အရိန္ဒမာယာဉ်ဖြင့် လိုက်ပါသွားကြောင်း သိရှိရသဖြင့် ပေပင်လေးအမြန်လမ်းမကြီး ရဲစခန်းမှူးထံ ဆက်သွယ်အကြောင်းကြားခဲ့သည်။ ပေပင်လေးအမြန်လမ်းမကြီး ရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ မိုင်တိုင်အမှတ်(၂၆၂/၃) အနီးမှ သွားရောက်စောင့်ဆိုင်းနေပြီး ည ၁၁ နာရီ ၅ မိနစ်တွင် အရိန္ဒမာယာဉ်အား မောင်းနှင်လာသည်ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ ပြစ်မှုကျူးလွန်သူများဖြစ်သည့် ပြည်ကြီးတံခွန်မြို့နယ် စိုက်ခင်းရပ်ကွက်နေ ပြည်ဖြိုးအောင်(ခ)လက်ပွား(၂၂နှစ်)၊ အောင်မြေသာစံမြို့နယ် အုတ်စက်ဒေါနဘွားရပ်ကွက်နေ နေမျိုးအောင်(၂၄ နှစ်)နှင့် ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက်နေ သန်းဌေးအောင်(၁၈နှစ်)တို့ သုံးဦးအား လုယူသွားသည့် သက်သေခံ ရွှေထည်လက်ဝတ်ရတနာပစ္စည်းများ၊ ငွေကျပ် ၉၀၀၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့သုံးဦးအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**





# မတ္တရာမြို့နယ်တွင် မီးလောင်မှုတစ်ခုဖြစ်ပွား

**မတ္တရာ ဧပြီ ၂၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အမှတ်(၄)ရပ်ကွက် သရက်တန်းရပ်ရှိ ငါးမွေးမြူရေးတွင် ဧပြီ ၂၁ ရက် မွန်းလွဲ ၁ နာရီ ၂၅ မိနစ်က ငါးကန်စောင့်တဲတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးအောင်မင်း၏ ငါးမွေးမြူရေးကန်မှ ငါးကန်တာဝန်ခံ ကိုချမ်းသာနေထိုင်သည့် ဝါးကပ်မိုး၊ ထရံကာ၊ အသားခင်း ကန်စောင့်တဲတွင် ဆေးလိပ်တိုစွန့်ပစ်ခဲ့ရာမှ အနီးရှိစက္ကူမှတစ်ဆင့် မီးကူးစက်လောင်ခဲ့ကြောင်း အမှတ် (၄) ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာလူထုတို့ ပူးပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင်မီးလုံးဝငြိမ်းသွားခဲ့သည်။

မီးလောင်ရာသို့ မတ္တရာမြို့နယ် မီးသတ်စခန်းမှ ဒုဦးစီးမှူး ဦးညွန့်ဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မတ္တရာမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်နိုင်လင်းနှင့်တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ထရံများ၊ ကပ်မိုးများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကြောင့် တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်းနှင့် အခြားသို့ ကူးစက်လောင်ခြင်းမရှိကြောင်းတွေ့ရှိရပြီး မီးပေါ့ဆသူ ကိုချမ်းသာအား မတ္တရာမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကျေးရွာတောအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ဗန်းမော် ဧပြီ ၂၁**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် မလူလာကျေးရွာတောအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြားများသုံးစွဲရန်နှင့် ပြန်လည်ရောင်းချရန်ပြင်ဆင်ထားသော ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်မူးယစ်တပ်ဖွဲ့စု(၁)မှ ရဲတပ်ကြပ်ကြီး ဇော်ဝင်းအောင် ဦးစီးတပ်ဖွဲ့ဝင်များက ဧပြီ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ဗန်းမော်မြို့နယ် မလူလာကျေးရွာ၏ တောင်ဘက် (၁) ဖာလုံခန့်အကွာ မလူလာတောအတွင်းမှ သတင်းအရ မောင်မောင်ချို (ခ) ဦးမောင်ဆိုသူအားတွေ့ရှိပြီး ၎င်းအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြား သိမ်းဆည်းရမိပြီး ဆက်လက်စစ်ဆေးချက်အရ ၎င်း၏ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၄ ပြား ထပ်မံသိမ်းဆည်းရမိသဖြင့် မောင်မောင်ချို(ခ) ဦးမောင် (၄၆ နှစ်) အား ဗန်းမော်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **(ခရိုင် ပြန်/ဆက်)**

# ကော့မှူးမြို့နယ် လက်ခိုက်ရွာနှင့်ရှေးဟောင်းသမိုင်းဝင်ဆံတော်ကြို (ကျိုက်မွန်ထို) စေတီတော်

ဆောင်းပါး-မောင်ဖေ(လက်ခိုက်သား)၊ ဓာတ်ပုံ-ဝင်းမင်းထွန်း



ဒီရွာမှာမွေး၊ ဒီရွာမှာကြီးပြင်းခဲ့သူမို့ စာရေးသူ၏ နာမည်နောက်တွင် (လက်ခိုက်သား)ဟု မှတ်မှတ်ထင်ထင် ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ စာရေးသူတို့ ငယ်စဉ်က ဟံသာဝတီခရိုင် အနောက်ခြမ်းတွင် ကွမ်းခြံကုန်း (တောင်ပိုင်း)၊ (မြောက်ပိုင်း) မြို့နယ်နှင့် တွံတေးမြို့နယ်ဟူ၍ သုံးမြို့နယ်ရှိခဲ့ပြီး ကွမ်းခြံကုန်း (မြောက်ပိုင်း)မြို့နယ် (လက်ခိုက်ရွာ) အဖြစ် တည်ရှိခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် ကော့မှူးမြို့နယ်ကို သီးခြားမြို့နယ်အဖြစ် သတ်မှတ်ခဲ့သဖြင့် ယခုအခါ ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် (လက်ခိုက်ရွာ) ဟု ခေါ်ဝေါ်ခဲ့ပါသည်။

မိမိငယ်စဉ် ကျောင်းသားဘဝကပင် မိမိရွာရှိ (ကျိုက်မွန်ထို) စေတီတော်သည် ရှေးဟောင်းသမိုင်းဝင် ဆံတော်ကြိုစေတီတစ်ဆူဖြစ်ကြောင်း သိရှိခဲ့ရသည်။ ရင်ပြင်တော်ပေါ်အရှေ့ဘက် ပြိုပျက်နေသော မဟာရံတံတိုင်းအနီးတွင် အလွန်ကြီးမားပြီး ကွဲအက်ကျိုးပဲ့နေသည့် ကျောက်ပြားချပ်ကြီးများကို တွေ့ရှိခဲ့ဖူးသော်လည်း ရှေးဟောင်းမွန်ကျောက်စာဟု မသိရှိခဲ့ပါ။ သို့သော် မိမိရွာနှင့် စေတီတော်ကြီးမှာ အခြားသော ဆံတော်ကြိုစေတီများနှင့်မတူ သမိုင်းအထောက်အထားရှိသော ရွာနှင့်စေတီတော်ကြီးအဖြစ် စိတ်အစဉ်တွင် စွဲမြဲနေခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ရွာနှင့် ဘုရားကြီးအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ မှတ်တမ်းမှတ်ရာအဖြစ် မှတ်တမ်းတင်နေချင်မိခဲ့ပါသည်။

သို့ရာတွင် စာရေးသူသည် စာရေးဆရာမဟုတ်သဖြင့် မဝံ့မရဲဖြင့် မရေးနိုင်ခဲ့ပါ။ ယခုအခါတွင် ဝန်ထမ်းဘဝဖြင့် နှစ် ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူပြီးသည့်နောက် အသက် ၇၀ ဝန်းကျင်သို့ ချဉ်းကပ်လာချိန်တွင် ယခင်ကရှိခဲ့သော စိတ်အစဉ်မှာ ပို၍ပို၍ ဖြစ်ပေါ်နေခဲ့ပါသည်။

ယင်းသို့ စိတ်ဆန္ဒဖြစ်ပေါ်နေစဉ် ၁၆-၈-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ဆရာမောင်သာ (ရှေးဟောင်းသုတေသန)၏ ဘုရင့်နောင်မင်း ခေါင်းလောင်းစာဆောင်းပါးတွင် (ကွင်းဆက်မှတ်တမ်းများအရ ကွမ်းခြံကုန်းမြို့နယ် လက်ခိုက်ကျေးရွာရှိ မြန်မာသက္ကရာဇ် ၈၀၀ ပြည့်နှစ် ထိုးခေါင်းလောင်းသည် မြန်မာနိုင်ငံ၏ အစောဆုံးခေါင်းလောင်းဖြစ်ကြောင်း ပါရှိခဲ့ပါသည်။ တစ်ဖန် ၁၆-၉-၂၀၁၆ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆောင်းပါးရှင် ဆရာမောင်သင်းပျံ့၏ (ကော့မှူးမြို့နယ် ဆပုဂံရွာမှ ရှေးဟောင်းသမိုင်းဝင် ဆံတော်ကြိုစေတီ) အကြောင်းပါရှိခဲ့ရာမှ မိမိ၏ ဇာတိလက်ခိုက်ရွာနှင့် ဆံတော်ကြို(ကျိုက်မွန်ထို) စေတီအကြောင်းကို ယခုကဲ့သို့ မှတ်တမ်းမှတ်ရာအဖြစ် ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မဇ္ဈိမဒေသ၌ ဗုဒ္ဓဘုရားရှင်ပွင့်တော်မူခဲ့ပါသည်။ ထိုအချိန်က ဥက္ကလာပမြို့၏ တောင်ဘက် မွန်အခေါ် (ကော့ကျွန်း)၊ ပါဠိအခေါ် (ပေါက္ခရဝတီ)၊ ယခုအခေါ် ခပင်း(ကဘင်း)ရွာ (ဒလမြို့)သား တဖုဿ၊ ဘလ္လိကကုန်သည်ညီနောင်တို့သည် မဇ္ဈိမဒေသသို့ ဆန်ရောင်းသွားရင်း ဘုရားရှင်အား ရာဇယတနလင်းလွန်းပင်အောက်တွင် သတ္တဌာန ၄၉ ရက်စံနေတော်မူခိုက် မဟာသက္ကရာဇ် ၁၀၃ ခု၊ ဝါဆိုလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့တွင် သွားရောက်ဖူးမြော်ပြီး ပျားမုန့်ဆုပ်နှင့် မုန့်ကြွက်ကျစ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ရာ အနာဂတ်သာသနာ ကာလရှည်ကြာထွန်းလင်းတောက်ပမည်ကို သဗ္ဗညုတဉာဏ်ဖြင့် သိမြင်တော်မူ၍ ဦးခေါင်းတော်ကို ညာလက်ဖြင့်သပ်ကာ ရှစ်ဆူသောဆံတော်ကို ဆွဲယူပေးသနားတော်မူခဲ့ပါသည်။

ဆံတော်ရှစ်ဆူကို ပင့်ဆောင်ပြီး ပေါက္ခရဝတီသို့ ပြန်လာရာလမ်း၌ ဇေယျဒီပကျွန်း ယခုအခေါ်(ဖရုံကာကျွန်း) အဇ္ဈုတ္တနာဂရမြို့ အကောက်ဆိပ်ဝန်က ဆံတော်နှစ်ဆူကို သိမ်းယူခဲ့ပြီး နာဂရာဇ်မော်အငူ ယခု(မော်တင်စွန်း)သို့ ရောက်ရှိစဉ် ဇေယျသေနနဂါးမင်းက ဆံတော်နှစ်ဆူကို ခိုးယူဝှက်ထားကိုးကွယ်ပြီး မော်တင်စွန်း၌ဆံတော်ကို ဌာပနာ၍ စေတီတည်ခဲ့ပါသည်။ ကျန်သော ဆံတော်လေးဆူဖြင့် ဆက်လက်ထွက်ခွာရာ ကွမ်းခြံကုန်းပင်လယ်ဝရှိ (ကညင်ကုန်း) ရွာ၌ ကျောက်ချရပ်နားကာ ပြန်လည်ထွက်ခွာစဉ် ကျောက်ဆူးငြိနေသဖြင့် မုတ်ကျွန်းဒေသရွာသူရွာသားများက ဆံတော်ခေတ်များကို ပူဇော်ပြီး ကျောက်ဆူးငြိစေတီကို တည်ထား ကိုးကွယ်ခဲ့ကြပါသည်။

ကညင်ကုန်းဆိပ်ကမ်းမှ ကွမ်းခြံကုန်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဆက်လက်ထွက်ခွာလာရာ လမ်းတစ်လျှောက်တွင် ဒလတောကြီးတန်း နယ်သူနယ်သားများမှ ဆံတော်ကြိုစေတီများကို တည်ထားကိုးကွယ်ကြရာ ကွမ်းခြံကုန်းမြို့နယ် ဒေးဒနော်ရွာတွင် ကျိုက်ဒေးကနောင်ခေါ် စစ်ပင်ကုန်းစေတီ၊ အင်္ဂလုံးရွာတွင် ကျိုက်အံ့ခလွန်းခေါ် ဂျောင်အင်းစေတီစသည့် စေတီနှစ်ဆူကိုလည်းကောင်း၊ ကော့မှူးမြို့နယ် ဆပုဂံရွာတွင် ကျိုက်လှာပကံခေါ် ဆပုဂံစေတီ၊ တရုပ်ကုန်းရွာနှင့် မြို့ကုန်းရွာကြားတွင် ကျိုက်ဒေးစွန်းပါခေါ် ကျက်တံခိုးနွတ်စေတီ၊ တကူခြံရွာတွင် ကျက်တံခိုးထွင့်စေတီ၊ လှာပတီခေါ်လာဝတီသဲကွင်းရွာနှင့် လက်ခိုက်ပိတ်စွယ်ကုန်းရွာနှစ်ရွာကြား တောင်ကုန်းပေါ်တွင် ကလျာဏီသိမ်ကျောက်စာ၌ “လက္ခိရပူရ” ဟု ရေးထိုးထားပြီး ယခုကျိုက်မွန်ထို ဟုခေါ်သည့် လက်ခိုက်ဘုရားနှင့် ကော့မှူးမြို့တွင် ကျိုက်ကော့မှူးခေါ် ကျိုက်စွန်းဘုရားစသည့် စေတီငါးဆူကိုလည်းကောင်း၊ တွံတေးမြို့နယ် ဘုရားကြီးရွာတွင် ဖလကြီးခေါ် ဖက်ယားကြီး (ဖလယ်ကြီး) ဘုရားနှင့် ကံဘဲ့(ကဘင်း) ပေါက္ခရဝတီမြို့ ဒလမြို့ဟောင်းတွင် ကျိုက်ကေသာစေတီစသည့် စေတီနှစ်ဆူကိုလည်းကောင်း စသည့်ဖြင့် ဆံတော်ကြို စေတီပေါင်းကိုးဆူကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ထိုဆံတော်များကို ဆက်လက်ပင့်ဆောင်ပြီး ဗိုလ်တထောင်၊ ထိုမှတစ်ဆင့် သိင်္ဂုတ္တရကုန်းတော်၌ ဌာပနာ၍ တည်ထားကိုးကွယ်ခဲ့ရာ ယနေ့ ရဟန်းရှင်လူပြည်သူအပေါင်း ဖူးမြော်နေကြရသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးဖြစ်ပါသည်။

ဆံတော်ကြိုစေတီကိုးဆူအနက် ဆံတော်ကြိုစေတီ အမှတ် (၆) ကျိုက်မွန်ထိုစေတီတည်ရှိရာ လက်ခိုက်ရွာသည် ပုဂံခေတ်၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ်တို့တွင် ဒလမြို့နှင့်အတူ လက်ခိုက်မြို့အဖြစ် တည်ရှိခဲ့ပါသည်။ ဟံသာဝတီရာဇဌာနီရာမညတိုင်းတွင် ပဲခူးကို မင်းနေပြည်တော်အဖြစ်ထားပြီး ဒဂုံ-ဒလ၊ သထုံ-မုတ္တမ၊ သထုံ-မြောင်းမြဟူ၍ တိုင်းမြို့ကြီးသုံးရပ် ခွဲခြားအုပ်ချုပ်ခဲ့ပါသည်။ ရာဇဓိရာဇ်၏ခမည်းတော် ဗညားဦးလက်ထက်က ဒလမြို့စား၊ ဇိပ်ပြဲကွယ်လွန်ခဲ့သဖြင့် ပဲခူးမြို့စားညီဂေါင်သိန်၏သား မညီဂံဂေါင်အား ဒလမြို့စားအဖြစ် ခန့်အပ်ခဲ့ပြီး မြောင်းမြမြို့စား လောက်ဖျား၏သား မလဂွန်းကို သမိန်သံဖြတ်ဘွဲ့အမည်ဖြင့် လက်ခိုက်မြို့စားအဖြစ် ခန့်အပ်ခဲ့ပါသည်။ ဟံသာဝတီခေတ် ဗညားဦးလက်ထက်တွင် လက်ခိုက်မြို့သည် သီးခြားမြို့စား အပိုင်နယ်မြေအဖြစ် ထင်ရှားခဲ့ပါသည်။ လက်ခိုက်မြို့ရိုး၊ ကျုံးမြောင်းရှိရာ ဆပကာခေါ် ဆပ်သင်ကန် (ဆပုဂံ)တစ်ဝိုက်သည် မင်းရဲကျော်စွာတပ်စွဲနေရာ ဖြစ်ခဲ့ပါသည်။ သက္ကရာဇ် ၉၄၄ ခုနှစ်တွင် နန်းတက်သော ဘုရင့်နောင်၏သားတော် နန္ဒဘုရင်လက်ထက်တွင် ဟံသာဝတီနေပြည်တော်၌ ဆန်ရေစပါး ရှားပါးမှုကြောင့် နေပြည်တော်မှ လူအများအပြား ဒလမြို့စားပိုင်နယ်နှင့် လက်ခိုက်မြို့ အပိုင်နယ်များသို့ ပြောင်းရွှေ့လာခဲ့သည်ဟု သိရှိရပါသည်။

ယခုကော့မှူးမြို့နယ် လက်ခိုက်၊ လာဝတီ၊ မြို့ကုန်း၊ တရုပ်ကုန်း၊ ဆပုဂံရွာများသည် ဟံသာဝတီခေတ်က လက်ခိုက်မြို့ဖြစ်ခဲ့ပါသည်။ ထိုရွာများတွင် ယနေ့တိုင် မြို့ရိုး၊ ကျုံးဟောင်းများ ရှိနေပါသည်။ လက်ခိုက်မြို့စားအပိုင်နယ်မှာ အနောက်ဘက် လာဝတီ၊ ဆပုဂံ၊ အင်္ဂလုံး၊ ဒေးဒနော်၊ ဆူးကလပ်မှ ကျုံလတာ၊ ကျုံလတာမှပီလခတ်ထိ၊ ပင်လယ်ကမ်းရိုးတန်း အရှေ့တောင်ဘက်၊ ပီလခတ်မှ ရခိုင်ချောင်အထိ ဒဂုံမြစ်အနောက်ဘက်ကမ်းရိုး၊ အရှေ့ဘက်ကော့မှူး၊ အဖျောက်၊ နတ်စင်ကုန်းအထိဖြစ်ပြီး ပြိုပျက်နေသော ရှေးဟောင်းစေတီ ၁၅ ဆူကို (ခနုတ်ကင်း)မှရရှိသည့် အခွန်ငွေဖြင့် လက်ခိုက်မြို့စား သမိန်သံဖြတ်က ပြုပြင်ရကြောင်း သိရသည်။ ပထမအင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီးတွင် ဒလမြို့ဝန်ရုံးကို (မိုင်းသူ) ယခုဒလမြို့နေရာသို့ ပြောင်းရွှေ့သွားသဖြင့် ဒလမြို့ဟောင်းသည် ပျက်သွားသည့်နည်းတူ အင်္ဂလိပ်ခေတ်တွင် လက်ခိုက်မြို့သည်လည်း အရေးပါမှုနည်းပါးမေးမှိန်သွားခဲ့ပြီး မွန်ဘာသာ “လှာဗတွဲ” နှောင်းခေတ်တွင် “လက္ခိုက်”ယခုအခါ လက်ခိုက်ဟုခေါ်တွင်သော ရွာကြီးတစ်ရွာအဖြစ်သာ ရှိနေပါတော့သည်။

ခရစ်သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)မှ သံအဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ပဋိပက္ခဖြစ်ပွားခဲ့ရာ ဒလတောကြီးတန်းဒေသကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ထိုသမိုင်းကို လက်ခိုက်ဘုရားရှိ ကျောက်စာ၌ဖော်ပြထားပါသည်။ ထိုကျောက်စာသည် ၁၂ ရာစုက ရေးထိုးစိုက်ထူခဲ့သည်ဟု ယူဆပြီး မြန်မာနိုင်ငံအောက်ပိုင်းတွင် အစောဆုံးကျောက်စာဟု သိရှိရသည်။ အထက်တွင် ဖော်ပြသကဲ့သို့ ကျောက်စာမှာ လက်ခိုက်ဘုရားတောင်ကုန်းခါးတစ်ဝက်သို့ ကျိုးကျပျက်စီးပြီး မြေမြုပ်လျက်ရှိနေပြီဖြစ်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် ခေါင်းလောင်းမှာမူ ဘုရားကြီး၏ ရင်ပြင်တော်အရှေ့ဘက်တွင် ယနေ့တိုင် ချိတ်ဆွဲလျက်ရှိနေပါသည်။ လက်ခိုက်ဘုရားအနီးတွင် တည်ရှိခဲ့သော ရွှေကျောင်းကြီး၊ တောင်ပေါ်ကျောင်း၊ ငြမ်းကျောင်းတိုက်အနက် ဘုရားကြီးတည်ရာတွင် အသုံးပြုခဲ့သော ငြမ်းဖြင့်တည်ဆောက်ခဲ့သော ငြမ်းကျောင်းတိုက်ကား လမ်း၏ဝဲယာတွင် သူကြီးကုန်း(မြို့သူကြီး)ဘုရားနှင့် အရံစေတီ ၁၅ ဆူတို့မှာ ယနေ့တိုင် ရှိနေပါသည်။ ၂၀၀၈ ခုနှစ် မေလ ၂ နှင့် ၃ ရက်နေ့တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဆံတော်ကြိုစေတီများနှင့်အတူ အခြားဘုရား၊ ပုထိုးစေတီပေါင်းများစွာ ပြိုကျပျက်စီးခဲ့ရသော်လည်း ထိုနှစ်အတွင်းမှာပင် ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ စီစဉ်ညွှန်ကြားမှုဖြင့် ပြုပြင်တည်ဆောက်ခဲ့၍ ယခုအခါ အလွန်ကြည်ညိုဖွယ်ရာကောင်းသော စေတီ၊ ပုထိုးများအဖြစ် ယနေ့ တွေ့မြင်ဖူးမြော်နိုင်ကြပြီဖြစ်ပါသည်။

ထို့ကြောင့် ပြည်တွင်းဘုရားဖူးယာဉ်နှင့် ဘုရားဖူးများ၊ ဒေသန္တရဗဟုသုတရှာမှီးလိုသူများအနေဖြင့် မုတ်ကျွန်းဒေသရှိ ခနုတ်စေတီ၊ ကျောက်ဆူးငြိစေတီနှင့် လက်ခုပ်ကုန်းကမ်းခြေ၊ ဒလတောကြီးတန်း (တွံတေးတောကြီးတန်း) ဒေသ ကွမ်းခြံကုန်းမြို့ရှိ တိလောကမှန်ကူသွန်းဘုရားကြီးနှင့်ဆံတော်ကြိုစေတီကိုးဆူ၊ ဒေးဒနောရွာရှိ ဘဟာရီသာသနဗိမာန်၊ အင်္ဂလုံးရွာရှိ ဟိန္ဒူဘုရားကျောင်းနှင့် ပုဂံပြည့်ရှင်ကျစွာမင်း၏သားတော် ဥဇနာမင်း ဆင်ကစားရင်းကျဆုံးရာနှင့် မင်းရဲကျော်စွာ တပ်စခန်းချရာ ကျုံးမြောင်းများကိုလည်းကောင်း၊ တွံတေးမြို့နယ်ရှိ မင်းရဲကျော်စွာကျဆုံးရာ ကျက်တလည်(ကျိုက်သလဲ)ရွာ၊ အနော်ရထာမင်းကြီး၏ ကောင်းမှုတော်၊ စမ်းရွာရှိ မောင်းတီးစေတီတော်၊ တွံတေးမြို့ရှိ ရွှေဆံတော်စေတီ၊ ဗောင်းတော်ချုပ်စေတီနှင့် ကျိုက်ဖူး၊ ကျိုက်ပါစေတီများကိုလည်းကောင်း၊ ရန်ကုန်မြို့မှလက်ယာရစ် ဒလမြို့ခနုတ်ဘုရားမှစတင်၍လည်းကောင်း၊ လက်ဝဲရစ် တွံတေးမြို့ ရွှေဆံတော်စေတီမှ စတင်၍လည်းကောင်း၊ တစ်နေ့ခရီးဖြင့် ဗဟုသုတလေ့လာရှာမှီးဖူးမြော်ကုသိုလ်တော်ယူနိုင်ကြပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

ခရစ်သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ သံအဖွဲ့တစ်ဖွဲ့ ရောက်လာပြီး ပဋိပက္ခဖြစ်ပွားခဲ့ရာ ဒလတောကြီးတန်းဒေသကို ဝင်ရောက်တိုက်ခိုက်ခဲ့ပါသည်။ ထိုသမိုင်းကို လက်ခိုက်ဘုရားရှိ ကျောက်စာ၌ ဖော်ပြထားပါသည်။ ထိုကျောက်စာသည် ၁၂ ရာစုက ရေးထိုးစိုက်ထူခဲ့သည်ဟုယူဆပြီး မြန်မာနိုင်ငံအောက်ပိုင်းတွင် အစောဆုံးကျောက်စာဟု သိရှိရသည်။ အထက်တွင် ဖော်ပြသကဲ့သို့ ကျောက်စာမှာ လက်ခိုက်ဘုရားတောင်ကုန်းခါးတစ်ဝက်သို့ ကျိုးကျပျက်စီးပြီး မြေမြုပ်လျက်ရှိနေပြီဖြစ်

# ကြိုတင်ကာကွယ်မီးဘေးအန္တရာယ်

**သတင်းဆောင်းပါး-မေယု-မျိုးအောင် (MANA)၊ ဓာတ်ပုံ-မေသူလွင်**

**မြန်မာနိုင်ငံ၌ နှစ်စဉ်မီးလောင်မှုနှုန်းမှာ ကျေးလက်ဒေသများမှမြို့ကြီးများအပါအဝင် ကုဋေပေါင်းများစွာ ဆုံးရှုံးခဲ့မှု နှစ်စဉ်မှတ်တမ်းအလိုက်ရှိထားကြသည်။ အထင်ကရမီးအဖြစ်တစ်ချိန်က မြန်မာနိုင်ငံအတွက် မိတ္ထီလာမီးက အကြီးအကျယ်ဆုံးဖြစ်သည်။ ရန်ကုန်မြို့ မင်္ဂလာဈေးမီးလောင်မှုနှင့် မန္တလေးမြို့မင်္ဂလာဈေးမီးလောင်မှုများသည် ဆုံးရှုံးမှုကြီးမားသောမီးလောင်မှုများဖြစ်ကြသည်။ နောက်ပိုင်းမှာလည်း မီးလောင်မှုများဖြစ်ခြင်းကြောင့် မီးသတ်တာဝန်ကို ထမ်းဆောင်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်အချို့အသက်စွန့်လွှတ်ခဲ့ရသည့် မှတ်တမ်းများရှိခဲ့ဖူးသည်။**

မီးလောင်မှုအန္တရာယ်သည် ကြောက်စရာအလွန်ကောင်း၍ ရန်သူမျိုးငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်ပေသည်။ လူခိုးတော့ အစုတ်ကျန် မီးခိုးတော့အပြုတ်နှံဆိုသည့်စကားအရ မီးခိုးလျှင် တွယ်တာမက်မောစရာမရှိပေ။ မိမိတို့၏အသက်ဘေးမှ လွတ်အောင်ရှောင်ပြေးကြရတော့သည်။

မီးကိုလွယ်လွယ်သုံး၍ ပေါ့ဆကြသူများသည် ကိုယ်တိုင်မကြုံသေး မခံစားရသရွေ့ ပေါ့ပေါ့တန်တန်နေတတ်ကြသည်။ ကိုယ်တိုင်ကြုံတွေ့ကြမှသာ သွေးရူးသွေးတန်းနှင့်အပြေးအလွှား ဖြစ်ခဲ့ကြရခြင်းများလည်း မြင်တွေ့ခဲ့ရဖူးသည်။ အချို့ဆိုလျှင် အသက်ပါဆုံးရှုံးကြရပြီး အိုးပျက်အိမ်ပျက်ဘဝပါ ပျက်ခဲ့ကြရ၍ အခြေမဲ့အနေမဲ့အထိ ဖြစ်ခဲ့ကြရတော့သည်။

မိမိတစ်ဦးတည်း ပေါ့ဆမှုကြောင့် မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ဒုက္ခရောက်ခဲ့ကြရသည်။ မီးပျက်သည့်အခါမျိုးတွင် အချို့မွေ့ရာ၊ ခုတင်များနှင့် အိပ်စက်ကြရင်း ဖယောင်းတိုင်ထွန်း၍ စာကြည့်ခြင်း၊ ခြင်ဆေးခွေထွန်း၍ စာကြည့်ခြင်း၊ မိမိကအိပ်ချင်၍ သတိလက်လွတ်ကာ အိပ်ပျော်သွားချိန်မှာ အများဆုံးဖြစ်ကြသည်။ လူများ အိပ်ငိုက်လာသည့်အချိန်မှာ ဘာကိုမှ ဟန်မဆောင်ကြဘဲ အိပ်စက်သွားကြသည်။

မီးကလည်း တငွေ့ငွေ့လောင်မှ ငြိမ်းလို့မနိုင်၊ သတ်လို့မနိုင်၍ မီးခိုးများအူထွက်လာသောအခါ ဘေးပတ်ဝန်းကျင်က အော်သတိပေးမှ သတိရချိန်တွင် နောက်ကျခဲ့ပါပြီ။ အထပ်မြင့်အဆောက်အအုံဖြစ်လျှင် ပိုဆိုးသည်။ ငြိမ်းမနိုင်သိမ်းမနိုင်ဖြစ်မည်ဆိုလျှင် တွေးဝံ့စရာမရှိပါ။

နွေရာသီရောက်ခဲ့လျှင် ပို၍သတိထားကြရမည်မှာ လွယ်လွယ်ကူကူနှင့် လမ်းထိပ်အမှိုက်ပုံများ၊ လမ်းဘေးဈေးဆိုင်များပေါ်သို့ သောက်လက်စဆေးလိပ်အတိုများကို လွယ်လင့်တကူ ပစ်ခဲ့ကြသည်။ ထိုမှတစ်ဆင့် ဖွဲမီးလိုတငွေ့ငွေ့နှင့် လောင်ကျွမ်းစေခဲ့သည်။

အချို့ကလည်း လျှပ်စစ်မီးတွေကို အလွန်အကျွံသုံးတတ်ကြပြန်သည်။ စက်ရုံ၊ အလုပ်ရုံများတွင် မကြာခဏမီးလောင်မှုဖြစ်နေကြသည်ကိုလည်း ကြုံတွေ့နေကြရသည်။ မိမိကိုယ်ကျိုးအတွက် ပေါ့ပေါ့ဆဆ သုံးနေမည်ဆိုပါက အန္တရာယ်ရှိလာနိုင်သည်။ သတိဝီရိယအမြဲရှိနေကြရမှာဖြစ်ပါသည်။ နေအိမ်အပြင်သို့ ထွက်ခွာချိန်တွင် မီးကြွင်းမီးကျန်များ အသေအချာငြိမ်းသတ်၍ စစ်ဆေးခြင်း၊ မိန်းခလုတ်များကိုချထားခြင်း၊ ညအိပ်သည့်အခါ လျှပ်စစ်ပန်ကာများတစ်ညလုံးဖွင့်၍ အလွန်အကျွံမသုံးရန်လည်း အရေးကြီးသည်။ မီးလောင်မှုသည် နွေ၊ မိုး၊ ဆောင်း အချိန်အခါမရွေး လောင်တတ်ကြသည်။ မိုးဖြိုင်ဖြိုင်ရွာသည့် ကြားထဲမှလည်း မီးလောင်မှုများ ကြုံတွေ့နေရသည်။

လျှပ်စစ်သုံးစွဲနေကြသည့် နေရာတိုင်းတွင် လျှပ်စစ်မိန်းကြိုးများ၊ အိမ်တွင်းသွယ်တန်း လျှပ်စစ်ကြိုးများကို သေချာစစ်ဆေး၍ ခိုင်ခံ့မှု ရှိ/မရှိ ဟောင်းနွမ်းပေါက်ပြဲဆွေးမြည့်နေသော လျှပ်စစ်ကြိုးများကိုလည်း ကုန်ကျမှုနည်းအောင်ဆိုသည့် အတွေးမျိုးနှင့် ဖာထေး၍ မသုံးသင့်ပါ။ မိမိ မိသားစုအတွက်လည်း အန္တရာယ်ရှိနိုင်သကဲ့သို့ ထိုမှတစ်ဆင့် ရှော့ခ်ဖြစ်၍ မီးလောင်မှုလည်းဖြစ်နိုင်သည်။

မိုးရာသီအချိန်အခါမျိုးမှာ မိုးသက်လေပြင်းများတိုက်ခတ်သည့်အခါတွင်လည်းကောင်း၊ မိုးသည်းထန်စွာ ရွာသွန်းသည့်အခါတွင်လည်းကောင်း၊ လေပြင်းမုန်တိုင်းများ ကျရောက်သည့်အချိန်တွင် မီတာ၊ မိန်းခလုတ်များကို ခေတ္တခဏပိတ်ထားကြခြင်းသည် ပို၍စိတ်ချရသည်။ ထိုအချိန်အခါမျိုးမှာ ဟောင်းနွမ်းဆွေးမြည့်နေသော လျှပ်စစ်ကြိုးများ ပြုတ်ကျခြင်း၊ ကြိုးအချင်းချင်းပူး၍ ရှော့ခ်ဖြစ်ခြင်း၊ ရေကန်ရေအိုင်အနီးရှိ လျှပ်စစ်ကြိုးများပြုတ်ကျ၍ အန္တရာယ်ဖြစ်ခြင်း ရှိတတ်သဖြင့် အမျိုးမျိုးကြိုတင်စဉ်းစား၍ ပြုပြင်ထိန်းသိမ်းကြရမည်။

၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု ၁၇၀၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် အများဆုံးဖြစ်ခဲ့ကာ မီးလောင်မှုကြောင့် နိုင်ငံတစ်ဝန်းလုံးတွင်လူ ၆၂ ဦး ကျော်သေဆုံးခဲ့ကာ လူ ၉၀၀၀၀ ကျော် မီးဘေးဒုက္ခရောက်ခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

မီးလောင်မှုများကြောင့် အိမ်ခြေအဆောက်အအုံ ၂၈၆၇ လုံး၊ စက်ရုံ / အလုပ်ရုံ ၂၆ ရုံ၊ ဂိုဒေါင် ၃၁ လုံး၊ မီးလောင်ကျွမ်းခဲ့ပြီး သန်းပေါင်း ၂၃၀၀ ကျော် ဆုံးရှုံးခဲ့ကြောင်း သိရသည်။



နိုင်ငံတစ်ဝန်းလုံး မီးလောင်မှုများအနက် မီးဖိုကြောင့် ၃၆၂ ကြိမ်၊ ပေါ့ဆမီးကြောင့် ၅၄၁ ကြိမ်၊အလိုအလျောက်လောင်သော မီးအကြိမ် ၄၀၊ လျှပ်စစ်ကြောင့် လောင်သောမီးမှာ ၃၇၆ ကြိမ်၊ မသမာသူရှို့မီး ၂၀၈ ကြိမ်၊ တောမီးမှာ အကြိမ် ၁၇၀၊ သောင်းကျန်းသူရှို့မီးသုံးကြိမ် ပါဝင်ခဲ့ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်းလုံး မီးလောင်မှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် နှိုင်းယှဉ်ရာတွင် အများဆုံးဖြစ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးမှာ မီးလောင်မှု ၂၂၄ ကြိမ်ဖြစ်ပွားခဲ့ပြီး အိမ်ခြေအဆောက်အအုံ ၃၀၆ လုံး၊ စက်ရုံအလုပ်ရုံတစ်ရုံ၊ ဂိုဒေါင်ငါးလုံး မီးလောင်ကျွမ်းခဲ့ပြီး လူ ၁၀ ဦးသေဆုံးခဲ့ကာ လူ ၁၂၀၀ ကျော် မီးဘေးဒုက္ခရောက်ခဲ့ကြောင်း သိရသည်။ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးမှာ မန္တလေးတိုင်းဒေသကြီးတွင် ၂၂၁ ကြိမ်၊ မကွေးတိုင်းဒေသကြီးတွင် ၁၁၅ ကြိမ်၊ နေပြည်တော်တွင် ၁၉၀ ကြိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် ၁၅၁ ကြိမ်၊ ရှမ်းပြည်နယ်တွင် ၁၂၇ ကြိမ်၊ ဧရာဝတီတိုင်းဒေသကြီး ၁၂၄ ကြိမ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၁၃၇ ကြိမ်၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၄၆ ကြိမ်၊ မွန်ပြည်နယ်တွင် ၈၁ ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း သန်းပေါင်း ၃၀၀ ကျော်ခန့် ဆုံးရှုံးခဲ့သော မီးလောင်မှုတစ်ကြိမ်၊ သန်း ၁၀၀ ကျော်ခန့် ဆုံးရှုံးခဲ့သော မီးလောင်မှုကြီးနှစ်ကြိမ်၊ သန်း ၇၀ ကျော် ဆုံးရှုံးခဲ့သော မီးလောင်မှုနှစ်ကြိမ်၊ သန်း ၆၀ ကျော်ဆုံးရှုံးခဲ့သော မီးလောင်မှုတစ်ကြိမ်၊ သန်း ၄၀ ကျော်ခန့် ဆုံးရှုံးခဲ့သော မီးလောင်မှု၊ သန်း ၃၀ ကျော်ခန့် ဆုံးရှုံးခဲ့သော မီးလောင်မှုလေးကြိမ်၊ သန်း ၂၀ ကျော် ဆုံးရှုံခဲ့သော မီးလောင်မှု ခြောက်ကြိမ်၊ ၁၀ သန်းကျော်ခန့် ဆုံးရှုံးခဲ့သော မီးလောင်မှု ရှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး မင်္ဂလာဈေးရှိ တတိယထပ်တွင် အခန်းပေါင်း ၇၉၁ ခန်း၊ စတုတ္ထထပ်တွင် ၇၉၇ ခန်းနှင့် ပဉ္စမထပ်တွင် စားသောက်ဆိုင် ၄၈ ဆိုင် မီးလောင်ကျွမ်းခဲ့ပြီး တတိယထပ်နှင့် စတုတ္ထထပ်တွင် ကုန်စုံ၊ အလှကုန်၊ မီးဖိုချောင်သုံးပစ္စည်းနှင့် ဆေးပစ္စည်းရောင်းချသောနေရာဖြစ်ကြောင်း သိရသည်။

၂၀၁၀ ပြည့်နှစ် မေ ၂၄ ရက်ကလည်း ရန်ကုန်အဆင့်မြင့် မင်္ဂလာဈေးမှာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နာရီပေါင်း ၅၀ ခန့် မီးငြိမ်းသတ်ခဲ့ရ၍ မီးလောင်မှုများအနက် အချိန်အကြာမြင့်ဆုံး မီးလောင်ကျွမ်းမှုအဖြစ် မှတ်တမ်းဝင်ခဲ့ကာ ယခုလောင်ကျွမ်းခဲ့သည့်ဖြစ်စဉ်သည် ဒုတိယအကြိမ် လောင်ကျွမ်းခြင်းဖြစ်သည်။

မင်္ဂလာဈေးသည် အထည်လိပ်၊ ဆေးဝါးနှင့် ကုန်မျိုးစုံရောင်းချသည့် အကြီးဆုံးလက်ကားဈေးကြီး ဖြစ်သည်။ မင်္ဂလာဈေးမီးလောင်မှုကြောင့် ငွေကျပ် သိန်းပေါင်းသုံးသောင်းခြောက်ထောင်ကျော် ဆုံးရှုံးခဲ့ရသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံး မီးဘေးအန္တရာယ် ကင်းဝေးဖို့အတွက်ဆိုလျှင် ပြည်သူတစ်ဦးချင်းစီက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ စည်းကမ်းရှိစွာဖြင့် အသိသတိရှိကြဖို့ အထူးလိုအပ်သည်။ မိုးရာသီမဟုတ်သည့်အတွက် ရာသီဥတု ပူပြင်းလာသည်နှင့်အမျှ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ဖို့လိုအပ်သည်။ မီးဆိုသည်မှာ သုံးတတ်လျှင် လူသားတို့အတွက် အကျိုးဖြစ်ထွန်းစေသော်လည်း စည်းစနစ်ကျနစွာ မသုံးတတ်ပါက ရန်သူအသွင်ရောက်ရှိလာသော မီးလောင်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရသည်။ မီးဘေးအန္တရာယ်ကို အိမ်ထောင်စုတစ်စုမှသည် ပြည်သူလူထုတစ်ရပ်လုံး စုပေါင်းကြိုတင်ကာကွယ်ထားသင့်သည်။

မြန်မာတစ်နိုင်ငံလုံး မီးလောင်မှုများကို ဆန်းစစ်လေ့လာကြည့်ရာတွင် မီးဖိုမီး၊ ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မသမာရှို့မီး၊ တောမီး၊ လမ်းသွားလမ်းလာ ခရီးသွားများ၏ ဆေးလိပ်မီးစသည်ဖြင့် မီးလောင်ကြရပါသည်။ မှတ်တမ်းများအရ ပေါ့ဆမီးနှင့် လျှပ်စစ်ဝိုင်ယာရှော့ခ်ကြောင့် မီးလောင်မှုဖြစ်ပွားရခြင်းက ပိုများနေသည်။ ပေါ့ဆမီးဆိုသည်မှာ ကိုင်တွယ်သုံးစွဲသူ၏ သတိမေ့လျော့မှု၊ ဆေးလိပ်သောက်ပြီးမငြိမ်းသတ်ခဲ့ခြင်း၊ ဖုန်းဘက်ထရီအားကို တစ်ညလုံးသွင်းထားခြင်း၊ ခြင်ဆေးခွေကို အောက်ခံမပါဘဲ သုံးစွဲခြင်း၊ ကလေးသူငယ်များက မီးခြစ်များ အလွယ်တကူဆော့ကစားခြင်း၊ ဈေးဆိုင်ခန်းများပိတ်သိမ်းရာတွင် လျှပ်စစ်မီးခလုတ်များဖွင့်ထားမိခဲ့ခြင်း၊ လျှပ်စစ်သွယ်တန်း ဝိုင်ယာကြိုးများဟောင်းနွမ်းလွန်း၍ ပေါက်ပြဲနိုင်ခြင်း အခြေအနေကိုစစ်ဆေးရမည့် ဗဟုသုတအမြင်မရှိခြင်း စသည်တို့ကြောင့်ဖြစ်လာရသည်။

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်သည့် အနေဖြင့် မိမိပယောဂကြောင့် အထက်ပါ ပေါ့ဆမီးများ မဖြစ်ရလေအောင် သတိရှိစွာဆင်ခြင်ပါ။ အသက်အိုးအိမ် စည်းစိမ်အလုံးစုံအနိဋ္ဌာရုံ ဘေးများမှလွတ်မြောက်ဖို့အတွက် မိမိနှင့် ပတ်ဝန်းကျင် သတိရှိစွာဖြင့် မီးဘေးကိုအလေးထား ဆင်ခြင်သုံးသပ်ဖို့လိုသည်။ မီးလောင်မှုဖြစ်ပါက ထွက်မပြေးပါနှင့်၊ ကြိတ်၍မငြိမ်းပါနှင့်၊ မိမိတို့၏နေအိမ်တိုက်တာ အဆောက်အအုံများတွင် မီးငြိမ်းသတ်ဆေးဘူး အနည်းဆုံး တစ်ဘူးကို အရန်သင့်ထားရှိပါ။ ရုတ်တရက်မီးလောင်မှု ဖြစ်ပွားပါက နေအိမ်တွင် ရေအိတ်၊ သဲအိတ်လေးများ ကြိုတင်ဆောင်ထားသင့်သည်။ မီးလောင်သည့်အခါ အထက်ပါ ပစ္စည်းများကိုသုံး၍ အမြန်ငြိမ်းသတ်ပါ။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။ နီးစပ်ရာ မီးသတ်စခန်းကိုအမြန်အကြောင်းကြားပါ။ (မိမိနေထိုင်ရာ မြို့နယ်မီးသတ်စခန်း၏ ဖုန်းနံပါတ်ကို အလွယ်တကူ မြင်သာထင်သာ ရှိမည့်နေရာတွင် ရေးမှတ်ထားသင့်သည်။)

မီးလောင်မှုဖြစ်သည့်အခါ မိမိအိမ်နေရာနှင့် ဝေးနေသေးသည်ဟူ၍ ပွဲကြည့်ပရိတ်သတ်အဖြစ် လက်ပိုက်၍ ကြည့်မနေသင့်ပါ။ တတ်သိနားလည်သော မီးသတ်ဝန်ထမ်းများ ရောက်မလာသေးသည့်အထိ မီးညွန့်ကျိုးသွားအောင် တတ်စွမ်းသမျှ ကူညီဖြေရှင်းပေးပါ။ မီးသတ်ကားများ လွယ်ကူလျင်မြန်စွာ အဝင်အထွက်ပြု၍ မီးငြိမ်းသတ်နိုင်ရန်အတွက် ပြည်သူအားလုံး အသိစိတ်ဓာတ်ဖြင့် လမ်းရှင်းပေးထားဖို့လိုသည်။

မီးလောင်မှုကို ငြိမ်းသတ်ခြင်းထက် မီးမလောင်ခင်ကြိုတင်ပြင်ဆင်၍ ကာကွယ်ထားခြင်းသည် လူသားများအတွက်ရော နိုင်ငံအတွက်ပါ များစွာအကျိုးသက်ရောက်ပြီး အန္တရာယ်ကင်းဝေးနိုင်ပါသည်။ နိုင်ငံသူနိုင်ငံသားများကလည်း မီးကိုပေါ့ပေါ့ဆဆ အသုံးမပြုရန်နှင့် ဝိုင်းဝန်းကာကွယ်နိုင်ကြမှသာ မီးဘေးအန္တရာယ်ကင်းဝေးနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

**မီးလောင်မှုဖြစ်ပါက ထွက်မပြေးပါနှင့်၊ ကြိတ်၍ မငြိမ်းပါနှင့်၊ မိမိတို့၏ နေအိမ်တိုက်တာ အဆောက်အအုံများတွင် မီးငြိမ်းသတ်ဆေးဘူး အနည်းဆုံး တစ်ဘူးကို အရန်သင့်ထားရှိပါ။ ရုတ်တရက်မီးလောင်မှု ဖြစ်ပွားပါက နေအိမ်တွင် ရေအိတ်၊ သဲအိတ်လေးများ ကြိုတင်ဆောင်ထားသင့်သည်။ မီးလောင်သည့်အခါ အထက်ပါ ပစ္စည်းများကိုသုံး၍ အမြန်ငြိမ်းသတ်ပါ။**

## ရပ်ကွက် / ကျေးရွာများ၌ အန္တရာယ်ကင်းပရိတ်များ ရွတ်ဖတ်

**မင်းလှ ဧပြီ ၂၁**

နှစ်ဟောင်းမှ အညစ်အကြေးများ ဆေးကြောသန့်စင်ပြီး နှစ်သစ်သို့ ကူးပြောင်းချိန်တွင် ဘေးအန္တရာယ်များ ကင်းဝေးစေရန် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ်အတွင်းရှိ ရပ်ကွက် / ကျေးရွာများရှိ လမ်းထိပ်များ၌ နှစ်ဆန်းတစ်ရက်နေ့ ညနေပိုင်းက ပြည်သူများ၊ သံဃာတော်များကို ပင့်ဖိတ်ကာ အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ခဲ့ကြောင်း ပရိတ်အိုးများ၊ ရေမန်းများနှင့် ဆန်မန်းများဖြင့် လမ်းပတ်ဝန်းကျင်၊ အိမ်၊ ခြံဝင်းများကို ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

# ညောင်လေးပင်မြို့ မြို့မဈေးအနီး တစ်လမ်းမောင်းစနစ် ပြန်လည်လိုက်နာစေရန်ဆောင်ရွက်




**ညောင်လေးပင် ဧပြီ ၂၁**
ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးပတ်ဝန်းကျင်ရှိလမ်းများ အဝင်၊ အထွက် တစ်လမ်းမောင်းစနစ် ပြန်လည်လိုက်နာတတ်စေရန်နှင့် စည်းကမ်းတကျရှိရေးကို ဧပြီ ၂၀ ရက်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒုဦးစီးမှူး ဦးဇော်ဝင်း ဦးဆောင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီတို့နှင့် ပူးပေါင်း၍ ဈေးသည်များ စနစ်တကျရောင်းချစေရန်နှင့် ဈေးအနောက်လမ်းကို အဝင်လမ်းအဖြစ်လည်းကောင်း၊ ဈေးအရှေ့လမ်းကို အထွက်လမ်းအဖြစ်လည်းကောင်း၊ တစ်လမ်းမောင်းစနစ်သတ်မှတ်၍ စနစ်တကျ ဝင်၊ ထွက် လိုက်နာတတ်စေရန်အတွက် လမ်းညွှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီစနစ်က အရင်ကတည်းက ချမှတ်ထားတဲ့စည်းကမ်းပါ။ နောက်ပိုင်းမှာ စည်းကမ်းကိုမလိုက်နာကြတော့ လမ်းထဲမှာ ပိတ်ဆို့ပြီး ကျပ်ညပ်နေတော့တာပါပဲ။ အခုလို စနစ်တကျလုပ်လိုက်တော့ သွားလာရတာရော၊ ဈေးဝယ်ရတာပါ ပိုပြီးအဆင်ပြေပါတယ်။ အဝင်အထွက် ကားတွေ၊ ဆိုင်ကယ်၊ ဆိုက်ကားတွေကြောင့် ရန်ကုန်-မန္တလေး ကားလမ်းမပေါ်မှာလည်း ကားပိတ်တာမရှိတော့ပါဘူး" ဟု မြို့နေ ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါဆောင်ရွက်မှုကို ဧပြီ ၁၉ ရက်မှ ၂၁ ရက်အထိ ပညာပေးကာလအဖြစ်သတ်မှတ်ပြီး ကျော်လွန်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# မြေသားလမ်းနှင့် ကျောက်ချောလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

**ရမ်းဗြဲ ဧပြီ ၂၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၃၈၄ ဒသမ ၅၂၅ သန်းဖြင့် အတွင်းပြင်-ကညင်ကောက် - လမ်းဆုံမှ စည်ရင်း - အချောင်ပြင် - စလင်ပေါ်မြေသားလမ်းနှင့် ကျောက်ချောလမ်းခင်းကျင်းခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းခွင်သို့ ဧပြီလဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ထွန်းနှင့် တာဝန်ရှိသူတို့ သွားရောက်၍ အဆိုပါလမ်းပေါ်တွင် တံတားနှစ်စင်း၊ ရေပြွန် ၂၃ စင်း ဆောင်ရွက်နေမှုကို ကြည့်ရှုပြီး လုပ်ငန်းများ သတ်မှတ်အချိန်ပြီးစီး နိုင်ရေးနှင့် လုပ်ငန်းအရည်အသွေး ပြည့်မီစွာ လုပ်ဆောင်ကြရန်နှင့် လိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြေသားလမ်းနှင့် ကျောက်ချောလမ်းအရှည် လေးမိုင်၊ အကျယ် ၁၈ ပေ၊ ထု ၂၄ လက်မရှိပြီး လမ်းလုပ်ငန်းပြီးစီးပါက ကျေးရွာအုပ်စု လေးအုပ်စုမှ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

(၁၅၇)

# သုံးခွမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

**သုံးခွ ဧပြီ ၂၁**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့တွင် ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံး အင်ဂျင်နီယာဌာနမှ လိုင်းဝန်ထမ်းများက ဓာတ်အားကြိုးများနှင့် မလွတ်ကင်းသောသစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းဖယ်ရှားလျက်ရှိရာ ဧပြီ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အငယ်တန်းလျှပ်စစ်အင်ဂျင်နီယာ(၂) ဦးကျော်သီဟနှင့်အဖွဲ့ကအမှတ်(၉)ရပ်ကွက်၊ ဗန္ဓုလလမ်းတွင် ၃၃ ကေဗွီဓာတ်အားလိုင်းကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခဲ့သည်။

**ကိုကျော်(သုံးခွ)**



# ဆေးအရောင်းဆိုင်များ စစ်ဆေး

**မော်လမြိုင် ဧပြီ ၂၁**
မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၏ ညွှန်ကြားမှုနှင့်အတူ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်တို့ကြီးကြပ်ကာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာများတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းကာ တရားမဝင် စိတ်ကြွရူးသွပ်ဆေးဝါးများ ရောင်းချမှု ရှိ/ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေအတွင်း ဆေးအရောင်းဆိုင်များကိုလည်းကောင်း၊ စခန်းအပိုင်အတွင်းရှိ ဆေးဆိုင်များကိုလည်းကောင်း၊ မြိုင်သာယာနယ်မြေအတွင်းရှိ ဆေးအရောင်းဆိုင်များကိုလည်းကောင်း၊ မြို့မရဲစခန်းနယ်မြေအတွင်းရှိ ဆေးအရောင်းဆိုင်များအပါအဝင် စုစုပေါင်း ဆေးဆိုင် ၄၈ ဆိုင်သို့ ကွင်းဆင်းကာ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တခြား တားမြစ်ဆေးများ ရောင်းချခြင်း ရှိ/ မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ခရိုင်အတွင်းရှိ မုဒုံမြို့နယ်၊ ကျိုက်မရောမြို့နယ်၊ ချောင်းဆုံမြို့နယ်၊ ရေးမြို့နယ်၊ သံဖြူဇရပ်မြို့နယ်တို့တွင် ရဲမှူးများဦးစီးသော တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ တစ်ပြိုင်တည်း ဆေးအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးကာ အသိပညာပေးမှုများဆောင်ရွက်ပြီး တားမြစ်ဆေးများကို ရောင်းချမှုမပြုလုပ်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**



# ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပနိုင်ရန် ကြိုတင်ညှိနှိုင်း

**တောင်ကြီး ဧပြီ ၂၁**
ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်အကြိုညှိနှိုင်း ဆွေးနွေးပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပအိုဝ်းနှင့် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးဥက္ကဋ္ဌများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ အစိုးရအဖွဲ့အတွင်းရေးမှူးဦးစိုးစိုးဇော်က ဦးစီးကော်မတီ တစ်ခု၊ ဆပ်ကော်မတီ ၁၂ ခု ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို တောင်ကြီးမြို့မြို့တော်ခန်းမ၌ ဧပြီ ၂၃ ရက်၊ ၂၄ရက်၊ ၂၅ရက်တို့တွင် ကျင်းပမည်ဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့် သဘာဝသယံဇာတဆိုင်ရာ စာတမ်းများဖတ်ကြားမည် ဖြစ်သည်။ ထိုဆွေးနွေးပွဲမှ ပေါ်ထွက်လာသည့် ရလဒ်များကို ဒုတိယအကြိမ် (၂၁)ရာစု ပင်လုံညီလာခံသို့ ဆက်လက် တင်ပြမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

# ကျောက်ဆည်လယ်တွင်းကိုးခရိုင်တွင် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးအောင်မြင်

**ကျောက်ဆည် ဧပြီ ၂၁**
ကျောက်ဆည်ခရိုင်သည် ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကတည်းက မြန်မာ့စပါးကျီဖြစ်သည်။ အနော်ရထာမင်းကြီးသည် ကျောက်ဆည်ခရိုင်တွင်းရှိ ဇော်ဂျီ၊ ပန်းလောင်၊ မြစ်ငယ်မြစ်များကို ဆည်မြောင်းတာတမံများပြုလုပ်၍ စပါးစိုက်ပျိုးခဲ့သည်။ အနော်ရထာမင်းကြီး၏ လယ်တွင်းကိုးခရိုင်မှာ စပါးအများဆုံးထွက်ရှိသဖြင့် ပုဂံခေတ်က မြန်မာ့စပါးကျီ ဖြစ်ခဲ့သည်။

ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ကျောက်ဆည်လယ်တွင်းကိုးခရိုင်အား အနော်ရထာမင်းကြီးလက်ထက်က တည်ဆောက်ခဲ့သော ဆည်များအပြင် ကျောက်ဆည်၊ မြစ်သားနှင့် တံတားဦးမြို့နယ်တို့တွင် ဆည်မြောင်းများ တိုးချဲ့ဆောက်လုပ်ပြီး နွေစပါး၊ မိုးစပါးနှင့် နွေသီးနှံများ စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်လျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ရပ်ကွက်ကြီး ၁၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၇ အုပ်စုနှင့် ကျေးရွာပေါင်း ၂၂၃ ရွာရှိပြီး လယ်ဧက ၁၂၃၀၀၈၀ ခန့်ရှိသည်။ ကျောက်ဆည် ဆည်မြောင်းဌာနမှ ဇော်ဂျီမြစ်ပေါ်တွင် တည်ဆောက်ထားသော ရေလှောင်တမံနှင့် ရေလွှဲဆည်တို့မှ မြို့လူထုသောက်သုံးရေအတွက် တစ်နှစ်လျှင် ရေဂါလန် သန်း ၂၀၀ နှင့် စက်ရုံများအတွက် တစ်နှစ်လျှင် ရေဂါလန်သန်း ၅၀ ခန့် ဖြန့်ဝေပေးနေသည်။ ထို့အပြင် ဆည်များမှ မိုးစပါး၊ နွေစပါးနှင့် နွေသီးနှံတို့အတွက် စိုက်ပျိုးရေများ ပေးဝေလျက်ရှိသည်။

ကျောက်ဆည်ခရိုင်တွင် ဆည်မြောင်းတာတမံနှင့်မြောင်းများ အမြောက်အမြားရှိသည်။ ထိုဆည်မြောင်းတာတမံမြောင်းများမှာ ကျောက်ဆည်ခရိုင်၏ အဓိကမြို့နယ်များဖြစ်သည့် ကျောက်ဆည်၊ မြစ်သား၊ တံတားဦးမြို့နယ်များသို့ မိုးစပါး၊ နွေစပါးနှင့် နွေသီးနှံအတွက် ရေများပေးဝေလျက်ရှိသည်။



ကျောက်ဆည်ခရိုင်အတွင်းရှိ မြို့နယ်များတွင် ကင်းတားဆည်၊ ငလိုင်းဇင်မြောင်း၊ ပြောင်းပြာဆည်၊ ကျီးမဲဆည်၊ မယ်ဇယ်ပင်သာ၊ တောင်တော်၊ ဓမာမြောင်း၊ ပန်းလောင်မြစ်၊ သင်းဒီးမြောင်း၊ ထုံးကြီးဆည်၊ ချောင်းမနက်၊ ပြူကန်၊ သူငယ်တော်ကန်၊ သစ်တက်ကုန်းဆည်၊ အထက်လင်းဇင်၊ နွားတက်၊ ငပြောင်ဆည်၊ နောင်ခမ်း၊ သင်းတွဲ၊ မင်းရဲ၊ တမုတ်၊ ဇီးတော၊ ပလိပ်၊ မြောင်းဆုံ၊ ဇော်ဂျီရေလှောင်တမံ၊ မြို့ကြီးရေလှောင်တမံ၊ နောင်ခမ်းရေလွှဲဆည်၊ နွားတက်မြောင်း၊ ကွမ်းဆေးမြောင်း၊ စွန်ရဲကန်၊ ရှမ်းကန်မြောင်း၊ မင်းရဲမြောင်း၊ တမုတ်မြောင်း၊ မင်းလှကန်၊ ဇီးတောရေလွှဲဆည်များရှိသည်။ ထိုဆည်မြောင်း ကန်ချောင်းများမှ ကျောက်ဆည်၊ မြစ်သား၊ တံတားဦးမြို့နယ်များရှိလယ်များကို မိုးစပါး၊ နွေစပါးနှင့် နွေသီးနှံများအတွက် ရေပေးဝေလျက်ရှိသည်။

ကျောက်ဆည် လယ်တွင်းကိုးခရိုင်တွင်းရှိ ကျောက်ဆည်၊ မြစ်သား၊ တံတားဦးမြို့နယ်များတွင် ကျောက်ဆည်ခရိုင်တွင်းရှိ ဆည်မြောင်းတာတမံနှင့် မြောင်းများမှ ရေများဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း မိုးစပါး ၁၂၁၄၅၉ ဧက၊ နွေစပါး ၆၀၇၄ ဧကနှင့် နွေသီးနှံ ၄၂၇၅၇ ဧက စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ဖြစ်ထွန်းခဲ့သည်။ ထို့အပြင် ဇော်ဂျီရေသောက်စနစ်နှင့် ကင်းတားရေသောက်စနစ်ဖြင့် ကျောက်ဆည်မြို့နယ်တွင် နွေနှမ်း ၅၄၂၃၅ ဧက၊ ပဲတီစိမ်း ဧက ၈၉၅၀၊ ဝါ ဧက ၁၁၅၀၊ စုစုပေါင်း ၆၄၃၃၅ ဧကနှင့် မြစ်သားမြို့နယ်တွင် နွေနှမ်း ဧက ၂၇၅၀၀၊ ပဲတီစိမ်း ဧက ၃၃၀၀၊ ဝါ ဧက ၂၀၀၀နှင့် ငရုတ် ဧက ၄၅၀၀၊ စုစုပေါင်းဧက ၃၇၃၀၀ စိုက်ပျိုးခဲ့ရာ အထူးအောင်မြင်ဖြစ်ထွန်းနေသည်။ နှစ်မြို့နယ်ပေါင်း နွေသီးနှံ ၁၀၁၆၃၅ ဧကမှာ သီးနှံမျိုးစုံအောင်မြင်နေသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ကချင်ပြည်နယ်အတွင်း ကျောင်းများ၌ လော်ဝေါ်စာပေ ထည့်သွင်းသင်ကြားမည်

**မြစ်ကြီးနား ဧပြီ ၂၁**

လာမည့် ပညာသင်နှစ်တွင် ကချင် ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကချင်တိုင်းရင်းသားမျိုးနွယ်စု တစ်ခုဖြစ်သော လော်ဝေါ်တိုင်းရင်းသားစာပေကို ထည့်သွင်းသင်ကြားသွားမည်ဖြစ်ကာ ပြည်နယ်အစိုးရမှလည်း ခွင့်ပြုထားပြီးဖြစ်ကြောင်း လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ သိရသည်။

လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ဗဟို)ဥက္ကဋ္ဌ ဦးဒေါင်ဟောင်းက "စာသင်တဲ့နေရာမှာတော့ လော်ဝေါ်တိုင်းရင်းသားတွေ အများဆုံးတက်ရောက်နေတဲ့ ဆော့လော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဝိုင်းမော်မြို့နယ်နဲ့ မြစ်ကြီးနားမြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းတွေမှာ သင်ကြားပေးသွားမှာပါ။ လော်ဝေါ်စာပေ သင်ကြားနိုင်ဖို့အတွက်လည်း အစိုးရကိုတင်ပြထားရာမှာ သင်ကြားဖို့အတွက် ခွင့်ပြုချက်ရရှိထားပြီးဖြစ်ပါတယ်"ဟု ပြောသည်။



လော်ဝေါ်စာပေ သင်ကြားပေးမည့် ဆရာများအား မွမ်းမံသင်တန်းပို့ချစဉ်

လော်ဝေါ်စာပေကို ယခုနှစ်တွင် သင်ကြားမည်မှာ Grade(1)အဆင့် တိုးမြှင့် သင်ကြားမည်ဖြစ်ကြောင်း၊ ယခင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် လော်ဝေါ်စာပေ KG တန်းကို မြစ်ကြီးနား၊ ဝိုင်းမော်၊ ဆော့လော်နှင့် ချီဖွေ မြို့နယ်များအတွင်းရှိ လော်ဝေါ်တိုင်းရင်းသားများ အများဆုံးတက်ရောက်နေသည့် အခြေခံပညာကျောင်းပေါင်း ၂၀ ကျော်၌ ဆရာ ဆရာမ ၄၀ ခန့်ဖြင့် သင်ကြားပို့ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

"ဒီပညာသင်နှစ်မှာတော့ Grade(1) အဆင့် တိုးမြှင့်ပြီး သင်ကြားပေးသွားမှာပါ။ ကလေးငယ်တွေကို ပြန်သင်ကြားပေးနိုင်ဖို့အတွက်လည်း ဆရာ ဆရာမ ၅၀ ကို ဧပြီ ၁၀ ရက်မှ မေ ၁၀ ရက်အထိ ဆရာဖြစ် မွမ်းမံသင်တန်းတွေ ပို့ချပေးနေပါတယ်။ ကျောင်းတွေမှာ အဓိက သင်ကြားပေးမှာက လော်ဝေါ် စာပေ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးနှင့် သမိုင်းကြောင်း၊ ဓလေ့ထုံးတမ်း၊ ဆရာအတတ်ပညာKGတန်း၊ Grade (1)ဘာသာရပ်များကို သင်ကြားပေးသွားမှာပါ"ဟု ဦးဒေါင်ဟောင်းက ဆက်ပြောသည်။

အခြေခံပညာ ကျောင်းများတွင် လော်ဝေါ်စာပေ သင်ကြားပေးခြင်းသည် လော်ဝေါ်စာပေနှင့် ယဉ်ကျေးမှုကို မြှင့်တင်ပေးရန်၊ စာပေယဉ်ကျေးမှုများ ပပျောက်မသွားစေရန်၊ ထုံးတမ်းဓလေ့များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် အစိုးရပညာရေးစနစ်တွင် ပါဝင်နိုင်ရေးအတွက် သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ကချင်တိုင်းရင်းသားမျိုးနွယ်စု တစ်ခုဖြစ်သော လော်ဝေါ်တိုင်းရင်းသားများသည် ကချင်ပြည်နယ်အတွင်း ဦးရေ ၁၀၀၀၀၀ ကျော်ရှိပြီး ရှမ်းပြည်နယ်တွင် နှစ်သိန်းဝန်းကျင်ခန့်ရှိကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ဟားခါးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ဟားခါး ဧပြီ ၂၁**

ချင်းပြည်နယ် ဟားခါးမြို့နယ် ဆူရ်ခွါးကျေးရွာ၌ ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ် ဥပဒေချုပ်ဦးထန်ကျုံး၊ ပြည်နယ်အစိုးရ အတွင်းရေးမှူး ဦးပြုံးချိုနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဧပြီ ၁၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟားခါးမြို့နယ် ဆူရ်ခွါးကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ဆူရ်ခွါးကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT တာဝါတိုင် တည်ဆောက်နေမှုနှင့် အထက်တန်းကျောင်းဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှန်အောရ်တို့က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ထောက်ပံ့ ပစ္စည်းများ ပေးအပ်ခဲ့ကြပြီး နှစ်တစ်ရာပြည့်ရိုးရာအိမ်တော်၌ ကျင်းပသော ရိုးရာအကများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဧပြီ ၁၉ ရက်တွင်လည်း ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆူရ်ခွါးကျေးရွာတိုက်နယ်ဆေးရုံသို့ သွားရောက်ပြီး လူနာများအားကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကာ ဆက်လက်၍ မတူပီမြို့နယ် အိုက္ကားကျေးရွာ၌ ကျင်းပသော ချင်းတိုင်းရင်းသား ဇိုတုန်မျိုးနွယ်စုတို့၏ (၅၈)ကြိမ်မြောက် ဇိုတုန်စုံညီပွဲတော် အခမ်းအနားကို တက်ရောက်အားပေးခဲ့သည်။

**(ပြည်နယ် ပြန်/ဆက်)**




# တိုင်းရင်းသားလူငယ်များ စွမ်းရည်မြင့်မားရေး တတိယအကြိမ်မြောက် ပညာဒါနသင်တန်းဖွင့်

**သထုံ ဧပြီ ၂၁**

ခွန်တန်နွယ် ပအိုဝ်းလူငယ်ကွန်ရက်အဖွဲ့က ကြီးမှူးဖွင့်လှစ်သော လူငယ်များ အသိအမြင်ဖွင့် စွမ်းရည်မြင့်မားရေး တတိယအကြိမ်မြောက် ပညာဒါနသင်တန်း ဖွင့်ပွဲကို မွန်ပြည်နယ် သထုံမြို့နယ် နောင်ကုလားကျေးရွာ အလယ်ရွာတိုက်ကျောင်း၌ ဧပြီ ၂၀ ရက်က ကျင်းပခဲ့သည်။

"ပအိုဝ်းလူငယ်များ၊ အခြားတိုင်းရင်းသားလူငယ်များ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရပ်မိရပ်ဖများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တာဝန်ရှိသူ လူကြီးများနဲ့ အဝေးရောက်နေတဲ့ ဒေသခံများအားလုံးရဲ့ ကူညီပံ့ပိုးမှုတွေကြောင့် အခုလို သင်တန်းဖွင့်လှစ်နိုင်ခဲ့တာဖြစ်ပါတယ်"ဟု ခွန်တန်နွယ် ပအိုဝ်းလူငယ်ကွန်ရက်မှ ခွန်အောင်မျိုးသိန်းက ပြောသည်။ သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရွှေသင်းနှင့် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေတို့က အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးခဲ့သည်။



အဆိုပါသင်တန်းတွင် ကွန်ပျူတာ၊ အင်္ဂလိပ်စကားပြော၊ ပအိုဝ်းစာပေ၊ ပြည်သူ့နီတိ၊ လူထုသတင်းစာ ဘာသာရပ်များအား တစ်လကြာ စခန်းသွင်း လေ့ကျင့်သင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ သင်တန်းသို့ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တိုင်းရင်းသားလူငယ် ၁၅၀ ခန့် တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းအတွက် နေထိုင်စားသောက်မှု စရိတ်ငြိမ်းဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

# ရေးမြစ်ကြောင်း ရေရှည်တည်တံ့ရေးအတွက် သဲ၊ ကျောက် လုပ်ငန်းရှင်များနှင့် ဆွေးနွေး

**ရေး ဧပြီ ၂၁**

ရေးမြို့နယ်အတွင်းရှိ ရေးမြစ်ကြောင်း ရေရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်ရန်အတွက် မွန်ပြည်နယ်လွှတ်တော် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ကြည့်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးနှင့် အဖွဲ့ဝင်များသည် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အတွင်းမှ သဲ၊ ကျောက် လုပ်ငန်းရှင်များအား ဧပြီ ၂၀ ရက်က ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် သဲ၊ ကျောက် လုပ်ငန်းရှင်များအနေဖြင့် ရေးမြစ်ကြောင်း တစ်လျှောက်၌ သဲ၊ ကျောက် ထုတ်လုပ်ရာတွင် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးအပြင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေးနှင့် ရေးမြစ်ကြောင်း ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းရန် စသည့်အချက်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရေးမြို့နယ်တွင် ရေးမြစ်ကြောင်းအတွင်း သဲ၊ ကျောက်ထုတ်လုပ်သည့် လုပ်ငန်းရှင် ခြောက်ဦးအထိရှိနေပြီး ထုတ်လုပ်ရရှိသည့် သဲကျောက်များကို ဒေသအတွင်း လူနေအိမ်များ ဆောက်လုပ်ခြင်းအပြင် လမ်း၊ တံတားနှင့် အခြားအဆောက်အအုံများ ဆောက်လုပ်ရေးတွင်လည်း အသုံးပြုနေကြကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**



# နွေစပါးပေါ်ချိန်တွင် ခိုင်မာသောဈေးကွက်ရရှိရန် တောင်သူများမျှော်လင့်နေ

**ရေတာရှည် ဧပြီ ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း၌ ဆွာဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧကပေါင်း နှစ်သောင်းကျော် စိုက်ပျိုးထားရှိရာ ရက်သုံးဆယ်မျိုး ထိုင်းကောက်စပါးများမှာ မကြာမီ စတင်ရိတ်သိမ်းတော့မည်ဖြစ်သည်။ ထိုစပါးများပေါ်ချိန်တွင် တောင်သူများအနေဖြင့် ခိုင်မာသောဈေးကွက်ရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

နွေစပါးစိုက်ပျိုးရာတွင် ရက်သုံးဆယ်မျိုးဖြစ်သော ထိုင်းကောက်နှင့် ရက် ၁၂၀ သက်တမ်းရှိ ရတနာတိုးစပါးမျိုးများကို အများဆုံးစိုက်ပျိုးကြသည်ကို တွေ့ရသည်။ စပါးစိုက်ပျိုးရာတွင် တစ်ဧကအတွက် ထွန်ယက်ခ၊ စပါးမျိုးကုန်ကျစရိတ်၊ အလုပ်သမားငှားရမ်းခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးအမျိုးမျိုး အစရှိသည့် ကုန်ကျစရိတ် စုစုပေါင်းမှာ ကျပ်နှစ်သိန်းဝန်းကျင်ခန့် ကုန်ကျခဲ့သောကြောင့် စပါးပေါ်ချိန်တွင် ခိုင်မာသော ဈေးကွက်ရရှိရန်နှင့် ဈေးကွက်အတွင်း ဈေးကောင်းရရှိရန် တောင်သူများအနေဖြင့် မျှော်လင့်နေကြခြင်းဖြစ်သည်။

"ကျွန်တော်တို့တောင်သူတွေအနေနဲ့ စပါးအထွက်နှုန်းကောင်းနေရုံနဲ့ မရပါဘူး။ အဓိက အရေးကြီးတာက ဆန်၊ စပါးဈေးကွက် ကောင်းမွန်ဖို့လိုတယ်။ စပါးနဲ့ဆန်ဈေးကွက်ကောင်းမှ တောင်သူတွေ အသက်ရှူချောင်မှာ။ စပါးဈေးမကောင်းရင်တော့ တောင်သူတွေအတွက် အကြွေးတောင်ကျေဖို့မလွယ်ဘူး"ဟု နွေစပါးစိုက်ပျိုးသည့်တောင်သူတစ်ဦးကပြောသည်။

နွေစပါးများစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမွန်ရန်နှင့်အောင်မြင်ရန်မှာ ရေရရှိမှုအပေါ်တွင် တည်မှီလျက်ရှိရာ ယခုနှစ်တွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ရေပေးမြောင်းအလိုက် တာဝန်ခံများဖြင့် စနစ်တကျ ဆောင်ရွက်ပေးခဲ့မှုကြောင့် ရေအခက်အခဲများကို ဖြေရှင်းနိုင်ခဲ့ပြီး စပါးစိုက်ခင်းများ အောင်မြင်ခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# အဝေးကွင်းမှာ မန်ယူနဲ့အဲဗာတန်တို့ ကိုယ်စီအမှတ်ပြည့်ရယူပြီး အိမ်ကွင်းမှာ ကြိုးကြာနီတို့အောင်ပွဲခံဦးမယ့် ပရီမီယာလိဂ်ပွဲစဉ်(၃၄)




ဒီတစ်ပတ်စနေ၊ တနင်္ဂနွေဖြစ်တဲ့ ဧပြီ ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာတော့ ပရီမီယာလိဂ် ပွဲစဉ် (၃၄)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာတော့ ရာသီကုန်ချိန် တဖြည်းဖြည်း နီးကပ်လာတာနဲ့အမျှ အသင်းတိုင်း အမှားအယွင်းမခံတော့တာမို့ တန်းစီဇယားထိပ်ဆုံးက အသင်းတွေရော၊ တန်းဆင်းဇုန်အတွင်းက အသင်းတွေပါ ပွဲချိန်နောက်ဆုံးမိနစ်အထိ အားကုန်ထုတ်ကြရမှာမို့ ပွဲကောင်းတွေကတော့ တန်းစီနေပြီဖြစ်ပါတယ်။

**ဝက်စ်ဟမ်းနှင့် အဲဗာတန်**

ဝက်စ်ဟမ်းရဲ့ ခြေစွမ်းကတော့ အခုတလော အားရစရာမကောင်းဘူးဖြစ်နေပါတယ်။ လက်စတာ၊ ဟားလ်စီးတီး၊ အာဆင်နယ်အသင်းတွေကို ဆက်တိုက်ရှုံးပြီး ဆွမ်ဆီးကိုပဲ နိုင်ပွဲရခဲ့တဲ့ ဝက်စ်ဟမ်းတို့က အခုပွဲမှာ အိမ်ကွင်းဆိုပေမယ့် ပွဲကျပ်ပါပဲ။ အဲဗာတန်တို့ကတော့ လက်စတာ၊ ဘန်လေတို့ကို နိုင်ပွဲဆက်ခဲ့သလို အခုပွဲမှာလည်း ဝက်စ်ဟမ်းကို အဝေးကွင်းဆိုပေမယ့် အနိုင်ရအောင်ကစားပါလိမ့်မယ်။ ပထမအကျော့ အဲဗာတန်ကွင်းမှာ ကစားခဲ့တဲ့ပွဲမှာ အဲဗာတန်တို့က နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့သလို အခုပွဲမှာလည်း အဲဗာတန်တို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

**ဘန်လေနှင့် မန်ယူ**

ပရီမီယာလိဂ်မှာ တန်းစီဇယား စတုတ္ထနေရာရယူနိုင်ဖို့အတွက် အခုပွဲမှာ မန်ယူတို့ နိုင်ပွဲဆက်နိုင်ရေး ကြိုးစားမယ့်ပွဲပါပဲ။ ပြီးခဲ့တဲ့ ပွဲမှာ ချယ်လ်ဆီးကို နှစ်ဂိုးပြတ်နိုင်ပွဲရခဲ့တဲ့ မန်ယူတို့က ယုံကြည်မှုရှိပြီး စိတ်ဓာတ်လည်းမြင့်မားနေတာမို့ ဒီပွဲမှာ အနိုင်သုံးမှတ်ကို မဖြစ်မနေရယူပါလိမ့်မယ်။ ခြေစွမ်းပိုင်းကျဆင်းနေတဲ့ ဘန်လေတို့က အခုပွဲမှာ အိမ်ကွင်းဖြစ်ပေမယ့် အမှတ်ရယူဖို့ ခက်ခဲမှာဖြစ်ပါတယ်။ ဒီနှစ်သင်း ပထမအကျော့ မန်ယူကွင်းမှာ ကစားခဲ့တဲ့ရလဒ်က ဂိုးမရှိသရေပွဲဖြစ်ခဲ့ပေမယ့် အခုပွဲမှာတော့ အမှတ်လိုအပ်နေတဲ့ မန်ယူဟာ ဘန်လေကို အမှတ်ခွဲပေးတော့မှာ မဟုတ်ပါဘူး။

**လီဗာပူးနှင့် ခရစ္စတယ်ပဲလေ့စ်**

နိုင်ပွဲတွေအခုတလော ဆက်တိုက်ရရှိလာတဲ့ လီဗာပူးဟာ ပဲလေ့စ်ကို အိမ်ကွင်းမှာ အသာစီးရအောင် ကစားပါလိမ့်မယ်။ ပဲလေ့စ်ရဲ့အားနည်းချက်က အိမ်ကွင်းခြေစွမ်းကောင်းမွန်ပေမယ့် အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာပါပဲ။ လီဗာပူးဟာ အသင်းလိုက်ကစားအားကောင်းအောင် အားထုတ်လာတာမို့ ရလဒ်ကောင်းတွေကို ဖော်ဆောင်နိုင်နေပါတယ်။ အခုပွဲဟာ ပထမအကျော့ အဝေးကွင်းမှာ လီဗာပူးတို့ရရှိခဲ့တဲ့ရလဒ်အတိုင်း ဂိုးပြတ်သွင်းနိုင်ဖို့ ခက်ခဲပေမယ့် အနိုင်ဆိုတာ လီဗာပူးတို့အတွက်ဖြစ်ပါလိမ့်မယ်။

**ဆွမ်ဆီးနှင့် စတုတ်**

ရှုံးပွဲတွေဆက်တိုက် ကြုံတွေ့နေတဲ့ စတုတ်တို့ကတော့ ဟားလ်စီးတီးကို အနိုင်ရပြီးနောက် ရှုံးပွဲတွေရပ်တန့်နိုင်ခဲ့ပါတယ်ယ။ ဆွမ်ဆီးတို့ကတော့ နောက်ဆုံးသုံးပွဲကစားခဲ့ရာမှာ ရှုံးပွဲတွေများခဲ့တာမို့ ဒီပွဲမှာ ရလဒ်ကောင်းဖော်ဆောင်နိုင်ဖို့ ကြိုးစားလာပါလိမ့်မယ်။ ဆွမ်ဆီးရဲ့အားနည်းချက်က တိုက်စစ်ဖြစ်ပြီး အခုတလော နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ တစ်ဂိုးမှ မသွင်းနိုင်ခဲ့ပါဘူး။ စတုတ်ဟာ ပထမအကျော့ ဆွမ်ဆီးနဲ့ ကစားခဲ့ရာမှာ သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း လက်ရှိနိုင်ပွဲရခဲ့တဲ့ ခြေစွမ်းနဲ့ စိတ်ဓာတ်မြင့်တက်မှုကြောင့် အနိမ့်ဆုံးသရေပွဲကစားပါလိမ့်မယ်။

**ဟားလ်စီးတီးနှင့် ဝက်ဖို့ဒ်**

တန်းဆင်းဇုန်ထဲ မကျဆင်းအောင် အစွမ်းကုန်အားထုတ်လာမယ့် ဟားလ်စီးတီးတို့ကတော့ ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တဲ့ရလဒ်ကို ဒီပွဲမှာ ချေဖျက်တော့မှာဖြစ်ပါတယ်။ ဒါပေမယ့် ဟားလ်စီးတီးတို့ရဲ့လက်ရှိခြေစွမ်းကလည်း ရှုံးပွဲတွေဆက်တိုက်ဖြစ်ပေါ်နေတာမို့ အနိုင်ဆိုတဲ့ မျှော်လင့်ချက် ပြည့်ဝဖို့တော့ မလွယ်ပါဘူး။ ဝက်ဖို့ဒ်တို့က စပါးကို ဂိုးပြတ်ရှုံးခဲ့ပေမယ့် ဆန်းဒါးလန်း၊ ဝက်စ်ဘရွန်းနဲ့ ဆွမ်ဆီးတို့ကို နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့တာမို့ အခုပွဲမှာ ဝက်ဖို့ဒ်တို့ သုံးမှတ်အပြည့်ရယူသွားနိုင်မယ့်ပွဲပါပဲ။ ။

**မိုးမြင့်လင်းလက်**

---

## ဆစ်ဂတ်ဆွန်ကို အပြိုင်ခေါ်ယူမယ့် ပရီမီယာလိဂ်အသင်းများ

ဆွမ်ဆီးကွင်းလယ်ကစားသမား ဆစ်ဂတ်ဆွန်ကို ဆောက်သမ်တန်၊ အဲဗာတန်၊ ဝက်စ်ဟမ်း၊ နယူးကာဆယ်တို့ အပြိုင်ခေါ်ယူဖို့ ကြိုးစားလျက်ရှိပါတယ်။ အသက် ၂၇ နှစ်အရွယ် ဆွမ်ဆီးကွင်းလယ်ကစားသမား ဆစ်ဂတ်ဆွန်ဟာ ပေါင် ၃၅ သန်း တန်ဖိုးရှိပါတယ်။ တန်းဆင်းဇုန် ရောက်နိုင်တဲ့ ဆွမ်ဆီးအသင်းအနေနဲ့ ဆစ်ဂတ်ဆွန်ကို မဖြစ်မနေရောင်းထုတ်ရတော့မယ့်အနေအထားဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက အဲဗာတန်က အလိုရှိခဲ့ပေမယ့် ဆွမ်ဆီးက ပယ်ချခဲ့ပါတယ်။ သို့သော်လည်း ခေါ်ယူဖို့ စိတ်ဝင်စားနေဆဲ ဖြစ်ပါတယ်။ ဆစ်ဂတ်ဆွန်ဟာ ပရီမီယာလိဂ်မှာပဲ ဆက်လက်ရှိနေနိုင်ပါတယ်။ ဆောက်သမ်တန်နဲ့ ဝက်စ်ဟမ်းကလည်း ခေါ်ယူဖို့ အပြိုင်ကြိုးစားနေဆဲဖြစ်ပါတယ်။ သူဟာ ခြေစွမ်းရှိတဲ့ ကစားသမားဖြစ်တဲ့အတွက် ပရီမီယာလိဂ်အသင်းကြီးတွေက စောင့်ကြည့်နေရတဲ့ ကစားသမားဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ ဆစ်ဂတ်ဆွန်ဟာ အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့မယ့် အနေအထားရှိနေပါတယ်။

---

## ချန်ပီယံလမ်းကြောင်းပေါ် ပြန်ရောက်လာတဲ့ ရီးရဲမက်ဒရစ်




ရီးရဲမက်ဒရစ်ဟာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်မှာ ဘိုင်ယန်မြူးနစ်ကို အနိုင်ရခဲ့ပြီးနောက် နှစ်ပေါင်း ၂၄ နှစ်အတွင်း ချန်ပီယံလိဂ်ဖလား ဆက်လက်ထိန်းနိုင်တဲ့ အသင်းဖြစ်ဖို့ လမ်းကြောင်းပေါ် ရောက်ရှိလာပြီလို့ ဆိုပါတယ်။ ယခုအထိတော့ ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့ အသင်း ၂၃ သင်းမှာတော့ ဖလားကို ကာကွယ်နိုင်ခဲ့ခြင်းမရှိသေးပါဘူး။ ဖိုင်နယ်တက်နိုင်တဲ့ အသင်းလေးသင်းသာ ရှိခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း ချန်ပီယံလိဂ်ဖလား ဆွတ်ခူးနိုင်ခဲ့တဲ့အသင်းကိုးသင်းဟာ ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့ခြင်းမရှိဘူးလို့ ဆိုပါတယ်။ ဒီနှစ်မှာတော့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် တက်လာတဲ့အသင်းတွေကတော့ မိုနာကိုနဲ့ ဂျူဗင်တပ်စ်တို့ပဲ ဖြစ်ပါတယ်။ ဒီအတွက် ရီးရဲမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ်ဖလား ကာကွယ်နိုင်မယ့်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာပြီဖြစ်ပါတယ်။

---

## တရုတ်ကလပ်က ခေါ်ယူမယ်ဆိုတဲ့ ကော်စတာ




ချယ်လ်ဆီးတိုက်စစ်မှူး ဒီယေဂိုကော်စတာကို တရုတ်ကလပ် တန်ကျင်းကွမ်ကျန်းက ခေါ်ယူဖို့ စိတ်ဝင်စားခဲ့တယ်လို့ ဆိုပါတယ်။ တရုတ်စူပါလိဂ်ကလပ်က တစ်ပတ်ကို ပေါင် ၆၂၀၀၀၀ အထိ ပေးခေါ်ဖို့ ကြိုးစားလျက်ရှိပါတယ်။ တန်ကျင်းကွမ်ကျန်းက ကော်စတာကို တစ်နှစ်ပေါင် ၃၂ သန်းနဲ့ စာချုပ်ဖို့ ကြိုးစားလျက်ရှိပါတယ်။ ချယ်လ်ဆီး တိုက်စစ်မှူး ကော်စတာကို တရုတ်ကလပ်က ဇန်နဝါရီလ အပြောင်းအရွှေ့ကတည်းက ခေါ်ယူဖို့ စိတ်ဝင်စားခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးနည်းပြ ကွန်တီကတော့ ကော်စတာမပါဘဲ ယှဉ်ပြိုင်ကစားမှုကို စတင်နေပါတယ်။ ဒီအတောအတွင်းမှာ ကော်စတာနေရာကို အစားထိုးဖို့ အဲဗာတန်က လူကာကူနဲ့ အာဆင်နယ်က ဆန်းချက်ဇ်တို့ကို ခေါ်ယူဖို့လည်း ချယ်လ်ဆီးက ကြိုးစားနေပါတယ်။ ကော်စတာနေရာမှာ အခြားတိုက်စစ်မှူး တစ်ဦးကို အစားထိုးနိုင်မယ်ဆိုရင် ကော်စတာဟာ တရုတ်ကို ပြောင်းရွှေ့နိုင်တဲ့ အလားအလာတွေ ရှိနေပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

# မာရသာမုန်တိုင်းမိုးဖြင့် ညောင်ဦးဒေသတွင် မိုးဦးသီးနှံများ စတင်စိုက်ပျိုး



**ညောင်ဦး ဧပြီ ၂၁**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဧပြီ ၁၇ ရက်က ဆိုင်ကလုန်းမုန်တိုင်း မာရသာ၏ အရှိန်ကြောင့် မိုးများသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် အဆိုပါ မြို့နယ်များအတွင်းရှိ ဒေသခံ ကျေးလက်နေတောင်သူများအနေဖြင့် မြေပဲ၊ နှမ်းစသည့် မိုးဦးသီးနှံများ စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့နယ် တောင်ဘကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက "ကျွန်တော်တို့ ညောင်ဦးမြို့နယ်မှာ ဧပြီ ၁၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် ပြီးခဲ့တဲ့နှစ်တွေထက် မိုးဦးသီးနှံ စောစောစီးစီး စိုက်ပျိုးခွင့်ရလို့ ဝမ်းသာနေရပါတယ်။ အခု ရွာသွန်းတဲ့ မိုးက မိုးရေချိန် ၄ ဒသမ ၁၀ လက်မအထိ ရွာသွန်းခဲ့တာလို့ သိရပါတယ်။ မိုးရွာတဲ့အချိန်ကလည်း ကြာမြင့်တော့ မြေအစိုဓာတ်များလွန်းတာကြောင့် သီးနှံအပင်ပေါက်ဖို့အတွက် ပူစရာမလိုတော့ပါဘူး။ ကျွန်တော်တို့ရွာမှာ တောင်သူတွေ မိုးဦးသီးနှံအဖြစ် စိုက်ပျိုးကြတာကတော့ မြေပဲ၊ နှမ်းနဲ့ ပဲစင်းငုံသီးနှံကို အများဆုံးစိုက်ပျိုးကြတာများပါတယ်။ မိုးဦးသီးနှံတွေထဲမှာ ကျွန်တော်တို့ဒေသမှာ မိုးဦးနှမ်းမရတာဆိုရင် သုံးလေးနှစ်လောက် ရှိသွားပါပြီ။ ဒီနှစ်တော့ မိုးဦးနှမ်းက တန်ခူးလထဲမှာ စိုက်ပျိုးခွင့်ရတဲ့အတွက် နောက်မိုးရွာသွန်းရက် မကြာဘူးဆိုရင် နှမ်းသီးနှံရဖို့ စိတ်ချရပါတယ်"ဟု ပြောသည်။

ညောင်ဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ပိုးမွှားတာဝန်ခံ ဒေါ်ခင်သန်းမြင့်က ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်တို့တွင် ဆိုင်ကလုန်းမုန်တိုင်း မာရသာကြောင့် မိုးများသည်းထန်စွာ ရွာသွန်းခဲ့သော်လည်း ယခင်စိုက်ပျိုးထားပြီးဖြစ်သော နွေစပါးသီးနှံစိုက်ခင်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း၊ သို့သော် သင်္ကြန်ကာလအပြီး နွေသီးနှံ နွေနှမ်းစိုက်ပျိုးရန်အတွက် မြေပြုပြင်ထားပြီးဖြစ်သည့် လယ်ယာမြေများတွင် မိုးရေဝင်ရောက်မှုများပြီး အစိုဓာတ်များခြင်းကြောင့် နွေနှမ်းစိုက်ပျိုးရန် အချိန်အနည်းငယ် နောက်ကျနိုင်ဖွယ်ရှိကြောင်း ပြောသည်။

ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများတွင် ဆိုင်ကလုန်းမုန်တိုင်း မာရသာအရှိန်ကြောင့် မိုးရွာသွန်းမှုအားကောင်းခဲ့ခြင်းကြောင့် တောင်သူများအတွက် စိုက်ပျိုးရေရရှိပြီး မိုးဦးသီးနှံများ စတင်စိုက်ပျိုးလျက်ရှိနေပြီဖြစ်သလို မိုးရွာသွန်းမှုကြောင့် ကျေးလက်ဒေသများရှိ မြေသားမိုးရေလှောင်ကန်များတွင်လည်း မိုးရေများဝင်ရောက်ခဲ့၍ ဒေသခံပြည်သူများအတွက်လည်း သောက်သုံးရေလုံလောက်စေသည့်အတွက် မာရသာမုန်တိုင်းမိုး ရွာသွန်းခြင်းက ညောင်ဦးမြို့နယ်နှင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံများအတွက် အဆင်ပြေစေကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စစ်တောင်းမြစ်ကမ်းပါး ပြိုကျမှုများမှကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများစွာလိုအပ်နေ

**ရေတာရှည် ဧပြီ ၂၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ကို ဖြတ်သန်းစီးဆင်းသည့် စစ်တောင်းမြစ်ကမ်းပါးတစ်လျှောက်၌ မိုးရာသီကာလများတွင် ကမ်းပါးပြိုကျမှုများမှ ကာကွယ်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများစွာ လိုအပ်နေကြောင်း ဒေသခံများထံမှ သိရသည်။

စစ်တောင်းမြစ်ကမ်းပါးပြိုကျမှုများမှာ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိရာ မြစ်ကမ်းပါးများတစ်လျှောက် နေထိုင်ကြသူများမှာ နေအိမ်များရွှေ့ပြောင်းကြရခြင်း၊ လယ်ယာမြေကွက်များ ဆုံးရှုံးပျက်စီးခြင်းတို့ကို ကြုံတွေ့နေရသောကြောင့် ကမ်းပါးပြိုကျခြင်းမှကာကွယ်ရန် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းတွင် ထိုက်သင့်သည့် ဆောင်ရွက်မှုများကို အချိန်မီဆောင်ရွက်သင့်ကြောင်း မြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်ကြသော ဒေသခံများက ပြောသည်။



ရေတာရှည်မြို့နယ်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ အုတ်တွင်းမြို့နယ်၊ ရွှေကျင်မြို့နယ်အစရှိသည့် မြို့နယ်များသည် စစ်တောင်းမြစ်ဖြတ်သန်းရာတစ်လျှောက်တွင်တည်ရှိကြပြီး နှစ်စဉ်လိုလို မြစ်ကမ်းပါးပြိုကျမှုများနှင့် ကြုံတွေ့ကြရသည်ကို တွေ့ရသည်။ သစ်တောဂေဟစနစ် ပြောင်းလဲခြင်းအပြင် နုန်းပို့ချမှုများပြားခြင်းနှင့် မြစ်လယ်ကြမ်းပြင် မြင့်တက်ကာ ရေလယ်သောင်ကျွန်းများ ဖြစ်ထွန်းလာခြင်းကြောင့် မြစ်ကမ်းပါးများကို ရေတိုက်စားမှု ပိုမိုဖြစ်ပေါ်စေနိုင်ကြောင်း ကျွမ်းကျင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

**ကိုလွင်(ဆွာ)**

## လွယ်ဂျယ်မြို့၌ ဘိုးဘွား ၁၅၆ ဦးအား ပူဇော်ကန်တော့

**လွယ်ဂျယ် ဧပြီ ၂၁**
ကချင်ပြည်နယ် လွယ်ဂျယ်မြို့၌ (၁၄)ကြိမ်မြောက် သက်ကြီးပူဇော်ကန်တော့ပွဲကို နှစ်ဆန်းတစ်ရက်က မြို့လယ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့ပြီး ဘိုးဘွား ၁၅၆ ဦးအား ပူဇော်ကန်တော့နိုင်ခဲ့ကြောင်း သိရသည်။ သက်ကြီးပူဇော်ပွဲတွင် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး လွယ်ဂျယ်မြို့တွင်းမှ အသက် ၇၅ နှစ်အထက် ဘိုးဘွား ၁၅၆ ဦးအား နယ်မြေခံတပ်ရင်းမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် မြို့နေပြည်သူများ၊ ကုန်သည်ကြီးများအသင်းမှ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ထောက်ပံ့ငွေများဖြင့် ပူဇော်ကန်တော့ခဲ့ကြရာ စုစုပေါင်း ကျပ်သိန်း ၂၀ ကျော်ကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**ရင်ငြိမ်းပန်း(လွယ်ဂျယ်)**

## မှုခင်းသတင်းတိုများ

### အုတ်လုပ်သည့်ကန်ဟောင်းအတွင်း ရေဆင်းကူးသည့်လူငယ်နှစ်ဦး ရေနစ်သေဆုံး

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့ ဉပ္ပံ့စုရပ်ကွက်ရှိ အုတ်လုပ်သည့်ကန်ဟောင်းအတွင်း ရေဆင်းကူးရာမှ အသက် ၁၆ နှစ်နှင့် ၁၄ နှစ်အရွယ် လူငယ်နှစ်ဦး ရေနစ်သေဆုံးမှု ဧပြီ ၁၉ ရက်က ဖြစ်ပွားခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

အဆိုပါ ကန်ဟောင်းအတွင်း၌ လူငယ်သူငယ်ချင်းကိုးယောက် အတူရေဆင်းကူးခြင်းဖြစ်ကြောင်း၊ သေဆုံးသူများဖြစ်သည့် မောင်အောင်ပြည့်စုံ(၁၆နှစ်)နှင့် မောင်ဝေယံထက် (၁၄ နှစ်)တို့မှာ အတူလာသည့် သူငယ်ချင်းများ ပြန်သွားချိန်တွင် ဆက်လက်ရေကူးမည်ဟုဆိုကာ ကျန်ခဲ့ကြောင်း၊ ထို့နောက် ကန်ဘေး၌ စက်ဘီးတစ်စီး၊ ဖိနပ်တစ်ရန်နှင့် အဝတ်အစားများ တွေ့ရသည်ကို ရပ်ကွက်နေကလေးတစ်ဦးက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်သတင်းပို့ရာမှ တိုက်ကြီးမြို့မရဲစခန်းသို့ အကြောင်းကြားပြီး ရေကန်အတွင်း ရေငုပ်ရှာဖွေရာ မောင်အောင်ပြည့်စုံနှင့် မောင်ဝေယံထက်တို့၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးစံထွန်းက ပြောသည်။

"အုတ်လုပ်တဲ့ကန်ဟောင်းထဲမှာ မကြာခဏဆိုသလို အမူးသမားတွေ၊ ကလေးတွေ ရေနစ်သေကြတယ်။ အကာအရံတွေ ဒါမှမဟုတ် အန္တရာယ်ရှိကြောင်း သတိပေးဆိုင်းဘုတ်တွေ ရေးထားဖို့ လိုအပ်တယ်။ အခုကန်ဟောင်းက အလျား ပေ ၂၀၊ အနံ ၁၅ ပေ ဆိုပေမယ့် စောက်နက်တယ်။ အောက်မှာ ရွံ့ရှိတယ်။ ဒါကြောင့်နစ်တာပေါ့"ဟု ရပ်ကွက်နေပြည်သူတစ်ဦးက ပြောသည်။

လူငယ်နှစ်ဦး ရေနစ်သေဆုံးမှုနှင့်ပတ်သက်၍ တိုက်ကြီးမြို့မရဲစခန်းက သေမှုသေခင်းဖွင့်လှစ်ကာ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

### လမ်းဘေးမြောင်းထဲကားထိုးကျ၍ တစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရ

ကောလင်းမြို့နယ် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ် မိုင်တိုင်အမှတ် (၇၈)နှင့် (၇၉) ကြား၌ ဧပြီ ၁၉ ရက်က ကားတစ်စီး လမ်းဘေးမြောင်းထဲသို့ ထိုးကျ၍ လူတစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

ကားတစ်စီး လမ်းဘေးမြောင်းထဲသို့ထိုးကျနေကြောင်း သတင်းအရ ခန်းသာရဲကင်းစခန်းမှူး ရဲအုပ်စိုးသိန်းအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဇင်မင်းသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ယာယီ/---- ပါဂျရိုခဲစိမ်းရောင် ကားသည် ရွှေဘို-မြစ်ကြီးနားကားလမ်းပေါ် မောင်းနှင်လာစဉ် အဆိုပါနေရာ၌ ကွန်ကရစ်လမ်းခင်းထားခြင်းကြောင့် ကားဘီးချော်မည်စိုး၍ ဆွဲကွေ့ရာမှ လမ်းဘေးမြောင်းထဲသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသူများအနက် သိန်းဇော်ဝင်း (၂၀နှစ်)မှာ နေရာတွင် သေဆုံးသွားခဲ့ပြီး သိန်းဇော် ဦး၊ မျိုးဇော်ဦး၊ ဝင်းသူ၊ ဇော်ထက်ဝင်း၊ ခင်မောင်လင်း၊ ခိုင်မင်း၊ စိုးမြင့်၊ ငွေလင်း၊ မောင် ကြီးနှင့် ယာဉ်မောင်းဇင်မင်းသူတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကိုပေါ့ဆစွာမောင်းနှင်ခဲ့သူ ဇင်မင်းသူ ၂၂ နှစ်အား ကောလင်းမြို့မရဲစခန်း၌ အမှုဖွင့်ကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

### ဓာတ်ကြိုးဟောင်းများဖြတ်ရာမှ ဓာတ်လိုက်သေဆုံး

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာတွင် ဓာတ်တိုင်အဟောင်းမှ ဓာတ်ကြိုးအဟောင်းများကို တက်ဖြတ်သော အမျိုးသားတစ်ဦး ဓာတ်လိုက်သေဆုံးမှု ဧပြီ ၁၉ ရက်က ဖြစ်ပွားခဲ့ကြောင်းသိရသည်။

သတင်းအရ နန်းမားနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်မောင်မောင်အေးနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ နန်းမားကျေးရွာ နန်းခမ်းရပ်နေ မောင်ချင်း (၃၅ နှစ်)ဖြစ်ပြီး နန်းခမ်းရပ် ပိုလ်တဲလမ်းပေါ်ရှိ ဓာတ်တိုင်အဟောင်းမှ ဓာတ်ကြိုးအဟောင်းများကို နန်းခမ်းဘုန်းကြီးကျောင်းတွင် အသုံးပြုရန်အတွက် တစ်ရပ်ကွက်တည်းနေသူများဖြစ်သော လင်းအောင်၊ အောင်ချစ်ထွေး၊ အောင်သန်းလွင်၊ မြင့်စိုးတို့နှင့်အတူ ဓာတ်တိုင်ဆီသို့သွား၍ မောင်ချင်းက ဓာတ်တိုင်ပေါ်တက်ပြီး ဓာတ်ကြိုးအဟောင်းများကို ဖြတ်တောက်စဉ် အနီးရှိ မီးလွှတ်ထားသောဓာတ်တိုင်မှ ဓာတ်ကြိုးနှင့် ငြိမိသဖြင့် ဓာတ်လိုက်ကာ ညာဘက်လက်ညိုးနှင့် လက်ခလယ်ကြားတွင် မီးလောင်ဒဏ်ရာရရှိခဲ့၍ နန်းမားတိုက်နယ်ဆေးရုံသို့ ရောက်ရှိစဉ် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ နန်းမားနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်လှစ်ကာ ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၆၇)**

### ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံး

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက် ပုလဲဈေးလမ်းဆုံအနီး၌ ဧပြီ ၁၈ ရက် ည ၈ နာရီက ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးကာ တစ်ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားရာသို့ မိတ္ထီလာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးချက်အရ မောင်မျိုးမောင်းနှင်လာသော ဆိုင်ကယ်မှာ တစ်ဖက်ယာဉ်ကြောအတွင်း ရောက်ရှိသွားပြီး မျက်နှာချင်းဆိုင်မှ နေမျိုးသွေး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းလာသူနှစ်ဦးလုံးတွင် ဒဏ်ရာများရရှိ၍ မိတ္ထီလာဆေးရုံသို့ တင်ပို့ခဲ့ရာ မောင်မျိုးမှာ ဆေးရုံ အရောက်တွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဆိုင်ကယ်ကို တစ်ဖက်ယာဉ်ကြောအတွင်းရောက်အောင် မောင်းနှင်ပြီး သေဆုံးသွားသူ မောင်မျိုးအား မိတ္ထီလာမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**(ဝ၆၉)**

# အစွမ်းထက်တဲ့ ကွမ်းရွက်

ကြည်လွင်မြင့် (မှုံရွာ)

**စာကြည့်၊ စာကျက်၊ စာဖတ်များတဲ့သူတွေမှာ မျက်လုံး၊ မျက်ခုံးတွေကိုက်ခဲတဲ့ဝေဒနာရတတ်ပါတယ်။ နာရီဝက်၊ တစ်နာရီလောက် စာကြည့်လိုက်ရင် ကိုက်လာတဲ့မျက်လုံးကြောင့် နားထင်ကြောတွေ၊ ဇက်ကြောတွေပါကိုက်လာလို့ ဆက်ပြီးမကြည့်နိုင်တော့ဘူး။ အာရုံမစိုက်နိုင်တော့ဘူး။ ကွန်ပျူတာကြည့်တဲ့သူ ဆိုရင်တော့ ပိုဆိုးတာပေါ့။ ကွန်ပျူတာက ထွက်လာတဲ့အလင်းတန်းတွေက မျက်စိအမြင်အာရုံကြောတွေကို ပိုပြီးထိခိုက်စေတယ်လို့ ပညာရှင်တွေက ပြောကြတာကိုး။ ကွန်ပျူတာဂိမ်းကစားတဲ့ ကလေးငယ်တွေမှာတောင် မျက်စိအမြင်အာရုံ ထိခိုက်မှုတွေရှိတာကြောင့် ဆရာဝန်ကြီးတွေနဲ့ပြပြီး ကုသရတာတွေရှိတာ ကြားသိရဖူးပါတယ်။**

စာရေးသူရဲ့သမီးငယ်တစ်ယောက်ဟာ ကွန်ပျူတာ တက္ကသိုလ် တက်ခွင့်ရပြီးမှ မျက်စိပြဿနာကြောင့် ထွက်လိုက်ရပြီး အဝေးသင် စီးပွားရေးသို့ ပြောင်းလိုက်ရပါတယ်။ သမီး၏ သူငယ်ချင်း ကွန်ပျူတာကျောင်းသူတစ်ဦးမှာလည်း မျက်လုံးအိမ်နှင့် မျက်ရိုးကိုက်သောဝေဒနာ အတော်ခံစားရသဖြင့် စာရေးသူကိုယ်တိုင်ပင် မျက်စိဆရာဝန်ကြီးတစ်ဦး ထံပြသပြီး မျက်မှန်တပ်ပေးလိုက်ရပါတယ်။

သူတို့နှစ်ဦးလုံးပင် မျက်မှန်တပ်ချင်၍ တပ်ရသူများမဟုတ်။ ချွတ်လိုက်တပ်လိုက်နှင့် အလုပ်ရှုပ်နေကြသည်။ လှချင်သော သမီးတစ်ဦးမှာ မျက်ကပ်မှန်လုပ်ချင်သည်ဆိုသဖြင့် နာမည်ကြီးမျက်မှန်ဆိုင်ကြီး တစ်ခုသို့လိုက်ပို့ပြီး မျက်ကပ်မှန်လုပ်ပေးလိုက်ရသည်။ သို့သော်မျက်ကပ်မှန်၏ ပြဿနာမှာ အကျင့်မရသေးခင်အထည့်ရခက်ခြင်း၊ ဆေးရည်ဖြင့်ဆေးကြောရခြင်း၊ မကြာခဏထွက်ကျခြင်း၊ တစ်ခါတစ်ရံဝမ်းနည်း၍ငိုလျှင် မျက်ကပ်မှန်ထွက်ကျခြင်း စသောပြဿနာများ ကြုံတွေ့ရလေသည်။

ဤသို့ နေလာရာမှ တစ်ရက်တွင် သမီးအိပ်ရာထချိန်တွင် သူ့မျက်စိထောင့်နှစ်ဖက်တွင် ရှေးကတစ်မတ်စေ့ခန့် အရွက်စိမ်းစိမ်း နှစ်ခုကပ်ထားသည်ကိုတွေ့ရသဖြင့် မေးကြည့်ရာ ကွမ်းရွက်ကပ်ထားကြောင်း ပြောသည်။

ဖြစ်ပုံမှာ သမီး၏သူငယ်ချင်း ကွန်ပျူတာကျောင်းသူသည် သူ့မွေးဇာတိမြို့သို့ အလည်ပြန်သွားပြီးနောက် သူ့မျက်စိအကြောင်းကို အဖွားဖြစ်သူအားပြောပြရာ အဖွားဖြစ်သူက "သမီးမျက်စိထဲမှာ အခိုးတွေ ငုပ်နေတာဖြစ်မယ်။ အခုခေတ်ကျောင်းသူတွေက ခေါင်းလျှော်ရင် အကြာကြီးလျှော်တယ်။ ခေါင်းအအေးပတ်ရာကနေ မျက်စိထဲမှာ အခိုးငုပ်ကာ ကြည့်ရတာဝေဝါးပြီး အာရုံစိုက်မရဖြစ်တယ် . . . ကြာကြာကြည့်တော့ မျက်လုံးတွေ၊ မျက်ရိုးတွေကိုက်လာရော"လို့ ပြောပြပါတယ်။ သူ့အဖွားက မျက်စိထောင့်အတွင်းရှိ မျက်ရည်အိတ်နေရာလက်နဲ့စမ်းကြည့်ရင် အဖုလေးတွေရှိတဲ့နေရာမှာကပ်မှ မျက်စိထဲက အခိုးတွေကို စုပ်ယူသွားနိုင်မယ်" လို့ပြောပါတယ်။ အချို့မှာ ကွမ်းရွက်ကို ပြားစေ့ခန့် အဝိုင်းလေးဆုတ်ယူပြီး မျက်စိထောင့်နှစ်ဖက်လုံးတွင် ကပ်ကြသည်။ မျက်စိအတွင်းအပြင်ထောင့်များတွင်ကပ်လျှင် မျက်လုံးနှစ်လုံးအတွက် ကွမ်းရွက်ဝိုင်းလေး လေးခု ဆုတ်ယူရမည်ဖြစ်သည်။ ကွမ်းရွက်အရွက်ကြီးလျှင် တစ်ရွက်တည်းနှင့် အဝိုင်းငယ်လေးခုရနိုင်ပါသည်။



အခြားနည်းမှာ ကွမ်းရွက်တစ်ရွက်ကို မျက်စိအရွယ်ခန့် အဝိုင်းပေါက်ဖောက်ပြီး မျက်စိတစ်ခုလုံးကို အုပ်ပြီးကပ်သည့်နည်း ဖြစ်သည်။ မျက်စိနှစ်လုံးအတွက် ကွမ်းရွက်နှစ်ရွက်လိုအပ်မည်ဖြစ်သည်။ ကွမ်းရွက်ကပ်ခြင်းကြောင့် တစ်နေ့တခြား မျက်လုံးအိမ်အတွင်းမှ ကိုက်ခြင်း၊ မျက်ရိုးကိုက်ခြင်းများ သက်သာလာကြောင်း ပြောကြသည်။ ကွမ်းရွက်သည် အခိုးစုပ်ယူနိုင်သော သတ္တိရှိသည်သာမက မြန်မာတို့သည် အနာ၊ သွေးစုနာ၊ မွေးကျွတ်နာ စသည်များတွင်လည်း ကွမ်းရွက်ကပ်လေ့ရှိကြောင်း တွေ့ရသည်။ ပြည်မပေါက်သောအနာကို ကွမ်းရွက်ကပ်ပေးလျှင် အမြန်ပေါက်လွယ်သည်။



**၁၉၈၈ခုနှစ်ခန့်က မဂ္ဂဇင်းတစ်စောင်တွင် ယခုကွယ်လွန်သွားပြီဖြစ်သော ဆရာကြီးသာဂဒိုးက "ကွမ်းရွက်ကပ်နည်း အလကားရစေသတည်း" ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး ရေးဖူးသည်ကို ဖတ်ရဖူးသည်။ ၎င်းဆောင်းပါးတွင် ဆရာကြီးသည် မျက်မှန်ဒီဂရီတွေ တိုးတိုးလာသဖြင့် အရစ်များထနေသော မျက်မှန်အထူကြီး တပ်နေရာမှ ကွမ်းရွက်ကပ်နည်းကို သိရသဖြင့် ကပ်ကြည့်ရာ တစ်ပတ်ခန့်အကြာတွင် မျက်လုံးကိုက်လာသဖြင့် မျက်စိဒီဂရီသွားချိန်ကြည့်ရာ မျက်မှန်ဒီဂရီ လျော့သွားသဖြင့် မျက်မှန်လဲလိုက်ရကြောင်း၊ ဆက်ကပ်သွားရာ နောက်ဆုံး မျက်မှန်လွတ်သွားကြောင်း ရေးသားထားသည်။**

၁၉၈၈ခုနှစ်ခန့်က မဂ္ဂဇင်းတစ်စောင်တွင် ယခုကွယ်လွန်သွားပြီဖြစ်သော ဆရာကြီးသာဂဒိုးက "ကွမ်းရွက်ကပ်နည်း အလကားရစေသတည်း" ဟူသော ခေါင်းစဉ်ဖြင့် ဆောင်းပါး ရေးဖူးသည်ကို ဖတ်ရဖူးသည်။ ၎င်းဆောင်းပါးတွင် ဆရာကြီးသည် မျက်မှန်ဒီဂရီတွေ တိုးတိုးလာသဖြင့် အရစ်များထနေသောမျက်မှန်အထူကြီးတပ်နေရာမှ ကွမ်းရွက်ကပ်နည်းကို သိရသဖြင့် ကပ်ကြည့်ရာ တစ်ပတ်ခန့်အကြာတွင် မျက်လုံးကိုက်လာသဖြင့် မျက်စိဒီဂရီသွားချိန်ကြည့်ရာ မျက်မှန်ဒီဂရီ လျော့သွား၍ မျက်မှန်လဲလိုက်ရကြောင်း၊ ဆက်ကပ်သွားရာ နောက်ဆုံး မျက်မှန်လွတ်သွားကြောင်း ရေးသားထားပြီး မျက်မှန်မပါတော့သော ဆရာကြီးကို ဇနီးက ခပ်တန်းတန်းဖြစ်သွားသဖြင့် မေးကြည့်ရာ "တစ်သက်လုံးက မျက်မှန်နဲ့ယောကျ်ားက အခုကွမ်းရွက်ကပ်ပြီး မျက်မှန်ဖယ်သွားတော့ သူ့မျက်နှာကြည့်ရတာ အရင်က ကျွန်မယောကျ်ား မဟုတ်တော့သလိုပဲ"ဟု ဟာသဆန်ဆန်ရေးထားသည်ကို ဖတ်ရဖူးပါသည်။

**ကွမ်းရွက်အသုံးပြုပုံ**

(၁) ကွမ်းရွက်ညှစ်ရည်ကို ပျားရည်နှင့်တိုက်က ကလေးများ လေပွခြင်း၊ အစာမကြေဖြစ်ခြင်း၊ ဝမ်းသွားခြင်း၊ ဖျားနာခြင်းများပျောက်၏။

(၂) ကွမ်းရွက်ညှစ်ရည်ကို နွားနို့နှင့်သောက်က မီးယပ်ကြောင့်ဖြစ်သော စိတ္တဇရောဂါပျောက်၏။

(၃) ကွမ်းရွက်ညှစ်ရည်တွင် ချင်းပြုတ်ရည်နှင့် သိန္ဓောဆားအနည်းငယ် ထည့်သောက်က ပန်းနာရင်ကျပ်၊ ရင်အောင့်ရင်ကယ်၊ ကြက်ညှာ ချောင်းဆိုးရောဂါများ ပျောက်၏။

(၄) ကွမ်းရွက်ညှစ်ရည်အား မျက်စဉ်းခတ်ပေးခြင်းဖြင့် ကြက်မျက်သင့် နာ၊ မျက်စိရောင်ခြင်း၊ ကိုက်ခြင်းစသော မျက်စိနှင့်ဆိုင်သော ရောဂါများပျောက်ကင်း၏။

(၅) ကွမ်းရွက်ကို နနွင်းနှင့်ကျိုပြီး ဆားအနည်းငယ်ခတ်သောက်ပါက ဖျားနာရောဂါပျောက်၏။

(၆) ကွမ်းရွက်ကို ထန်းလျက်၊ ချင်း၊ ဆားထည့်၍သောက်သော် အပူလွန်၍ ဖျားသော အဖျားရောဂါပျောက်၏။

(၇) ကွမ်းရွက်ကို မီးကင်၍ ကလေးများငယ်ထိပ်တွင် အုန်းဆီနှင့် ဆွတ်ပြီး ကပ်ပေးထားပါက နှာစေးရောဂါပျောက်ကင်း၏။

(၈) ကလေးများ ကျောပူခေါင်းပူဖြစ်လျှင် ကွမ်းရွက်ကို မီးကင်အရည်ညှစ်ပြီး ငယ်ထိပ်တွင် လိမ်းပေးပါ။

(၉) ကွမ်းရွက်ကို အခြောက်လှန်းပြီး အုန်းဆီစစ်စစ်ဖြင့် ရောလိမ်းပေးလျှင် ငယ်ထိပ်ပြောင်သူ ဆံပင်ပြန်ပေါက်စေနိုင်သည်။

(၁၀) ကွမ်းရွက်ကိုလိပ်ပြီး နှာခေါင်းပေါက်တွင် ထည့်လျှင် နှာခေါင်းသွေးယို ရောဂါ ပျောက်စေနိုင်သည်။

(၁၁) ကွမ်းရွက်ကို ကတော့ပြုလုပ် ဆားထည့်ပြီး ထုပ်ပါ။ သံပြားပေါ်တွင်တင်ပြီး မီးဖုတ်ပြာချပါ။ ထိုကွမ်းရွက်ပြာဆားကို သံပရာရည်နှင့် ဖျော်လျက်လျှင် ရင်ကျပ်ပန်းနာရောဂါသက်သာ ပျောက်ကင်းစေနိုင်သည်။

## အပူဒဏ်ကြောင့် ကျန်းမာရေးပြဿနာများဆိုင်ရာ နှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်အတွင်း ရှိ ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားတတ်ပါသည်။ ပြည်သူလူထု အနေဖြင့် အပူဒဏ်ကြောင့် ဖြစ်ပွားတတ်သော ကျန်းမာရေးပြဿနာများ တွေ့ရှိပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို သိရှိလိုက်နာနိုင်ပါရန် နှိုးဆော်အပ် ပါသည်။

**အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း (Heat exhaustion) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- ပျို့ခြင်း (သို့) ဂနာမငြိမ်ဖြစ်ခြင်း
- ခေါင်းမူးနောက်ခြင်း
- ကြွက်သားများ ကြွက်တက်ခြင်းနှင့် အားပျော့ခြင်း
- မူးမိုက်ခြင်း
- ခေါင်းကိုက်ခြင်း
- နုံးချည့်ခြင်း
- ရေဆာခြင်း
- ချွေးအလွန်အကျွံထွက်ခြင်း
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း

**ရောဂါပိုမိုပြင်းထန်ဆိုးရွားလာ၍ အပူဒဏ်ကြောင့် သတိလစ်ခြင်း(Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများ ပေါ်ပေါက်နိုင်ပါသည်။**

- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- စိတ်ရှုပ်ထွေးခြင်း
- သတိလစ်ခြင်း
- တက်ခြင်း
- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်း

**အဆိုပါလက္ခဏာများခံစားရပါက ဦးစွာဆောင်ရွက်ရန်-**

(၁) အရိပ်ရ၍ အေးမြသော၊ လေဝင်လေထွက်ကောင်းသော နေရာသို့ ပြောင်းရွှေ့ထားပါ။

(၂) ရေနှင့် ဓာတ်ဆားရည်များကို တိုက်ကျွေးပါ။

(၃) ရေအေးပတ်တိုက်ပါ။ (နဖူး၊ လည်ပင်း၊ ချိုင်းကြားနှင့် ပေါင်ခြံတို့ကို ရေအေးပတ်ရွှဲရွှဲ တိုက်ပေးခြင်းဖြင့် ခန္ဓာကိုယ်တွင် အပူချိန် အမြန်ကျစေ ပါသည်။)

**နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနများသို့ အမြန်ဆုံးပို့ပေးပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကင်းတားရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်လို

ဆောင်းပါး - ကျော်ကျော်(မလှိုင်)

ရှေးမြန်မာမင်းများလက်ထက်မှစ၍ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းမှ ပန်းလောင်မြစ်ပေါ်တွင် ရေလွှဲဆည်များတည်ဆောက်ပြီး လယ်ယာမြေများကို ဆည်ရေပေးစိုက်ပျိုးခဲ့ရာ ကိုလိုနီခေတ်(၁၉၉၁-၁၉၉၂)ခုနှစ်တွင် ပန်းလောင်မြစ်ပေါ်ရှိ ကင်းတားဆည်၊ နက်လွှဲဆည်၊ ကျီးမဲဆည်နှင့် ထုံးကြီးဆည်တို့ကို ပြန်လည်မွမ်းမံပြင်ဆင်ပြီး ယနေ့တိုင် ဆည်ရေပေးဝေ သုံးစွဲလျက်ရှိသည်။

ထိုဆည်များသည် ရေလွှဲဆည်များဖြစ်သောကြောင့် မြစ်ရေစီးရေလာနည်းပါးချိန်တွင် ရေလုံလောက်မှုမရှိခြင်းနှင့် မြစ်ရေကြီးချိန်တွင် လယ်ယာမြေများ ရေလွှမ်းမိုးခြင်းတို့မှ ကာကွယ်နိုင်ရန်၊ တစ်နှစ်ပတ်လုံး ရေလိုအပ်ချိန်တွင် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် နှစ်စဉ် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန် ရည်ရွယ်ချက်များစွာဖြင့် ကင်းတားရေလှောင်တမံကို သက်ဆိုင်ရာ တာဝန်ရှိသူများက ၁၉၈၁-၁၉၈၂ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့ရာ ၁၉၈၉-၁၉၉၀ ခုနှစ်ခန့်တွင် ပြီးစီးခဲ့သည်။

ရေလှောင်တမံအမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့် ၂၃၆ ပေ၊ တမံအလျား ၂၀၃၄ ပေရှိကာ ရေထုတ်ပြွန်အမျိုးအစားမှာ ကွန်ကရစ်ဥမင်ဖြစ်သည်။ ရေထုတ်ပြွန်အရွယ်အစားမှာ အကျယ် ၂၄ ဒသမ ၆ ပေရှိပြီး အလျား ၁၅၂၅ ပေဖြစ်သည်။ ခန့်မှန်းကုန်ကျငွေ ၁၇၅၉ ဒသမ ၄ သန်းဟု အဆိုပါဆည် တာဝန်ရှိသူထံမှ သိရသည်။ ကင်းတားတမံ ဘက်စုံစီမံကိန်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး တင်ဒါခေါ်ယူမှုစနစ်အရ ဂျာမနီနိုင်ငံ လာမေယာအင်တာနေရှင်နယ်ကုမ္ပဏီက ၁၉၇၈ ခုနှစ်တွင် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ပြုစုပေးခဲ့ကာ ရေလှောင်တမံနှင့် အဆောက်အအုံများ၊ ရေအားလျှပ်စစ်ဆိုင်ရာ မြို့ပြအဆောက်အအုံများကို သက်ဆိုင်ရာနိုင်ငံများက တည်ဆောက်ပေးခဲ့၍ ၁၉၈၉-၁၉၉၀ ခုနှစ်တွင် စီမံကိန်းအားလုံး ဆောင်ရွက်ပြီးစီးခဲ့သည်ဟု သိရသည်။



သဘာဝ တောတောင်များကြားမှ ကင်းတားရေလှောင်တမံ ပတ်ဝန်းကျင်အလှ

ယခုအခါ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းများနှင့်ပက်သက်ပြီး ကင်းတားရေလှောင်တမံ စီမံကိန်းကို မပျက်ဆောင်ရွက်ပေးနေကြောင်း၊ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းကို စိုက်ပျိုးရေပေးဝေရန်၊ ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်ရန်နှင့် ရေအားလျှပ်စစ် ထုတ်လုပ်ရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကင်းတားရေလှောင်တမံ၏အောက်ဘက် ရှစ်မိုင်အကွာရှိ ကင်းတားရေလွှဲဆည်မှ လက်ဝဲ လက်ယာနှင့် ပန်းလောင်ရေသောက်စနစ်ရှိ စိုက်ပျိုးမြေများသို့ စိုက်ပျိုးရေပေးဝေရာတွင် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မိုးစပါး ဧက ၁၀၀၀၀၀ ခန့် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ၆၇၃၀၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ကင်းတားရေလှောင်တမံ ကန်အတွင်း လက်ရှိရေပမာဏမှာ ယခုနှစ် ဧပြီ ၃ ရက်အထိ ဧကပေ ၆၀၀၄၀၀ ရှိပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ကာလတူအချိန်တွင် သိုလှောင်ရေပမာဏမှာ ဧကပေ ၁၈၀၉၀၀ သာရှိ၍ ဧကပေ ၄၁၉၅၀၀ ရေပိုမိုသိုလှောင်ထားနိုင်ခဲ့ကြောင်း၊ အသုံးပြုနိုင်သည့် ရေပမာဏအနေဖြင့် ဧကပေ ၅၄၄၁၂၀ ရှိကြောင်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးစပါး ၁၃၉၃၂ ဧကပေကို ရေသွင်းစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၆-၂၀၁၇ ခုနှစ် နွေသီးနှံ ရေပေးရာသီတွင်လည်း ဧက ၃၇၃၀၀ ကို စိုက်ပျိုးရေပေးရန် လျာထား၍ ဝါ၊ နှမ်း၊ ပဲတီစိမ်း စသော နွေသီးနှံများကို စိုက်ပျိုးရေပေးဝေလျက်ရှိပြီး တူးမြောင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း ယခုအချိန်အထိ စိုက်ပျိုးရေအပြင် သောက်သုံးရေပါ ပေးဝေလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထင်ကျော်လင်းက ၄င်းတို့ဌာနအနေဖြင့် နှစ်စဉ်ခွဲဝေရရှိသော ရန်ပုံငွေများဖြင့် ကင်းတားဆည်ရေသောက်စနစ်နှင့် တူးမြောင်းများပြုပြင်ခြင်းစသည့် ကင်းတားတမံ ဘက်စုံပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးကြသည့် တောင်သူလယ်သမားများအနေဖြင့်လည်း စိုက်ပျိုးရေသုံးစွဲသည့်အခါတွင် စည်းစနစ်ဖြင့်သုံးစွဲကြရန်လိုအပ်ကြောင်း ပြောသည်။

**အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ တမံအနီးရှိ သစ်တောများအတွင်းတွင် တရားမဝင် သစ်ထုတ်လုပ်မှုများ ရှိနေပြီး တရားမဝင် သစ်ဆွဲလှေများ၊ တရားမဝင် သစ်ကားများမှာလည်း သွားလာသယ်ယူနေဆဲဖြစ်ကြောင်း၊ သက်ဆိုင်သည့်ဌာနများသို့ စာပို့တိုင်ကြား တင်ပြမှုရှိသော်လည်း ဖမ်းဆီးမှုအားနည်းနေခြင်းကြောင့် တရားမဝင်သစ်ခုတ်သူများမှာ အတင့်ရဲနေဆဲဖြစ်ကြောင်း၊ ကူမဲ-ကင်းတားတမံသွား (၂၁)လမ်းပိုင်းတွင် တရားမဝင်သစ်ကားများမှာ တာဝန်ရှိသူများက ဖမ်းဆီးချိန်မျိုးမှလွဲ၍ ကျန်အချိန်များတွင် ပုံမှန်သွားလာနေလျက်ရှိကြောင်း သိရသည်။**

ထို့အပြင် ကင်းတားဆည်ရေလှောင်တမံ ရေရှည်တည်တံ့ရေးအတွက် တရားမဝင်သစ်ထုတ်လုပ်မှုများကိုလည်း ဟန့်တားနိုင်ရန် လိုအပ်ကြောင်းနှင့် လက်ရှိအချိန်တွင် တမံအနီးရှိ ရှမ်းသစ်တောအပိုင် တမံ(၃)အနီးတွင် ယခုအခါ ကျူးကျော်နေထိုင်သူများ များပြားလာခြင်းကြောင့် မလိုလားအပ်သည့်မှုခင်းများ ဖြစ်ပွားလာနိုင်ကြောင်းလည်း သိရသည်။

ကင်းတားတမံအနီးရှိ ကျေးရွာတစ်ရွာမှ အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ တမံအနီးရှိ သစ်တောများအတွင်းတွင် တရားမဝင်သစ်ထုတ်လုပ်မှုများ ရှိနေပြီး တရားမဝင်သစ်ဆွဲလှေများ၊ တရားမဝင် သစ်ကားများမှာလည်း သွားလာသယ်ယူနေဆဲဖြစ်ကြောင်း၊ သက်ဆိုင်သည့်ဌာနများသို့ စာပို့တိုင်ကြား တင်ပြမှုရှိသော်လည်း ဖမ်းဆီးသည့်အပိုင်းတွင် အားနည်းနေခြင်းကြောင့် တရားမဝင်သစ်ခုတ်သူများမှာ အတင့်ရဲနေဆဲဖြစ်ကြောင်း၊ ကူမဲ-ကင်းတားတမံသွား (၂၁)လမ်းပိုင်းတွင် တရားမဝင်သစ်ကားများမှာ တာဝန်ရှိသူများက ဖမ်းဆီးချိန်မျိုးမှလွဲ၍ ကျန်အချိန်များတွင် ပုံမှန်သွားလာနေလျက်ရှိကြောင်း သိရသည်။

အလားတူ ကူမဲ-ကင်းတားတမံသွား (၂၁)မိုင်လမ်းပိုင်း ချမ်းငြိမ်းသာကျေးရွာအနီးတစ်ဝိုက်တွင်လည်း တရားမဝင်သစ်ခွဲစက်များမှာ ထင်ထင်ရှားရှားပင် လုပ်ကိုင်နေကြသည်များရှိကြောင်း သိရသည်။ ထိုသို့ တရားမဝင် စည်းကမ်းမဲ့ သစ်ခုတ်ဝါးခုတ်ခြင်းများကြောင့် တောတောင်များပြုန်းတီးလာပြီး ကင်းတားဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးလာပါက စိုက်ပျိုးရေးကိုသာ လုပ်ကိုင်ကြသည့် ဒေသခံတောင်သူလယ်သမားများအတွက် အခက်အခဲဖြစ်ရမည်ဖြစ်ကြောင်းလည်း အဆိုပါ ကျေးရွာအုပ်ချုပ်ရေးမှူးက ဆက်ပြောသည်။

ကင်းတားတမံအနီးရှိ ကံဆည်ကျေးရွာမှ တောင်သူတစ်ဦးကလည်း “ကျွန်တော်က အခုဆိုရင် အသက် ၅၀ ကျော်ပါပြီ။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် ကင်းတားတမံအနီးက တောတောင်တွေဟာ စိမ်းစိမ်းစိုစိုနဲ့ သဘာဝအလှတရားများနဲ့ အမြဲလှပနေတဲ့ တောတောင်တွေပါ။ ဒီတောတောင်တွေပေါ်မှာဆိုရင် သဘာဝအလျောက်ထွက်ရှိနေတဲ့ စိမ့်စမ်းရေထွက်တွေ၊ သစ်ပင်မျိုးစုံတွေ အရမ်းကို ပေါများပါတယ်။ အခုတော့ တရားမဝင်သစ်ဆွဲလှေတွေ၊ အနယ်နယ်အရပ်ရပ်က ရွှေ့ပြောင်းနေထိုင်သူတွေက သစ်ခုတ်မီးသွေးဖုတ်တာတွေ၊ သစ်ပွဲစားတွေဆီ ပြန်လည်ရောင်းဝယ်မှုတွေ လုပ်ကိုင်နေတာတွေ မြင်နေရပါတယ်။ ဒီလိုလုပ်ကိုင်နေတာကြောင့် သစ်တောတွေ ပြုန်းတီးလာပြီး ရာသီဥတုတွေ ပျက်စီးလာပါတယ်။ ယခင်နှစ်က အယ်နီညိုရာသီဥတုကာလမှာလည်း သောက်သုံးရေ စိုက်ပျိုးရေအတွက် ဘယ်သူကမှ လာရောက်ပြီး ကူညီလှူဒါန်းတာ မရှိခဲ့ပါဘူး။ ပန်းလောင်မြစ်ထဲကရေကို အင်ဂျင်စက်တွေနဲ့မောင်းတင်ပြီး စိုက်ပျိုးကြရတာပါ။ ဒီလိုသာ သစ်တောတွေ ဆက်လက်ပြုန်းတီးနေမယ်ဆိုရင် ကျွန်တော်တို့ ကျေးရွာနေပြည်သူများဟာ ကိုယ့်ရပ်ရွာကိုစွန့်လွှတ်ပြီး တစ်နယ်တစ်ကျေးကို ဝမ်းစာအတွက် အလုပ်ထွက်လုပ်ကြရမယ့်အခြေအနေ ရှိပါတယ်။ သစ်တောပြုန်းတီးတဲ့အတွက် မိုးခေါင်ပြီး ဆည်အတွင်းဝင်တဲ့ရေ နည်းပါးလာရင် ဒေသခံစိုက်ပျိုးတောင်သူတွေမှာ ဝမ်းစာအတွက် အခက်အခဲဖြစ်ရမှာပါ”ဟု ကင်းတားတမံ၏ အနာဂတ်အရေးကို ကြိုတွေးရင်း ပြောသည်။

သို့ဖြစ်ရာ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းမှ ဒေသခံ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေအတွက် အဓိက အားထားနေရသည့် ပန်းလောင်မြစ်ပေါ်မှ ကင်းတားရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် မြေဆီလွှာပျက်စီးမှုကို ဖြစ်စေသော သစ်တောသစ်ပင်များ တရားမဝင် ခုတ်ယူနေကြခြင်းကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းကြရန် လိုအပ်လျက်ရှိပြီး သက်ဆိုင်ရာ တာဝန်ရှိသူများသာမက ဒေသခံပြည်သူများကပါ ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြရမည်ဖြစ်ပါကြောင်း။ ။



ကင်းတားတမံ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက စက်ယန္တရားများဖြင့် ဆောင်ရွက်စဉ်

# တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလာသော ပုလောမြို့နယ် ကမ္ဘာလှတောင် ပါဒစက်တော်ရာ ဘုရားပွဲ

**ဆောင်းပါး-မြင့်ဦး(မြိတ်)**

မြန်မာနိုင်ငံအနှံ့အပြားတွင် တန်ခိုးကြီးဘုရားများ အများအပြားရှိသည့်အနက် တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်မှ ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရားလည်း အပါအဝင်ဖြစ်ကာ ပါဒစက်တော်ရာဘုရားသို့ မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်မှုမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားခဲ့ရာ ယခုနှစ် ဘုရားဖူးရာသီ၌ ယခင်နှစ်များကထက် သိသိသာသာ ပိုမိုများပြားလာကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

စက်တော်ရာဘုရားသည် ပုလောမြို့နယ် ကြဲကျေးရွာအုပ်စု စက်တော်ရာကျေးရွာအနီး ပြည်ထောင်စုလမ်းမကြီးဘေးတွင် တည်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် အထင်ရှားဆုံးဘုရားပွဲတော်လည်းဖြစ်သည့် ကမ္ဘာလှတောင် ပါဒစက်တော်ရာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို နှစ်စဉ်သင်္ကြန်ကာလအပြီး မြန်မာနှစ်ဆန်း ၂ ရက်၊ ဧပြီ ၁၈ ရက်မှ မေ ၂ ရက်အထိ ၁၅ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည်မှာ ယခုအခါ (၁၄၈)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်သည်။ ပါဒစက်တော်ရာ ဘုရားပွဲတွင် စက်တော်ရာနှင့်အတူ အရှင်ဂဝံပတိ ရဟန္တာမထေရ်မြတ်၏ ခြေတော်ရာ၊ တရားဟောကြားရာ ပလ္လင်တော်၊ နောင်တော်ကြီးစေတီ၊ လေးမျက်နှာစေတီတော်၊ ကျိုက်ထီးရိုးပုံတူစေတီတော်၊ ဗောဓိပင်နှင့် ရွှေပလ္လင်ပါ ဗုဒ္ဓရုပ်ပွားတော်များကို ဖူးမြော်နိုင်ကြောင်း သိရသည်။

ထို့အပြင် တောင်ပေါ်အတက်လမ်းတစ်လျှောက်တွင်လည်း ကျောက်ဆင်တော်၊ ဒူးတုပ်ကျောက်ရေတွင်း၊ ဘီလူးခြေရာ၊ နဂါးမောက်တောင်၊ မိကျောင်းပုံများကိုလည်း တွေ့မြင်လေ့လာနိုင်သည်။ စက်တော်ရာဘုရားပွဲတော်ကို ယခင်က ပတ်ဝန်းကျင်ကျေးရွာများမှ ဦးဆောင်ကျင်းပခဲ့ရာ ပါဒစက်တော်ရာဘုရားပွဲတော်ဟု လူသိများခဲ့ပြီး ၂၀၀၆ ခုနှစ်မှ စ၍ ဘုရားပွဲတော်ကို ပိုမိုလူသိများလာပြီး မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးပြည်သူများလာရောက်ခဲ့ကြသောကြောင့် တစ်နှစ်ထက်တစ်နှစ် အထူးစည်ကားလာခဲ့ကြောင်း သိရသည်။



ပါဒစက်တော်ရာဘုရားသည် ပင်လယ်ရေ မျက်နှာပြင်အထက် ပေ ၄၂၈၀ အမြင့်တွင်ရှိသည့် ကမ္ဘာလှတောင်ပေါ်တွင် တည်ရှိခြင်းဖြစ်သည်။ တောင်ပေါ်သို့ တစ်မိုင်ခွဲခရီးကို ခြေကျင်ခရီးဖြင့် တက်ရောက်နိုင်သည်။ ယခုနှစ်တွင် မြန်မာပြည်အနှံ့အပြားမှ ဘုရားဖူးပြည်သူများ သက်သောင့်သက်သာ တက်ရောက်ဖူးမြော်နိုင်ရန်အတွက် တောင်ခြေမှ ဘုရားရင်ပြင်ပေါ်အထိ လှေကားထစ်ပေါင်း ၁၉၉၀ ပါဝင်သော ကွန်ကရစ်လှေကားနှင့်အတူ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် ခြေကျင်ခရီးမတက်ရောက်နိုင်သူများအတွက် ပေ ၁၄၉၉၀ ရှည်လျားသော ကားလမ်းကို ဖောက်လုပ်ထားသည်။ ကားခ ကျပ် ၁၅၀၀ နှုန်းဖြင့် ဘုရားပေါ် တက်ရောက် ဖူးမြော်နိုင်ရန် စီစဉ်ပေးထားကြောင်း ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ညို(ခ)ဦးနေဝင်း၏ ပြောကြားချက်အရ သိရသည်။

"ယခုနှစ် ဘုရားတောင်ပေါ် တက်လမ်းတစ်လျှောက်မှာ ယခင်နှစ်ကနဲ့မတူဘဲ ကွန်ကရစ်လမ်း၊ လှေကားတွေ ပြုလုပ်ထားတဲ့အတွက် တက်ရောက်ရတာအဆင်ပြေပြီး လမ်းတစ်လျှောက်မှာလည်း လျှပ်စစ်မီးတွေ အစုံအလင်ရှိတဲ့အတွက် အစစအရာရာ အဆင်ပြေပါတယ်။ ဘုရားရင်ပြင်ပေါ်မှာလည်း နားနေဆောင်တွေ ထပ်မံတိုးချဲ့ဆောက်လုပ်ထားတာကြောင့် ပွဲတော်ကာလအတွင်း လူအများအပြား နားနေနိုင်တယ်"ဟု ရန်ကုန်မြို့မှ သုံးနှစ်ဆက်တိုက် လာရောက်ဖူးမြော်သည့် အမျိုးသမီးတစ်ဦးက ပြောသည်။

ဘုရားပွဲတော်ဈေးတန်းရှိ ဆိုင်ခန်းပေါင်း ၁၅၀ ကျော်ခန့်တွင် အနယ်နယ်အရပ်ရပ်မှ ဈေးရောင်းချသူများက လူအသုံးအဆောင်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်း၊ အလှကုန်၊ အဝတ်အထည်များ၊ အထက်အညာဒေသမှ လာရောက်ရောင်းချသော ဖျာများ၊ မွေ့ရာများ၊ အရုပ်များ၊ အိတ်အမျိုးမျိုး၊ ဒေသထွက် ရိုးရာအစားအစာ အမျိုးမျိုးနှင့် ပျော်ပွဲရွှင်ပွဲများအဖြစ် ဇာတ်သဘင်ပွဲတော်များ၊ ကလေးကစားစရာ ဂိမ်းအမျိုးမျိုးရှိသည့်အတွက် ဘုရားပွဲတော်မှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုစည်ကားလျက်ရှိကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ကမ္ဘာလှတောင်ကို ယခင်က ဒေဝီဋ္ဌရသေ့ကို အစွဲပြု၍ ရသေ့တောင်ဟုလည်းကောင်း၊ မြတ်ဗုဒ္ဓ၏ခြေတော်ရာကို တွေ့ရှိပြီးနောက်ပိုင်း ဘုရားတောင်ဟုလည်းကောင်း၊ စက်တော်ရာတောင်ဟုလည်းကောင်း ခေါ်ဆိုခဲ့ကြသလို တောင်မျက်နှာဘက်မှ ချောင်းတစ်ခု၊ မြောက်မျက်နှာဘက်မှ ချောင်းတစ်ခု အစပြု၍ ရစ်ပတ်စီးဆင်းနေသော ကမ္ဗလာချောင်း၏ အမည်ကို အစွဲပြု၍ တောင်ခြေအနီးနေထိုင်သော ကရင်လူမျိုးများက ကမ္ဗလာတောင်ဟု ခေါ်တွင်ခဲ့ကြရာမှ ယခုအခါ ကမ္ဗလာတောင်ကိုပင် ကမ္ဘာလှတောင်ဟု နောက်ဆုံးခေါ်တွင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာလှတောင်တွင် မြတ်ဗုဒ္ဓ၏ ခြေတော်ရာကို လွန်ခဲ့သော နှစ်ပေါင်း ၁၈၀ ကျော်ခန့် (ကောဇာသက္ကရာဇ် ၁၁၉၀ ခုနှစ်)က စတင်တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဂေါပကအဖွဲ့ရုံး မှတ်တမ်းများအရ သိရသည်။ ။

# အလည်တစ်ခေါက်ရောက်ခဲ့ပြန်ပြီ ပင်းတယမြို့ ရွှေဥမင်ဂူဘုရားဆီ

**ဆောင်းပါး-မိုးလွင်ဦး(လွိုင်လင်)**

ပင်းတယမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်ရာ ဓနုတိုင်းရင်းသားများ အများဆုံးနေထိုင်ရာမြို့ ဖြစ်သည်။ ပင်းတယမြို့သည် ရွှေဥမင်ဂူဘုရားကြောင့် ထင်ရှားကျော်ကြားသည်။ မြန်မာတို့၏ ၁၂ လရာသီတွင် နောက်ဆုံးလဖြစ်သည့် တပေါင်းလအတွင်းက ရွှေဥမင်ဂူဘုရား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဓနုဆုံစည်းရာနေ့ပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ပွဲတော်သို့ စာရေးသူရောက်ရှိခဲ့သည်။

စာရေးသူနေထိုင်သောမြို့မှ တောင်ကြီးမြို့သို့လည်းကောင်း၊ တောင်ကြီးမြို့မှ ဟဲဟိုး-ဘော်ဆိုင်းလမ်းခွဲအတိုင်း ပင်းတယမြို့သို့လည်းကောင်း မိုင်တစ်ရာကျော်ရှိသည့် ခရီးရှည်ကြီးကို သွားရောက်ခဲ့ရသည်။ ပင်းတယမြို့သို့ ဝင်ရောက်ပြီးနောက် ရွှေဥမင်ဂူသို့ သွားရာလမ်းတွင် ပုန်းတလုတ်ရေကန်မှ လေနုအေးလေးကို ရှူရှိုက်ရင်းဖြင့် ရွှေဥမင်လိုဏ်ဂူသို့ သွားရောက်ခဲ့ကာ တောင်အမြင့်တွင်ရှိသော ရွှေဥမင်လိုဏ်ဂူသို့ ဘုရားစေတီပုထိုးများ ဖူးမြော်ရန်နှင့် လိုဏ်ဂူအတွင်း လေ့လာရန် တက်ရောက်ခဲ့သည်။

ရွှေဥမင်တောင်ပေါ်သို့ တက်ရောက်ရာတွင် မော်တော်ကား၊ ဆိုင်ကယ်ဖြင့် တက်နိုင်သလို ခြေကျင်ခရီးဖြင့်လည်း တက်ရောက်နိုင်သည်။ ၎င်းအပြင် တောင်ခြေ၌ စက်လှေကားနှစ်စင်း တပ်ဆင်ပေးထားသည်။ တောင်ပေါ်သို့ရောက်ရှိပြီးနောက် ပုန်းတလုတ်ရေကန်နှင့် မြို့တွင်းရှုခင်း အလှအပများကို တောင်ပေါ်မြင်ကွင်းဖြင့် ကြည့်ရှုခံစားရသလို ဂူအတွင်းသို့ဝင်ရောက်ကာ စေတီကြီးငယ်များ၊ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဂူတစ်ခုလုံး၏ နေရာလပ် မကျန်အောင် ဖူးမြော်ခဲ့ရသည်။

ဂူအတွင်းမှပြန်ထွက်လာပြီးနောက် အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ဒေသထွက် လက်ဖက်နှင့် ဒေသအစားအစာများ ရောင်းချသည့် ဈေးတန်းကိုလည်း လေ့လာခဲ့သည်။ ရွှေဥမင်ဂူသို့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ လာရောက်မှုများ၍ နိုင်ငံခြားသားများဖြင့် စည်ကားနေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

ပင်းတယဂူကို သွားရောက်ဖူးမြော်ပြီးနောက် ကျေးဇူးရှင်ကိုလုံဆရာတော်ကျောင်းသို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ ကုံလုံကျောင်းတိုက်သည် ပင်းတယမြို့နှင့် ခုနစ်မိုင်ခန့် ကွာဝေးသည်။ ကုံလုံကျောင်းတိုက်သို့ ရောက်ရှိပြီးနောက် ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သည့် ကျောင်းတိုက်ကိုလည်းကောင်း၊ ဘူးသီးဘုရားကျောင်းဆောင်သို့လည်းကောင်း၊ ထို့နောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိရာ စံကျောင်းသို့လည်းကောင်း သွားရောက်၍ ရုပ်ကလာပ်တော်အား ဖူးမြော်ကြည်ညိုခဲ့သည်။





ပင်းတယမြို့ရှုခင်းအား ရွှေဥမင်ဂူမှမြင်တွေ့ရစဉ်

ဆရာတော်ကြီး၏ ရုပ်ကလာပ်စံကျောင်းတော်ကို စဉ့်ထည်ဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ မြန်မာမှုပညာရှင်ကြီးများက တည်ဆောက်ထားခြင်းဖြစ်ကာ ထူးခြားအံ့သြဖွယ်ရာ လက်ရာများပင်ဖြစ်သည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်အခါက စာရေးသူ တစ်ကြိမ် သွားရောက်ဖူးမြော် ကြည်ညိုခဲ့ဖူးသည်။ ယင်းအချိန်ကာလများတွင် ဧည့်သည်များဖြင့် အင်မတန်မှ စည်ကားလျက်ရှိခဲ့ရာမှ ယနေ့အချိန်အခါတွင် အတော်အသင့်သာ စည်ကားတော့သည်ကို တွေ့ရှိခဲ့ရသည်။

ပင်းတယမြို့သို့ စာရေးသူရောက်ရှိနေသည့် တပေါင်းလဆန်း ၇ ရက်နေ့သည် တပေါင်းပွဲတော် မစမီ ရက်ပိုင်းအလို ဖြစ်သဖြင့် ပွဲတော်အတွက် ဆိုင်ခန်းတည်ဆောက်နေမှု၊ ဈေးသည်များ ရောက်ရှိနေမှုများကို မြင်တွေ့ခဲ့ရသည်။ နှစ်ပေါင်းရာကျော်ရှိနေသည့် ညောင်ပင်ကြီးများအောက်တွင် ဖရဲသီးများ တောင်လိုပုံနေသည်ကို တွေ့ရှိရ၍ သွားရောက်လေ့လာရာ ဈေးသည်တစ်ဦးက သာစည်မှလာရောက်၍ ရောင်းချခြင်းဖြစ်ကြောင်း၊ ရောင်းချသူဦးရေ နှစ်ဆယ်ကျော်ရှိကြောင်း၊ နှစ်စဉ်နှစ်တိုင်း လာရောက်ရောင်းချကြောင်း၊ ဖရဲသီးအလုံးရေ ငါးထောင်ခန့် ပါလာကြောင်း၊ ယခုနှစ်တွင် ဖရဲသီးအထွက်ကောင်းမွန်ပြီး ဈေးကောင်းရရှိကြောင်း ပြောပြသည်။

ယင်းနောက် ပင်းတယ-အောင်ပန်းလမ်းမှ တောင်ကြီးမြို့၊ ထိုမှတစ်ဆင့် မိမိနေထိုင်ရာ လွိုင်လင်မြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ရာ ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။ ပင်းတယတပေါင်းပွဲနှင့်အတူ ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့ပွဲတော်ကို ယခုနှစ်တွင် နွှဲပျော်ချင်ပါသော်လည်း အခြေအနေနှင့် အချိန်အခါအရ မနွှဲပျော်ခဲ့ရပေ။ ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့ကို တပေါင်းလဆန်း ၁၄ ရက်တွင် ရွှေဥမင်သဘာဝလိုဏ်ဂူ မုခ်ဦးအနီးရှိ ကွင်းပြင်ကြီးတွင် ကျင်းပကာ ဓနုတိုင်းရင်းသားများက ရိုးရာဝတ်စုံများ အရောင်အသွေးစုံလင်စွာဖြင့် စည်ကားစွာ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြပုံများကို မြင်ယောင်လျက်။ ။

# မြန်မာတို့၏ အစဉ်အလာထူးသည့် မင်္ဂလာနှစ်သစ်ကူးအောင်ပွဲ

**ဒေါက်တာ ထွန်းထွန်းဦး(သဒ္ဓမ္မဇောတိကဓဇ)၊ ဓာတ်ပုံ-မေမိုးသဲ**

၁၃၇၈ခုနှစ် နှစ်ဟောင်းကာလမှ ၁၃၇၉ ခုနှစ် နှစ်သစ်သို့ ကူးပြောင်းသည့်မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကြီးကို အောင်မြင်စွာ ဖြတ်သန်းခဲ့ပြီး ဖြစ်ပါသည်။ နှစ်ဟောင်းမှ မကောင်းမှုဟူသမျှကို အတာရေဖြင့်ဆေးကြောပြီး ကုသိုလ်ကောင်းမှုများ မွှမ်းထုံကာ စိတ်သစ်လူသစ်၊ အတွေးသစ်၊ အမြင်သစ်များဖြင့် အောင်မြင်စွာ ဖြတ်သန်းနိုင်ခဲ့ပါသည်။ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော မြန်မာ့ယဉ်ကျေးမှု သင်္ကြန်အတာရေသဘင်ပွဲတော်ကြီးကို မြန်မာနိုင်ငံတစ်ဝန်းကျင်းပခဲ့ကြပါသည်။ တစ်နှစ်တွင် တစ်ချိန်သာဆင်နွှဲခွင့်ရသည့် မဟာအတာသင်္ကြန် နှစ်သစ်ကူးပွဲတော်ကြီးတွင် အေးချမ်းရွှင်လန်းစေလိုသော ရည်ရွယ်ချက်ဖြင့် ပက်ဖျန်းကြသည့် အတာရေတွင် “အေးမြကြည်လင်ခြင်း”၊ “အညစ်အကြေးများကို ဆေးကြောသန့်စင်စေနိုင်ခြင်း” “ရေကိုသား၍ အကြားမထင်သကဲ့သို့ အစိုးရနှင့်ပြည်သူ ကြည်ဖြူစွာ တစ်စိတ်တစ်ဝမ်းတစ်စပ်တည်းရှိခြင်း” စသည့် မင်္ဂလာရေနိမိတ် (၃)ပါးနှင့် ပြည့်စုံသည့် အတာရေသဘင်ပွဲကြီး ဖြစ်ပါသည်။ သင်္ကြန်ရောက်တော့မည်ဆိုကတည်းက တူးပို့ သင်္ကြန်အစရှိတဲ့ သင်္ကြန်တေးသွားများနှင့်အတူ ရင်ထဲမှာ လှုပ်ရှားခဲ့ရသမျှတွေလည်း သင်္ကြန်မိုးနှင့်အတူ ခုမှပင်အေးမြသည့်အရသာကို ရင်ထဲမှာ တစ်ဝကြီးခံစားရပြန်သည်။ ယခုနှစ်သင်္ကြန်သည် ယခင်နှစ်နှင့်မတူ တစ်မူထူး၍ မြန်မာနိုင်ငံယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ မြန်မာတစ်နိုင်ငံလုံး အေးချမ်းပျော်ရွှင်စွာဖြင့် ရေကစားနေကြသည့် သတင်းရုပ်ပုံလွှာများကိုလည်း မြန်မာနိုင်ငံပြန်ကြားရေးရုပ်သံဌာနများက အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ဖျော်ဖြေပေးနေသဖြင့်လည်း အိမ်ထဲမှာ တီဗွီဖန်သားပြင်ပေါ်မှာ ကြည့်ရှုနေရသော်လည်း သင်္ကြန်မောင်မယ်များနှင့်အတူ ကိုယ်တိုင်ပါဝင်နေရသကဲ့သို့ ရသမျိုးစုံ ခံစားမိပါသည်။ ယခုနှစ်၏ ထူးခြားသည်မှာ ရန်ကုန်၊ မန္တလေးအစရှိသော မြို့ကြီးများ၌ အေးအေးချမ်းချမ်း လမ်းလျှောက်သင်္ကြန်ပွဲဆင်နွှဲနေသည့် ပရိသတ်ကြီးကိုကြည့်ပြီး အတိုင်းမသိ ပီတိဖြစ်မိရပါ၏။ မိမိတို့ကိုယ်တိုင်သူတို့နှင့်အတူပါဝင်ပြီး လမ်းပေါ်မှာဆင်းပြီး လမ်းလျှောက်ချင်စိတ်များပင် ပေါ်လာပါသည်။ ယခုသင်္ကြန်မှာ ယခင်ကဲ့သို့ သောက်စားမူးယစ်ကာ မတော်တရော်၊ မပေါ်တပေါ် ခုန်ပေါက်ကပြတာမျိုး သိပ်မတွေ့ခဲ့ရလို မျက်စိမနောက်ဘဲ စိတ်သက်သာရ ရမိသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။ ဒီနှစ်မှာတော့ တကယ်ပင်ထူးခြားသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပြန်လည်စတင်ပြီလို့ ခံစားမိပါသည်။ သက်ဆိုင်ရာ သင်္ကြန်ထိန်းသိမ်းရေးတာဝန်ရှိသူများနှင့် ရဲ၊ မီးသတ်ထိန်းသိမ်းကွပ်ကဲရေးစတဲ့ တာဝန်ယူထားသည့် အဖွဲ့များကလည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြပြီး လက်တွဲကူညီဖေးမစောင့်ရှောက်ကြသည့်အတွက် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်မိပါသည်။ ဒါတောင် ဒီနှစ်တွင် ထိခိုက်မှု၊ အက်စီးဒင့်အမှုများက ရန်ကုန်၊ မန္တလေးစသည့်မြို့ကြီးများတွင် လျော့ကျသွားသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ဆိုလျှင် သိပ်လျော့နည်းသွားသည်ဟု မဆိုသာပေ။ လူသေမှုများကလည်း ၂၀၀ ကျော်ရှိသည်ဟု ကြားသိရသဖြင့် ထိတ်လန့်တုန်လှုပ်သွားမိပါသည်။ သို့သော်လည်း မိမိတို့၏အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံတွင် ဆွန်ကရန်ဟုခေါ်သည့် အတာရေသဘင်ပွဲတော်တွင် ထိခိုက်နစ်နာမှုများကြောင့် သေဆုံးသူ ၄၄၂ ဦးရှိသည်ဟု သိရသဖြင့် ကိုယ့်နိုင်ငံတွင်တော်ပေသေးသည်ဟု သက်ပြင်းချမိပါသည်။ သင်္ကြန်ပြီးဆုံးသော ကာလများတွင် နှစ်စဉ်လိုပင် စိတ်မကောင်းစရာ သတင်းများ၊ အပျော်လွန်ကဲမှု၊ အမူးလွန်ကဲမှုများကြောင့် ဖြစ်ပျက်ခဲ့ရသည့် သတင်းဆိုးများကို မသိချင်သော်လည်း ကြားနေရဆဲဖြစ်သည်။ သို့သော် ယခုနှစ်တွင် ယခင်နှစ်များထက် ယဉ်ကျေးမှုတိုးတက်လာပြီး ထိန်းထိန်းသိမ်းသိမ်း သင်္ကြန်ပျော်ပါးရေပက်ဆော့ကစားခဲ့သည်ကို မြင်တွေ့ရပါသည်။ တစ်ခါတစ်ရံ “အပျော်အပါး” ဆိုသည့်အတိုင်း အပျော်များရာမှ တဖြည်းဖြည်း အပျော်များပါးသွားပြီး သူတစ်ပါးပျော်၍ မပျော်နိုင်တော့သော ဒုက္ခိတဘဝ၊ မပျော်နိုင်သည့်ဘဝ ရောက်ရသူများရှိသလို “အပျော်အပျက်” ဆိုသည့်အတိုင်း အပျော်လွန်ရာမှ အပျက်အစီးဘဝရောက်ကြသူများလည်း သင်္ကြန်လွန်ကာလမှာ ဒုနဲ့ဒေးပါပေ။ ထို့ကြောင့် သင်္ကြန်ရောက်ခါနီးတိုင်း အစိုးရ၏ သက်ဆိုင်ရာဝန်ကြီးဌာနများက စည်းကမ်းများချမှတ်ကာ အထူးတလည် ထိန်းသိမ်းစောင့်ရှောက်ပေးနေသည်ကိုလည်း ကျေးဇူးတင်ရပေမည်။

ဘာပဲဖြစ်ဖြစ် ဒီနှစ်ရိုးရာအတာသင်္ကြန်သည် တကယ်ပင် အပြောင်းအလဲတစ်ခု ဖြစ်ခဲ့ပါသည်။ သင်္ကြန်ဟူသည်မှာ သင်္ကန္တဟူသော ပြောင်းလွှဲခြင်းပုဒ်မှ ဆင်းသက်လာသည်ဆိုသောစကားနှင့် တကယ်ပင်ညီခဲ့ပါပေသည်။ နှစ်ဟောင်းမှ မကောင်းမှုမှန်သမျှကို အတာရေအေးနှင့် ဆေးကြော၍ လောဘ၊ ဒေါသ၊ မောဟနှင့် မာန၊ အာဃာတ၊ အမုန်းတရားများ စသည့်မကောင်းမှုအကုသိုလ်တရားများကို နှစ်ဟောင်းတွင် ချန်ထားခဲ့ပြီး ကုသိုလ်စိတ်များနှင့်အတူ ပြည်သူပြည်သား အချင်းချင်း တစ်ဦးနှင့်တစ်ဦး အကြင်နာ၊ မေတ္တာ၊ စေတနာနှင့် မေတ္တာရေချမ်းများ သွန်းဖျန်းနိုင်ခဲ့ပါသည်။ ရိုင်းပျစော်ကားမှုများမှ ပြောင်းလွှဲ၍ ယဉ်ကျေး သည်းခံမှုများဆီသို့၊ ရန်လိုမှုများမှ ပြောင်းလွှဲ၍ သည်းခံခွင့်လွှတ်မှုများဖြင့် အစားထိုးပြောင်းလွှဲနိုင်ခဲ့ကြပါသည်။ အမှန်တကယ် မိမိတို့၏စိတ်ကို အကောင်းမြင်၍ အကောင်းဘက်သို့ရောက်အောင် ထားနိုင်ဖို့သည် အရေးကြီးဆုံးဖြစ်ပါသည်။ ယခုနှစ်သင်္ကြန်တွင် မြန်မာတစ်နိုင်ငံလုံးရှိ လူမျိုးအားလုံး၊ ဘာသာအားလုံး ငြိမ်းချမ်းညီညွတ်စွာ အတူယှဉ်တွဲ၍ ပျော်ပွဲဆင်နိုင်ခဲ့ကြပါသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အများပြည်သူအပေါ်ထားသည့် စေတနာမေတ္တာများကိုလည်း ပေါ်လွင်ထင်ရှားစွာ သိမြင်ခဲ့ရပါသည်။

ထို့ပြင် မြန်မာတို့၏ စိတ်ရင်းဖြူစင်သန့်ရှင်းကူညီခြင်းများနှင့်အတူ နိုင်ငံတစ်ဝန်း နေရာတိုင်းမှာ သင်္ကြန်စတုဒိသာ သင်္ကြန်မဏ္ဍပ်များတွင် အစားသောက်များ လှူဒါန်းကျွေးမွေးသည့် မုန့်လုံးရေပေါ်စသည်များကို ရက်ရောစွာ အယုတ်အလတ် အမြတ်မရွေး၊ လူမျိုးဘာသာမရွေး ရင်းနှီးခင်မင်စွာ ဧည့်ခံကျွေးမွေးနေသည့် ချစ်စရာကောင်းသည့် မြန်မာတို့၏ ဓလေ့ကို မြင်တွေ့ခဲ့ရသဖြင့်လည်း စေတနာသဒ္ဒါတရားများနှင့် အပျော်များ ကူးစက်ခဲ့ပါသည်။

ထို့ပြင် လက်ရှိဖြစ်ပေါ်နေသည့် ခေတ်ကာလ အခြေအနေများကို ပြုပြင်သင့်ရာ သတိပြုဆင်ခြင်စရာများကို သံချပ်များစပ်၍ တက်တက်ကြွကြွ ပြိုင်ပွဲဝင်ကာ ဒီမိုကရေစီနည်းကျကျ အသိပေးမီးမောင်းထိုး တင်ပြသဖြင့်လည်း လက်ရှိအုပ်ချုပ်လျက်ရှိသော အစိုးရမင်းများကို ပြည်သူတို့နှင့်အတူ စိတ်ရောလူပါအတွေးအခေါ်များကို တစ်သားတည်းဖြစ်ပေါ်စေခဲ့ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ မြို့နယ်အလိုက် သံချပ်အဖွဲ့များ၊ ယိမ်းအဖွဲ့များကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုစသည်ဖြင့် ဆုဖလားများကို တိုင်းဒေသကြီးဝန်ကြီးချုပ်များ ကိုယ်တိုင်ဆုချီးမြှင့်ခြင်း၊ အားပေးစကားပြောကြားခြင်းများ ပြုလုပ်ခဲ့ကြသဖြင့်လည်း မျိုးဆက်သစ် အနာဂတ်လူငယ်များအတွက် စိတ်ဓာတ် ကို ပြုပြင်ပြောင်းလဲပြီး အပြန်အလှန်ယုံကြည်မှုများ တိုးတက်မြင့်မားစေခဲ့ပါသည်။ ယခုနှစ်သင်္ကြန်တွင် သိကြားမင်းကြီး တကယ်ပင် လူ့ပြည်ဆင်း/မဆင်း မသိရသော်လည်း “မာရ သာ” အမည်ရှိ နတ်သမီးကတော့ မြန်မာပြည်တွင်းသို့ တကယ်ပင် ဆင်းသက်ခဲ့လေပြီ။ အထူးသဖြင့် ယခုနှစ်သင်္ကြန်တွင် တိုက်တိုက်ဆိုင်ဆိုင် မြန်မာ့ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းသည် အားကောင်းစွာဖြစ်ပေါ်လာနေပြီး “မာရသာ” အမည်ဖြင့် မြန်မာနိုင်ငံအတွင်းသို့ အရှိန်အဟုန်ဖြင့် ဝင်ရောက်လာတော့မည့် သတင်းဆိုးကလည်း မြန်မာတို့၏ ယဉ်ကျေးမှုသင်္ကြန်ကို ဖျက်ဆီးစေတော့မလားဟူသော စိုးရိမ်စိတ်များအသီးသီး ဖြစ်ပေါ်မိကြပါသည်။ မုန်တိုင်းသည် စိုးရိမ်ရသော အနီရောင်အဆင့်မှ အညိုရောင်အဆင့်သို့ ရောက်ရှိခဲ့ပြီး သင်္ကြန်အတက်နေ့မှ နှစ်ဆန်းတစ်ရက်နေ့အထိ ၂၄ နာရီအတွင်း သံတွဲဘက်မှ ကုန်းတွင်းပိုင်းသို့ ဝင်ရောက်မည်ဟု ကြေညာထားသဖြင့် တစ်နိုင်ငံလုံး နှလုံးစိတ်ဝမ်း မအေးချမ်းဘဲ ပူပင်သောကများ ရောက်ရှိခဲ့ရပြန်ပါသည်။ မိမိတို့ကိုးကွယ်ရာ ဘာသာအလိုက် မုန်တိုင်းဘေးမှ ကင်းဝေးကြစေရန် ဆုတောင်းမေတ္တာများ ပို့သကြရပါသည်။ ထိုအချိန်တွင် အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် စစ်ဘက်နယ်ဘက်မှ အကြီးအကဲပုဂ္ဂိုလ်များက ကြောင့်ကြမဲ့မနေကြဘဲ အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မုန်တိုင်းရန် ကာကွယ်ရေးများကို နေ့ညမအားကြိုးစားနေကြသဖြင့်လည်း ပြည်သူများ အားတက်ခဲ့ကြပြန်ပါသည်။ မုန်တိုင်းသတင်းကိုလည်း အချိန်ပြည့် ပြန်ကြားရေးနှင့်အသံလွှင့်ဌာနများမှ ကြေညာပြီး သတိပေးနေပါသည်။ ဤအချိန်တွင် ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးနှင့် သစ္စာမေတ္တာအစွမ်းများကိုသာ အားကိုးရတော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွင်းရှိ နေလပမာထင်ရှားကျော်ကြားသည့် ဆရာတော်သံဃာတော်များကလည်း ပရိတ်မေတ္တာ၊ ဂုဏ်တော်အစွမ်း၊ မြတ်ပဋ္ဌာန်းများ ရွတ်ဖတ်ကာ မုန်တိုင်းဘေးမှ ကင်းဝေးရန် မေတ္တာပို့နေကြသည်မှာ အမှန်ပင်ဖြစ်သည်ဟု ယုံကြည်မိပါသည်။ စာရေးသူကိုယ်တိုင်လည်း သမ္မာဒေဝနတ်ပြဟ္မာများအား တိုင်တည်ကာ ဆုတောင်းမေတ္တာများ အခါခါပို့သနေမိပါသည်။ ဆိုင်ကလုန်းမုန်တိုင်းဟု ကြားလိုက်သည်နှင့် ဟိုယခင်ကြုံခဲ့ဖူးသည့် နာဂစ်ကာလ လေတိုက်နှုန်းများကို ပြန်လည်မြင်ယောင်သတိရမိကာ စိုးရိမ်စိတ်များဖြင့် သင်္ကြန်အတက်နေ့ညက အိပ်မပျော်ခဲ့ပေ။ နှစ်ဆန်းတစ်ရက်နေ့ရောက်သည်နှင့် တီဗွီကိုဖွင့်ပြီး သတင်းကို အရင်နားစွင့်လိုက်မိသည်။ ယနေ့ မြန်မာစံတော်ချိန် နံနက် ၁၀နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံကုန်းတွင်းပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါသည်။ ယခုသတင်းသည် ဆိုင်ကလုန်းမုန်တိုင်း “မာရသာ” (Maarutha) အတွက် နောက်ဆုံး ထုတ်ပြန်ပေးသည့်သတင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားပါသည်ဟူသည့် အစိမ်းရောင်ကြေညာချက်ကို ကြားသိလိုက်ရသဖြင့် အလွန်ပင်အံ့ဩဝမ်းသာမှုများနှင့်အတူ ပြောမပြတတ်အောင် ရင်ထဲနှလုံးသားထဲထိ ပျော်ရွှင်သွားမိပါသည်။ တစ်နိုင်ငံလုံးလည်း ပျော်ရွှင်သွားကြမည်မှာ အမှန်ဖြစ်ပါသည်။ မြန်မာလူမျိုးများသည် နှစ်ဆန်းတစ်ရက်နေ့ကို အထွတ်အမြတ်ထား၍ အတိတ်ကောင်း၊ နိမိတ်ကောင်းများ ယူလေ့ရှိကြပါသည်။ အထူးအလေးထားပြီး တစ်နှစ်ပတ်လုံး ကောင်းစေရန် စေတီဘုရားများသို့ သွားရောက်၍ ဖူးမြော်ကုသိုလ်ပြုခြင်း၊ သက်ရှိသတ္တဝါများအား ဘေးမဲ့လွှတ်ခြင်း၊ ဆရာတော်သံဃာတော်များပင့်ဖိတ်၍ ပရိတ်မေတ္တာ ကမ္မဝါစာများ နာကြားခြင်း၊ သက်ကြီးရွယ်အိုများကို ပူဇော်ဒါနပြုခြင်း၊ တရော်ကင်းပွန်းဖြင့် ခေါင်းဆေးမင်္ဂလာပြုခြင်း၊ မေတ္တာပို့ဆုတောင်းခြင်းများ ပြုလုပ်ကြပါသည်။ ဤကဲ့သို့တစ်နိုင်ငံလုံး ပြုလုပ်ကြသော သူတော်ကောင်းများ၏ သီလ၊ သမာဓိ၊ ပညာ၊ ကျင့်စဉ်များနှင့် သစ္စာ၊ မေတ္တာ၊ ကုသိုလ်ကောင်းမှုအားလုံး၏ တန်ခိုးရှိန်တော် အာနုဘော်တို့ကြောင့် မုန်တိုင်းအန္တရာယ်ဘေးမှ ကင်းဝေးခဲ့သည်ဟု လုံးဝယုံကြည်မိပါသည်။ သည်နေ့သည် မြန်မာတစ်နိုင်ငံလုံး အတိတ်ကောင်း၊ နိမိတ်ကောင်းယူရာဖြစ်သည့် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည့်အတွက် အကယ်၍သာ ဒီနေ့မှာ “မာရသာ”ဝင်ခဲ့ရင် ...။

အခုတော့ဖြင့် တစ်နိုင်ငံလုံး ပြုံးပျော်ကြည်နူးရပါသည်။ နှစ်သစ်မှစပြီး အန္တရာယ်အပေါင်း၊ ဘေးအပေါင်းတို့မှ ကင်းဝေးပြီး ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် မြန်မာတိုင်းရင်းသားညီအစ်ကိုမောင်နှမများလည်း နှလုံးစိတ်ဝမ်းအေးချမ်းခဲ့ကြပါသည်။ နှစ်သစ်မှစပြီး ထူးခြားစွာ ပင်လုံးကျွတ်ပွင့်လန်းနေကြသည့် ပိတောက်ပန်းများနှင့်အတူ မြန်မာနိုင်ငံသူနိုင်ငံသားများအားလုံးသက်ရှည်ကျန်းမာ ဘေးရန်ကွာပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝကြစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ယခုနှစ်သည် ဒီမိုကရေစီစနစ်ဖြင့် ငြိမ်းချမ်းရေးတည်ဆောက်ပြီး အရှိန်အဟုန်ဖြင့် ပြည်သူများနှင့်အတူ ရှေ့သို့ချီတက်နေသည့် စာရေးသူတို့၏ နိုင်ငံတော်သစ်ကြီးသည် အမှန်တကယ်ပင် ဖွံ့ဖြိုးတိုးတက်လာတော့မည့် အောင်အတိတ်၊ အောင်နိမိတ်ကောင်းများဖြစ်ကြောင်း တင်ပြလိုက်ပါသည်။



**- ယခုနှစ် သင်္ကြန်တွင် မြန်မာတစ်နိုင်ငံလုံးရှိ လူမျိုးအားလုံး၊ ဘာသာအားလုံး ငြိမ်းချမ်းညီညွတ်စွာ အတူ ယှဉ်တွဲ၍ ပျော်ပွဲဆင်နိုင်ခဲ့ကြ...**

**- သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ အများပြည်သူအပေါ် ထားသည့် စေတနာ၊ မေတ္တာများကိုလည်း ပေါ်လွင်ထင်ရှားစွာ သိမြင်ခဲ့ရ ...**

# မုန်တိုင်းမှ စိုက်ပျိုးရေးလုပ်ငန်းခွင်များ အကျိုးပြု၊ ကုန်စည်အချို့ ဈေးကစားနေသော်လည်း ဈေးကျလာ

ဧပြီ ၁၆ ရက်တွင် ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အစရှိသည့်နေရာအများအပြားတွင် လေရောမိုးပါ မုန်တိုင်းဝင်ရောက်ခြင်းသတင်းများ သတင်းမီဒီယာများတွင် ဖော်ပြလာသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက မုန်တိုင်းမတိုက်မီကပင် ဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးခဲ့သည်။

ပုံမှန်နှစ်များတွင် မိုးရေချိန်ရရှိနေခြင်းထက် ယခုနှစ်တွင် မာရသာမုန်တိုင်းကြောင့် မိုးရေအများအပြားရရှိလာပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပြင်ဆင်လုပ်ကိုင်နေသည့် သတင်းနှင့် ဓာတ်ပုံများကို မီဒီယာများတွင် ဖော်ပြလာခြင်း၊ ဒေသခံမိတ်ဆွေစိုက်ပျိုးရေးလုပ်ကိုင်သူအချို့မှ တွေ့မြင်ကြားသိရသည်။

မြစ်ခြေမြို့နယ် တံဇဉ်ကျေးရွာမှ တောင်သူကြီး ဦးလှထွန်းက မြေအစိုဓာတ်များရရှိလာသဖြင့် စိုက်ပျိုးရေးအတွက် စတင်လုပ်ကိုင်နေပြီဟု ပြောဆိုသည်။ မြေနုကျွန်းစိုက်ပျိုးရေးများ ပြီးစီး၍လုပ်ငန်းသိမ်းနေသော ယခုအချိန်တွင် ရွာမြေဝန်းကျင်၌ ပဲနောက်နှင့် ဝါစသည့် သီးနှံများအတွက် မြေယာပြုပြင်လုပ်ကိုင်နေပြီဟုပြောသည်။


မုန်တိုင်းအပြီး တောင်သူများ လယ်ယာလုပ်ငန်းခွင် ဝင်နေစဉ် (ဓာတ်ပုံ-ကိုတင့်)

အောင်လံဒေသတွင်လည်း ပဲမျိုးစုံအပါအဝင် သီးနှံများစိုက်ပျိုးရေးအတွက် မြေယာပြုပြင် ထယ်ရေးဝင်လာကြကြောင်း၊ မြေသားပြုပြင်ထွန်ယက်ခြင်းအတွက် မြေအစိုဓာတ်ရသော်လည်း မိုးထပ်မံရလျှင် ပဲတီစိမ်း၊ ဝါအစရှိသည်များ စိုက်ပျိုးရန်ပြင်ဆင်ထားကြောင်း သိရသည်။

မြစ်သားနှင့် ဝမ်းတွင်းနယ်များတွင် လှောင်ကြက်သွန်အများစု တူးဖော်ပြီး၍ ဈေးကွက်သို့တင်ပို့ခြင်း၊ သိမ်းဆည်းသိုလှောင်ခြင်းများ ပြုလုပ်ပြီးဖြစ်နေသည်ဟု ပြောသည်။

ဧပြီ ၁၆ ရက်က မုန်တိုင်းမိုးကြောင့် ကြက်သွန်ခင်းအချို့ ရေထိပျက်စီးသည့်သတင်းနှင့်အတူ ဧပြီ ၁၈ရက်က ရန်ကုန်ဈေးကွက်တွင် ဈေးမြင့်တက်မှုရှိလာသည်။

ယင်းနေ့တွင်ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၉၆၀၀၀ သာဝင်ရောက်သော်လည်း ဧပြီ၂၀ ရက်တွင်မူပိဿာချိန် ၂၄၀၀၀ ဝင်ရောက်လာသည်။ ဈေးနှုန်းတန့်သွားကာ ဆိပ်ဖြူလက်ကားတစ်ပိဿာလျှင်ငွေကျပ် ၆၀၀- ၉၀၀- ၉၀၀- ၉၀၀၊ တောင်တွင်း ၆၀၀- ၉၅၀- ၉၅၀-၉၅၀ နှုန်းရှိသည်ဟု ဈေးကွက်မှ သိရသည်။

မုန်တိုင်းမိုးကြောင့် ကြက်သွန်ခင်းအချို့ပျက်စီးသဖြင့် တူးဖော်ရန် အခက်အခဲရှိနိုင်သည်ဆိုသော စကားရပ်များ ပေါ်ထွက်လာသော်လည်း သင်္ကြန်ပိတ်ရက်အလွန် ပွဲရုံဖွင့်ရက် တတိယနေ့တွင် ကြက်သွန်နီများ ရန်ကုန်ဈေးကွက်သို့ ပုံမှန်ထက် ပိုမိုဝင်ရောက်လာသည်ကို မြင်တွေ့လာရသည်။ ကျောက်ပန်းတောင်းနယ်၌ မိုးများ၍ ထန်းလျက်နေလှန်းမရဆိုသော ပြောဆိုမှုများဖြင့် ထန်းလျက် ဈေးမြင့်တက်ခြင်း ကြုံတွေ့ရန်ရှိသည်။ သို့သော် သကြားဈေးနှုန်းနိမ့်ကျနေခြင်း မုန်တိုင်းပြီးသွားခြင်းတို့ကြောင့် ထန်းလျက်ဈေးမြင့်လာခြင်း မရှိသေးဟု ထန်းလျက်အဝယ်တော်တစ်ဦးက ပြောသည်။


ကြက်သွန်နီအိတ်များ ဈေးကွက်သို့ တင်ပို့ရန် ပြင်ဆင်နေစဉ်

မာရသာ မုန်တိုင်းဖြစ်စဉ်သည် ထိခိုက်ပျက်စီးခြင်းအချို့ ရှိခဲ့သော်လည်း အထက်ဒေသရေရှားပါးခြင်းကို လျော့ပါးစေခြင်း၊ စိုက်ပျိုးရေးလုပ်ငန်များစတင်လုပ်ကိုင်နိုင်ရန် အထောက်အကူအဖြစ် မြေအစိုဓာတ်လုံလောက်စွာ ရရှိစေခြင်းစသည့် အကျိုးပြုခြင်းများ ဖြစ်ပေါ်စေသည်ဟု အထက်အညာဒေသမှ စိုက်ပျိုးရေးလုပ်ကိုင်သူများကပြောဆိုသည်။

မုန်တိုင်းကို အကြောင်းပြု၍ ကုန်စည်ဈေးကစားခြင်းအချို့ မြင်တွေ့စပြုခဲ့သော်လည်း ဈေးကွက်အခြေအနေနှင့် အကြောင်းပြအသုံးချခြင်း မဆီလျော်သဖြင့် ဈေးနှုန်းတည်ငြိမ်နေသည်ဟု သိရသည်။

ဧပြီ ၁၉ ရက် ဈေးကွက်၌ စားအုန်းဆီ လက်ကားအလုယ်တစ်ပိဿာ ၁၇၃၅ ကျပ်ရှိသည်။ ဧပြီ ၂၀ ရက် ဘုရင့်နောင် ဈေးကွက်၌ ရှမ်း အာလူး (တရုတ်မျိုး) အရွယ်လွန် အလုံးကြီး တစ်ပိဿာလက်ကားဈေး ငွေကျပ် ၄၅၀၊ သိမ်ကုန်း ရှမ်းအာလူး ငွေကျပ် ၄၅၀ မှ ၇၃၀ အတွင်း ကြူကုတ်ကြက်သွန်ဖြူတစ်ပိဿာလက်ကားဈေး ငွေကျပ် ၅၉၀၀ နှုန်း စားအုန်းဆီလက်ကားတစ်ပိဿာဆီ ထုတ်ယူခွင့်စာရွက် ငွေကျပ် ၁၆၉၀ ဈေးရှိသည်ဟု သိရသည်။

ဧပြီ ၁၁ ရက်က စားအုန်းဆီစာရွက်ဈေးတစ်ပိဿာငွေကျပ် ၁၇၄၀ ရှိရာမှ ဈေးကျလာခြင်းဖြစ်သည်ဟု ဆီကုန်သည်တစ်ဦးက ပြောသည်။ မုန်တိုင်းကို အကြောင်းပြုကာ ကုန်စည်ဈေးနှုန်းအချို့ ဈေးကစားခြင်း ရှိတတ်သည်။ ယခု မာရသာ မုန်တိုင်းဖြစ်စဉ်တွင်မူ ကုန်စည်အချို့ဈေးကစားရန် ပြင်ဆင်ခြင်း မြင်တွေ့ရသော်လည်း ဈေးမြင့်တက်လာခြင်းနည်းပြီး အချို့ဈေးများ ကျနေသည်ကို ဘုရင့်နောင်ဈေးကွက်တွင် မြင်တွေ့လာရသည်။

**ခင်ဆိုင်**

## ရဲတပ်ဖွဲ့ဝင်များကရေရှားပါးသည့်ကျေးရွာသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း

**နတ်မောက် ဧပြီ ၂၁**

ဧပြီလ ဒုတိယပတ်က နတ်မောက်မြို့နယ်မြို့မရဲစခန်း ဒုတိယရဲမှူး ကျော်ကျော်စိုးဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်နတ်မောက်လူငယ်ပရဟိတအဖွဲ့တို့ ပူးပေါင်း၍ နတ်မောက်မြို့နယ် ဝါးရုံကုန်းကျေးရွာအုပ်စု အုတ်ဖိုကျေးရွာ၌ ပြည်သူများ သောက်သုံးရေအခက်အခဲဖြစ်ပွားသည့်အတွက် ကမ္ဘောဇအေနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ နတ်မောက်မြို့ စိတ်ဓာတ်ဖြူစင်ကရုဏာရှင်များ လူမှုကူညီရေးအသင်းသို့ လှူဒါန်းထားသော ရေဂါလန် ၃၀၀၀ကို ရေသယ်ယာဉ်ဖြင့် အုတ်ဖိုကျေးရွာ အိမ်ထောင်စု ၁၁၂စု၊ အိမ်ခြေ ၁၃၀နှင့် လူဦးရေ ၆၂၉ ဦးတို့အား ရေများသွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



ဆက်လက်၍ မြို့နယ်အတွင်းရှိ ရေရှားပါးပြတ်လပ်နေသော ကျေးလက်ဒေသများသို့လည်း ရေများသွားရောက် လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

## အောင်ပန်းဘူတာ၌ အသိပညာပေးရှင်းလင်း

**အောင်ပန်း ဧပြီ ၂၁**

ရထားနှင့်လူ၊ ကျွဲ၊ နွား တိုက်မှုလျော့နည်းကျဆင်းရေးနှင့် ရထားခဲပေါက်မှုမဖြစ်ပွားစေရေးတို့အတွက်အသိပညာပေး ဟောပြောရှင်းလင်းပွဲကို ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်းမြို့ အောင်ပန်းဘူတာ အမှတ်(၂) စင်္ကြံ၌ ဧပြီ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောရှင်းလင်းပွဲသို့ ညောင်ပင်ထောင်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစိန်ချွန်းနှင့်ရာအိမ်စုမှူးများ၊ အောင်ပန်းဘူတာရုံပိုင်ကြီး ဦးဌေးဝင်းအောင်နှင့် မီးရထားဝန်ထမ်းများ၊ ရထားလမ်းနှင့်ကပ်လျက်ရှိသည့်ရပ်ကွက်များမှ ရပ်ကွက်နေပြည်သူများ၊ ရထားစီးခရီးသည်များတက်ရောက်ခဲ့ကြပြီး အောင်ပန်းဘူတာ၊ ရထားရဲတပ်ဖွဲ့ အမှတ်(၇) တပ်ခွဲမှတပ်ခွဲမှူး ရဲအုပ်လှထွန်းက ရထားနှင့်လူ၊ ကျွဲ၊ နွား တိုက်မှုလျော့နည်းကျဆင်းရေး၊ ရထားခဲပေါက်မှု မဖြစ်ပွားစေရေးတို့အတွက် အသိပညာပေးဟောပြော ရှင်းလင်းကာ ရထားဥပဒေပါ ပြစ်မှုပြစ်ဒဏ်များပါရှိသည့် လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်ကို(သာစည်)**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး။**

## ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းဆင်း

**တာချီလိတ် ဧပြီ ၂၁**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မသေဝကအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မ အဖွဲ့ချုပ် အဖွဲ့ခွဲ(တာချီလိတ်)တို့ ကြီးမှူးဖွင့်လှစ်သည့် ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် ယဉ်ကျေးလိမ္မာသင်တန်းအမှတ်စဉ်(၄၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် ညနေပိုင်းက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဂေါ်ရခါးမဂ္ဂင်ရိပ်သာ ဓမ္မာရုံခန်းမဆောင်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဆီမီးထွန်းညှိဖွင့်လှစ်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်နှင့် မြို့နယ်သာသနာရေးဦးစီးမှူး ဦးဝင်းကိုတို့က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးစိုးငြိမ်းက သင်တန်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူဓမ္မသေဝကအဖွဲ့သည် နှစ်စဉ် ဂေါ်ရခါး လူငယ်မောင်မယ်များအား ဗလငါးတန် သင်တန်းများကို သင်္ကြန်ကာလအတွင်းနှစ်စဉ် ကျင်းပလာခဲ့ရာ (၄၂)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ကြောင်း၊ လူငယ်များအား စိတ်ဓာတ်၊ ဉာဏ်ပညာ၊ စာရိတ္တ၊ သုတ၊ ရသမြင့်တင်ခြင်းဖြင့် မိမိအကျိုး၊ နိုင်ငံအကျိုးနှင့် လူမျိုးအကျိုးများကို စွမ်းစွမ်းတမံ စွမ်းဆောင်နိုင်သည့် လူငယ်များဖြစ်လာစေရန် ရည်ရွယ်၍ ငါးရက်တိုင်တိုင် သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



# ပေါ့ပါးလန်းဆန်းသံပရိုရည်တစ်ခွက်အစွမ်း

## ချိုးစန္ဒီနွေး



သံပရိုရည်ဟာ အစာခြေဖျက်မှု အားကောင်းစေခြင်းနှင့်အသားအရေလှပမှုကို အထောက်အကူပြုပါတယ်။

သံပရို၊ လိမ္မော်နဲ့ ကျွဲကောသီးတို့ဟာ လူကြိုက်များတဲ့အသီးတွေပဲဖြစ်ပါတယ်။ အရသာဟာလူကိုလန်းဆန်းတက်ကြွစေပြီး ဗီတာမင်စီဓာတ် ကြွယ်ဝစွာပါဝင်တဲ့အတွက်ကြောင့် လူအများစုနှစ်ခြိုက်စွာ စားသုံးကြတဲ့ အသီးတွေပဲဖြစ်ပါတယ်။ သံပရိုရဲ့အာဟာရတန်ဖိုးဟာလည်း လူသားတွေအတွက်များစွာပဲအသုံးဝင်ပါတယ်။ သံပရိုကို လွန်ခဲ့သောရာစုနှစ်များစွာကတည်းက ဗီတာမင်စီချို့တဲ့မှုကြောင့် ဖြစ်ပေါ်လာတဲ့ရောဂါကိုကုသပေးဖို့အတွက် အသုံးပြုခဲ့ကြပါတယ်။ ဒ့ါအပြင်ဗီတာမင်စီဟာ ခန္ဓာကိုယ်အတွင်း ရောဂါပိုးဝင်ရောက်မှုကိုကာကွယ်တဲ့စနစ်ကိုလည်း အထောက်အကူပြုတယ်လို့ဆိုကြပါတယ်။ ဗီတာမင်စီဟာ အအေးမိခြင်းကို အပြည့်အဝကာကွယ်နိုင်ခြင်းမရှိပေမယ့် ရောဂါဝေဒနာခံစားရတဲ့အချိန်ကိုတော့ လျော့နည်းစေပါတယ်။ ဒ့ါအပြင် အအေးမိဖျားနာဝေဒနာကိုလည်းထက်ဝက်လျော့ကျစေပါတယ်။ သံပရိုမှာ ဗီတာမင်ဘီ ၆ နဲ့ အခြားသောအန်တီအောက်စီးဒင့်တွေပါဝင်ပါတယ်။ သံပရိုရည်ဟာ ကယ်လိုရီကို လျော့ကျစေပြီး အရသာကတော့ ထူးကဲကောင်းမွန်ပါတယ်။ သံပုရိုရည်ကို သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်အလေးချိန်ကိုလျှော့ချနိုင်ကာ အစာခြေဖျက်မှုစွမ်းအားကို တိုးမြှင့်ပေးနိုင်ပါတယ်။ ဒ့ါအပြင် အမျိုးသမီးများအတွက်အသားအရေလှပမှုကိုအထောက်အကူပြုကာ အဆိပ်အတောက်ကိုလည်းဖယ်ရှားပေးနိုင်တယ်လို့ အာဟာရပညာရှင်များက ဆိုပါတယ်။

ရေဓာတ်ဟာလည်း ခန္ဓာကိုယ်အတွက်မရှိမဖြစ် လိုအပ်တဲ့အရာပဲဖြစ်ပါတယ်။ တကယ်လို့များ သင်ဟာရေသောက်ပျင်းတဲ့ လူတစ်ယောက်ဆိုရင်တော့ အခက်တွေ့စရာပါပဲ။ ဒါပေမယ့် သံပရိုကို ရေပူဒါမှမဟုတ် ရေအေးမှာထည့်သောက်ခြင်းအားဖြင့် ဒီအခက်အခဲကိုဖြေရှင်းနိုင်ပါတယ်။ ခန္ဓာကိုယ်အလေးချိန်ကိုလျှော့ချဖို့သံပရိုဖျော်ရည်တစ်ခွက်ကို ပထမဦးဆုံးသောက်သုံးပေးဖို့လိုပါလိမ့်မယ်။ ခန္ဓာကိုယ်မှာ ရေဓာတ်လိုအပ်နေပြီဆိုရင်လည်း သံပရိုရည်တစ်ခွက်ကို သောက်သုံးပေးခြင်းအားဖြင့် ရေသောက်သုံးသလိုပဲ ရေဓာတ်ပြန်လည်ရောက်ရှိလာမှာပဲ ဖြစ်ပါတယ်။ ခန္ဓာကိုယ်မှာ ရေဓာတ်ခန်းခြောက်လာပြီဆိုရင် ခေါင်းမူးခေါင်းကိုက်နဲ့ ပင်ပန်းနွမ်းနယ်မှုတွေကို ခံစားရမှာပဲဖြစ်ပါတယ်။ ဒါတွေအပြင် ပူပြင်းတဲ့ရာသီဥတုမှာကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွေလုပ်ဆောင်ပြီးတဲ့အခါမှာလည်း ရေဓာတ်ပြန်လည်ဖြည့်တင်းပေးဖို့လိုပါတယ်။ တစ်နေ့ကို ရေခြောက်ခွက်မှ ရှစ်ခွက်အထိသောက်သုံးသင့်တယ်လို့လည်း သုတေသီတွေကအဆိုပြုထားပါတယ်။ ဒါတွေအပြင် အစာမကြေခြင်းဟာလည်း လူကိုတကယ်ပဲမသက်မသာဖြစ်စေပါတယ်။ ခေါင်းမူးခေါင်းကိုက်တာတွေလည်း တစ်ဆက်တည်း ဖြစ်လာနိုင်ပါတယ်။ ဒီအခါမှာတော့ အစာချေဖျက်အားကောင်းဖို့ လိုအပ်လာပါပြီ။ မနက်စောစောသံပရိုရည်တစ်ခွက် သောက်သုံးပေးမယ်ဆိုရင်တော့ အစာချေဖျက်မှုကို အထောက်အကူဖြစ်စေမှာပါလို့ အာဟာရပညာရှင်တွေက ဆိုပါတယ်။ မနက်စောစောမှာ သံပရိုရည်ကို တကယ်ပဲ သောက်သုံးသင့်ပါ့မလား။ တကယ်တော့ သံပရိုရည်ကို မနက်စောစောပဲသောက်သောက်၊ ညအိပ်ရာဝင်တဲ့အခါမှာပဲသောက်သောက်သူရဲ့အာနိသင်ကတော့အတူတူပဲဖြစ်ပါတယ်။ လျော့နည်းသွားတာ၊ အာနိသင်ပြယ်သွားတာမျိုးတွေမရှိပါဘူး။



အိပ်ရာမဝင်ခင် အငန်များတဲ့ အစားအစာတွေနဲ့ အရက်သောက်သုံးထားခဲ့ရင် မနက်စောစောသံပရိုရည်ကို သောက်သုံးပေးဖို့လိုပါတယ်။ သံပရိုရည်ကို မနက်စောစော သောက်သုံးပေးခြင်းဖြင့် ခန္ဓာကိုယ်ကို ပိုပြီးသက်သောင့်သက်သာရှိစေမှာပါ။ သွားတွေရဲ့ကြွေလွှာကိုလည်း အထူးကောင်းမွန်စေပါတယ်။ အခုလိုပူပြင်းလှတဲ့ နွေရာသီမှာ သံပရိုရည်အေးအေးလေးတစ်ခွက်ဟာသင့်ကို တကယ်ပဲ အမောအပန်းတွေပြေပျောက်စေမှာပါ။

သံပရိုရည်ကို ရေအေးနဲ့ သောက်မလား၊ ရေနွေးနဲ့သောက်မလားဆိုတာကတော့ သင့်အကြိုက်အပေါ်မှာပဲမူတည်ပါတယ်။

**ကိုးကား-ဘီဘီစီ**

# တစ်ပိုင်တစ်နိုင် ငါးခူမွေးမြူသူများ ဈေးနှုန်းအရနည်း၍အရှုံးပေါ်

**ရေတာရှည် ဧပြီ ၂၁**



ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း တစ်ပိုင်တစ်နိုင်ငါးခူမွေးမြူသူများ ပိုမိုများပြားလာသော်လည်း ဈေးနှိမ်ဝယ်ယူမှုများအပြင် အစာဖိုးဈေးကြီးမြင့်မှုကြောင့် အရှုံးပေါ်ကာ လုပ်ငန်းများရပ်နားထားကြရကြောင်း ကုန်းကြီးကျေးရွာအုပ်စု အင်ကျင်းကုန်းကျေးရွာနေ ငါးမွေးမြူသူတစ်ဦးက ပြောကြားသည်။

သုံးလတာကာလအတွင်း ဈေးနှုန်းကောင်းပါက တွက်ခြေကိုက်သည့် ငါးခူမွေးမြူရေးလုပ်ငန်းများအား ဆင်ငွေ၊ ပိတောက်စမ်းအပြင် အင်ကျင်းကုန်းကျေးရွာများ၌ တစ်ပိုင်တစ်နိုင်မွေးမြူသူများပြားလာခဲ့သော်လည်း အစပိုင်းတွင် နည်းပညာအားနည်းချက်များကြောင့် ငါးသေဆုံးမှုများပြားခဲ့ရသည်။

လက်ရှိ မွေးမြူသူများအနေဖြင့် သုံးလတာ ငါးစာအတွက်ငွေကျပ်လေးသိန်းခန့် ရင်းနှီးထားကြရပြီး သားပေါက်ဝယ်ယူစရိတ်ကုန်ကျမှုများ ရှိသော်လည်း အမှန်တကယ်သာ ဈေးနှုန်းသင့်တင့်စွာရရှိပါက တွက်ခြေကိုက်နိုင်ကြောင်း အဆိုပါ ငါးမွေးမြူရေး လုပ်ကိုင်သူကပင် ဆက်လက်ပြောကြားသည်။

လက်ရှိ မြို့အဝယ်ဒိုင်များ၌ ငါးခူ တစ်ပိဿာလျှင်ငွေကျပ် ၃၅၀၀ ဈေးရရှိသော်လည်း ပြန်လည်ရောင်းချပါက တစ်ပိဿာလျှင်ငွေကျပ် ၇၀၀၀ ပေါက်ဈေးရှိသည်။ လက်ရှိနေအိမ်ခြံဝင်းများအတွင်း မိုးကာစနှင့် ကန်ပြုလုပ်ကာ မွေးမြူခြင်းထက် ရေအိုင်များအတွင်း သဘာဝအတိုင်းမွေးမြူပါက ယခုထက် ပိုမိုအောင်မြင် ဖြစ်ထွန်းနိုင်ကြောင်း သုံးသပ်မှုများလည်းရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

သစ်ပင်စိုက်မှ အရိပ်ရ၏။ ရိပ်ခိုနားနေ အပန်းဖြေ၏။

# လှိုင်ကော်၌ ကွန်ပျူတာ ၂၅ လုံးနှင့် အပ်ချုပ်စက် ၂၆ လုံး လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**လှိုင်ကော် ဧပြီ ၂၁**

ကယားပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဝယ်ယူခဲ့သော ကွန်ပျူတာ ၂၅ လုံးနှင့် အပ်ချုပ်စက် ၂၆ လုံးအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဧပြီ ၁၈ ရက်က ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဘော့စ်ကိုက အမှာစကားပြောကြားရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်မည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ၌ ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်နှင့် အထောက်အကူပစ္စည်းများဖြစ်သည့် ကွန်ပျူတာနှင့်အပ်ချုပ်စက်များ ပေးအပ်ရခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သော အထောက်အကူပစ္စည်းများကို လိုက်လံကြည့်ရှုကာ လိုအပ်သည်များမှာကြားခဲ့သည်။

**ကိုစိုင်း (လှိုင်ကော်)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်




**စေတုတ္တရာ ဧပြီ ၂၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် သံဆည်အုပ်စု သံဆည်ကျေးရွာနှင့် ငမကျေးရွာတို့တွင် ဧပြီ ၁၈ ရက် ညနေ၅ နာရီခွဲခန့်က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများလန်ကျ၍ အနည်းငယ်စီပျက်စီးမှုများအတွက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်ခြင်း အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဧပြီ ၂၀ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြထွေးက အမှာစကားပြောကြားပြီး မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးနိုင်ဦးက လေဘေးသင့်ရွာသို့ ကွင်းဆင်းပြီး စစ်တမ်းကောက်ယူမှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်အောင်လွင်က လေဘေးအန္တရာယ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သံဆည်ကျေးရွာမှ သွပ်မိုးများလန်ကျပျက်စီးသော အိမ်လေးအိမ်အတွက် တစ်အိမ်လျှင်ငွေကျပ် ၅၀၀၀၀ နှုန်း၊ သက်ငယ်မိုးများပျက်စီးသော အိမ် ၈၂ အိမ်အတွက် တစ်အိမ်လျှင်ငွေကျပ် ၂၀၀၀၀နှုန်း၊ ငမကျေးရွာမှ သက်ငယ်မိုးများလန်ကျပျက်စီးသွားသော အိမ် ၁၁ အိမ်အတွက် တစ်အိမ်လျှင်ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းအိမ် ၉၇ အိမ်အတွက် ငွေကျပ် ၂၀၆၀၀၀၀ နှင့် လူသုံးကုန်ပစ္စည်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာအကျိုးပြုရေပေးရေးလုပ်ငန်းဖွင့်

**ကန်ပက်လက် ဧပြီ ၂၁**

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော စံအိမ်နူးကျေးရွာ ရေပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီလပထမပတ်က ကျင်းပခဲ့သည်။

အဆိုပါ ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဆွေလွင်နှင့် မြို့နယ်စာရင်းစစ်အရာရှိ ဒေါ်ယဉ်ယဉ်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ရေပေးရေးလုပ်ငန်းအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၇၅ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ကျေးရွာအိမ်ခြေ ၅၀ ကို အကျိုးပြုသည့်အပြင် နှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းအတွက်ပါ အကျိုးဖြစ်ထွန်းမှုရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ပရဟိတခေတ်နှင့် ပရဟိတလူသား

**သျှင်နေမင်း၊ ဓာတ်ပုံ-ဇူလိုင်မိုး**

ဗုဒ္ဓမြတ်စွာဘုရားသည် လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီ ဖြည့်ခဲ့ကြောင်းကို ကျွန်တော်တို့ငယ်စဉ်ကတည်းက ကြားသိခဲ့ရသည်။ ဖတ်မှတ်ခဲ့ဖူးပါသည်။ ဒီအချိန်တုန်းကတော့ သိပ်ပြီးမတွေးတတ်မိခဲ့သေး။ ပါရမီဖြည့်တယ်ဆိုတာကိုလည်း နားထဲမရှင်း။ ပရဟိတလုပ်တယ်ဆိုတာ ကျွန်တော်တို့ငယ်စဉ်ကတော့ ကြားကို မကြားဖူးပါ။ ယနေ့ခေတ်ကြီးထဲမှာတော့ ပရဟိတ လုပ်ငန်းတွေ တွင်ကျယ်လာလိုက်တာ ပရဟိတမလုပ်ရင်ဘဲ ခေတ်မမီတော့သလို ဖြစ်နေပေပြီ။

ပရဟိတလုပ်ငန်းတွေဟာ ကျေးရွာလေးတွေမှာတော့ အလှူလုပ်ရင်ပဲဖြစ်ဖြစ်၊ မင်္ဂလာဆောင်ကြရင်ပဲ ဖြစ်ဖြစ်၊ ရပ်ကွက်ထဲက နာရေးတစ်ခုပေါ်လာပြီဆိုရင်ပဲဖြစ်ဖြစ် ဒီလိုဖြစ်တဲ့အိမ်ကို ရပ်နီးရပ်ဝေးက ပုဂ္ဂိုလ်တွေက လာရောက်ပြီး ဝိုင်းဝန်းလုပ်ဆောင်ကူညီပေးကြတာက တောရွာတွေမှာတော့ ဓလေ့တစ်ခုလိုကို ထွန်းကားခဲ့ပြီးဖြစ်ပါတယ် ။ ယခုလည်း ထွန်းကားဆဲ၊ အားကောင်းနေဆဲပါပဲ ။ ဒါပေမယ့် ဒါကို ပရဟိတလုပ်တယ်လို့ မတွေးမိခဲ့ကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒါဟာ ကူညီရမယ့်တာဝန်၊ ငါတို့မှာ ဝတ္တရားရှိတယ်ဆိုပြီး သူတို့ရဲ့ဦးနှောက်ထဲမှာ ရှေးရိုးစွဲက ဝင်ထားပြီးသားလေ။ ဘယ်လောက်တောင် ချစ်စရာကောင်းလိုက်တဲ့ ရှေးရိုးစွဲပါလဲ။ မြန်မာလူမျိုးတွေဟာ သူများကို ကူညီရမယ့်နေရာမှာ တိုက်တွန်းစရာ မလိုပါဘူး။ ဒါကြောင့်လည်း မြန်မာနိုင်ငံကို အလည်လာကြတဲ့ ပြည်ပနိုင်ငံသားတိုင်းက ဖော်ရွေတဲ့ တိုင်းပြည်၊ ဖော်ရွေတဲ့နိုင်ငံ ရယ်လို့ ပြောစမှတ်ပြုကြတာပေါ့ ။

ယနေ့မြန်မာနိုင်ငံတွင် ပရဟိတလုပ်ငန်းများအဖြစ် အများဆုံးလုပ်ကိုင်ပေးနေကြသည်မှာ နာရေးကူညီမှုလုပ်ငန်းများတွင် အများဆုံး လုပ်ကိုင်ကူညီပေးနေကြသည်ကိုတွေ့ရပြီး ကျန်သည့်လုပ်ငန်းများအဖြစ် ပညာရေးတွင် ကူညီပေးခြင်း၊ ကျေးရွာစာကြည့်တိုက်များတွင် ကူညီပေးခြင်းလုပ်ငန်းများကို အများအားဖြင့် ကူညီပေးနေကြသည်ကို တွေ့ရသည်။ ကျန်သည့်လုပ်ငန်းများတွင် ကူညီပေးနေကြသူများလည်းရှိနိုင်ပါသည်။ ဘုရားကျောင်းကန်လုပ်ငန်းများတွင်လည်း ကူညီသူများ များစွာရှိသည်ကိုလည်း တွေ့ရမြင်နေရပါသည်။

မြန်မာလူမျိုးတို့သည် လိုအပ်ရင် လိုအပ်သလို ကူညီခဲ့ကြသည်ကို ယနေ့တွင်ဟော့ပ် အဖြစ်ဆုံးဖြစ်သည့် YBS ယာဉ် လိုင်းများ သတ်မှတ်အစီးရေမပြည့်သည့်အတွက် မြို့တွင်း သွားခရီးသည်များ ဒုက္ခမရောက်ရအောင်ကူညီခဲ့ကြပုံများ၊ သွားလာရေးအဆင်ပြေစေရန်အတွက် မှတ်တိုင်များတွင် သွားလိုသည့်ခရီးကို လမ်းညွှန်ပေးနေကြသည်။ သူတို့လေးတွေ ကိုယ့်ထမင်းကိုယ်စားပြီး အားပေးကူညီနေကြသည်မှာ မြင်ရသူတိုင်း စိတ်ကြည်နူးစရာ၊ စိတ်ချမ်းမြေ့စရာ မြင်ကွင်းများပင် ဖြစ်ပေတော့သည်။

ဒါတွေကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံကို မြန်မာနိုင်ငံ သားများက ကိုယ့်ပြည်သူတွေရွေးထားသည့် အစိုးရအတွက် ဝိုင်းဝန်းပြီးအားပေးကူညီပေးနေကြခြင်းဖြစ်ပါသည်။ ထိုအချိန်မျိုးမှာလည်း အများအကျိုး ပရဟိတလုပ်ကိုင်ရင်း မိမိအတ္တအကျိုးအတွက် ဦးစားပေးပြုလုပ်သွားကြသော ပုဂ္ဂိုလ်များ လည်းရှိနိုင်ပေရာ ထိုလူမျိုးကိုလည်း သတိများထားကာ ရှောင်ရှားကြဖို့လိုအပ်မည် ဖြစ်ပါသည် ။ ပရဟိတ အမည်ခံကာ မိမိအတွက် အကျိုးစီးပွားဖြစ်ထွန်းရေးကိုသာ လုပ်ဆောင် သွားတတ်သောကြောင့် ထိုသူကိုပရဟိတပုဂ္ဂိုလ်ဟု ခေါ်ဆို၍ မရနိုင်ပေ။ အတ္တဟိတပုဂ္ဂိုလ်သာလျှင်ဖြစ်ပေသည်။

အလှူအတန်းပြုလုပ်ခြင်းနှင့် ပရဟိတလုပ်ငန်းလုပ်ကိုင် သူများသည် မိမိတို့၏ ရုပ်ပိုင်းဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးကောင်း မွန်ခြင်းများအပေါ် အကျိုးသက်ရောက်မှုရှိမရှိ စမ်းသပ်နိုင်ရန်အတွက် အင်္ဂလန်နိုင်ငံ ကိုလံဘီယာတက္ကသိုလ်မှ သုတေသနပညာရှင်များက အသက် ၅၅ နှစ်နှင့် အထက် လူကြီးများကို ငွေကြေးထောက်ပံ့ပေးပြီး စမ်းသပ်ခဲ့ရာ အလှူအတန်းလုပ်သူများသည် နှလုံးသွေးတိုးရှိလျှင်ပင် လှူဒါန်းပြီးအချိန်တွင် သွေးပေါင်တိုင်းပါက သွေးပေါင်သည် မလှူဒါန်းမီအချိန်ထက် ပိုမိုကောင်းမွန်နေသည်ကို လေ့လာတွေ့ရှိရကြောင်း မှတ်တမ်း များက ဆိုသည်။ ၁၉၉၉ ခုနှစ်တွင် ပုံနှိပ်ဖော်ပြခဲ့သည့် သုတေသနစာတမ်းတစ်ခုတွင်လည်း အခြားလူများကို ကူညီခြင်းနှင့် ရုပ်ပိုင်းကျန်းမာရေး ကောင်းမွန်မှုတို့အကြား ဆက်စပ်နေကြောင်း ဖော်ပြထားသည်။



၂၀၁၅ ခုနှစ်က ပွင့်ဖြူမြို့နယ်အတွင်း ရေလွှမ်းမိုးခဲ့သည့်ကျေးရွာများသို့ ပရဟိတအဖွဲ့များ ကျေးရွာအရောက် လှူဒါန်းနေကြစဉ်

ပရဟိတစိတ်ရှိဖို့ ဆိုသည်မှာ လွယ်ကူသည့်အရာတော့ မဟုတ်ပါ။ ကိုယ်၏အချိန်၊ ကိုယ်၏စိတ်၊ ကိုယ်၏ ခွန်အားများကို သူတစ်ပါးအတွက် အခမဲ့ပေးရခြင်းဖြစ်သည်။ ကိုယ့်အကျိုးထက် အများအကျိုးကိုဆောင်ရွက်ပေးနိုင်ဖို့ဆိုတာ တော်ရုံစိတ်နှင့်မဖြစ်နိုင်သည့်အတွက်ဖြစ်ပါသည်။ ကမ္ဘာတွင် နာမည်ကြီးသည့် ပရဟိတအဖွဲ့ကြီးများဖြစ်ကြသည့် ကြက်ခြေနီ၊ လခြမ်းနီစသည့် လူမှုရေးအဖွဲ့အစည်းများမှာ သူ့အတွက် ကိုယ်ကအနာခံပေးရသည့် အဖွဲ့တွေပါပဲ။ပရဟိတသမားများတွင် ကျေးဇူးခံ ကျေးဇူးစားစိတ်ဓာတ်မရှိကြချေ။

ကမ္ဘာတွင်နာမည်ကြီးစာရေးဆရာမအသက် ၄၈ နှစ် အရွယ် J. K. Rowling သည်အင်္ဂလန်နိုင်ငံတွင် အချမ်းသာဆုံး အဆင့် ၃၀ တွင်ပါဝင်ခဲ့ပြီး ကမ္ဘာ့ အချမ်းသာဆုံးဘီလျံနာစာရင်းထဲတွင်လည်း ပါဝင်ခဲ့ပါသည်။ စာရေးပြီးချမ်းသာသည့် ကမ္ဘာ့ပထမဆုံးဘီလျံနာဟုလည်း စံချိန်တင်ထားပါသည်။ သူမ၏ ဟယ်ရီပေါ်တာ ဇာတ်လမ်းတွဲမှာလည်း နာမည်ကြီးလှသည်။ ဗြိတိန်အစိုးရနှင့် ဗြိတိန်ရှိ တက္ကသိုလ်များစွာက ပေးအပ်သည့် ဆုတံဆိပ်ပေါင်း ၂၀ကျော်ကိုလည်း ရရှိခဲ့သည်။ သူမ၏ထုတ်လိုက်သည့် စာအုပ်တိုင်း အမေရိကန်ဒေါ်လာသန်းချီတန်ဖိုး အရောင်းထွက်ပြီးအောင်မြင်ခဲ့ကာ ငါးနှစ်ဆက်တိုက် ဘီလျံနာနေရာကို ယူခဲ့ပါသည်။ ၂၀၁၂ ခုနှစ်တွင်တော့ သူမ၏ အမေရိကန်ဒေါ်လာသန်း ၁၆၀ ကျော်ကို တစ်ပြိုင်နက်တည်း အလှူအတန်းမှာ အသုံးပြုခဲ့၍ ဘီလျံနာစာရင်းတွင် မပါဝင်ခဲ့ပေ။ ထိုအချက်ကပင်လျှင် သူ့ကို နာမည်ပိုကြီးသွားစေခဲ့ပြီး ယနေ့တိုင်ကမ္ဘာက လေးစားရသည့် စာရေးဆရာမတစ်ဦး ဖြစ်နေပါသည်။

မြန်မာနိုင်ငံမှာလည်း ပရဟိတလူသားများ ပေါများလှပါ သည်။ အများအတွက်ဆိုလျှင်ဆိုသည့် စိတ်ဓာတ်ကလေးတွေ တွေ့နေမြင်နေရ၍ ဝမ်းသာရပါသည်။ မြန်မာနိုင်ငံ၏နာမည်ကြီး ပရဟိတလူသားကတော့ တစ်ခါက ရုပ်ရှင်သရုပ်ဆောင်လည်း ဖြစ်သည့် မင်းသားဝေဠုကျော်ပင်ဖြစ်ပါသည်။ သူဟာဆိုရင် မြန်မာနိုင်ငံရဲ့ ဘယ်နေရာ ဘယ်ဒေသပဲဖြစ်ဖြစ် ပြည်သူတွေ ဒုက္ခရောက်နေပြီဆိုလျှင် အရောက်သွားပြီး ကူညီပေးတတ်ပါသည်။ ပြည်တွင်းစစ်မငြိမ်မသက်ဖြစ်နေသည့် လောက်ကိုင်ဒေသက ပြည်သူတွေကိုလည်း သွားရောက်ကူညီခဲ့သည်။ ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ ရေကြီးမှု၌ စံချိန်တင်ရသည့် ကလေးရေဘေးတွင် ကူညီပေးခဲ့သည်။ ချင်းတောင်ဒေသရဲ့မြေပြိုဘေးတွေမှာ ကူညီခဲ့သည်။ ရခိုင်အရေးမှာလည်း သူဟာအငြိမ်မနေဘဲကူညီခဲ့ပြန်သည်။ ဒါကြောင့်လည်း သရုပ်ဆောင် ဝေဠုကျော်ကို မောရှေလဘုရားကျောင်း၌ ကျင်းပသည့် ယူနီယံမေ့မွတက္ကသိုလ်၏ ဘွဲ့နှင်းသဘင် ချီးမြှင့်သည့် အခမ်းအနားမှာ ဒေါက်တာဘွဲ့ကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ဒီဆုကို ဇန်နဝါရီလ ၄ ရက်နေ့က ပြုလုပ်သည့် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပေးအပ်ချီးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ပရဟိတဟူသည်မှာ အဖွဲ့အစည်းကြီးများတည်ထောင်၍ ဆိုင်းဘုတ်နာမည်ကြီးကြီးများ ချိတ်ဆွဲပြီး လုပ်ကိုင်မှုမဟုတ်ပေ။ တစ်ကိုယ်ရေ ကိုယ်တတ်နိုင်သလောက်လေးလုပ်ရင်လည်း ပရဟိတသမားဖြစ်ပါသည်။ ပေးဆပ်ခြင်းမှာ ပျော်မွေ့သူများအဖွဲ့မှ ပြုလုပ်ထားသော Page တွင် ကျွန်တော်ကြိုက်မိသော စာသားလေးမှာ ‘ပရဟိတအလုပ်ဆိုတာက ပေးဆပ်ခြင်းပါ။ပေးဆပ်ခြင်းမှာ ပျော်မွေ့တဲ့ ပုဂ္ဂိုလ်တွေဟာ စွန့်လွှတ်၊ အနစ်နာခံသူတွေပါ။စွန့်လွှတ်၊ အနစ်နာခံသူတွေဟာ သူတော်ကောင်းတွေပါ။သူတော်ကောင်းဆိုတာက ကုသိုလ်မှာ ပျော်မွေ့သူတွေပါ ’ တဲ့။ တကယ်ပရဟိတကို ထိထိမိမိဘာသာပြန်ထားသော စာသားလေးဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော လန်ဒန်အခြေစိုက် CAF (Charities Aid Foundation) မှ ထုတ်ပြန်သည့် ကမ္ဘာ့အလှူဒါနညွှန်းကိန်းစစ်တမ်းအရ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အလှူအတန်း အရက်ရောဆုံး နိုင်ငံများစာရင်း၌ ထိပ်ဆုံးနေရာမှ ရပ်တည်နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဒါသည်ပင်လျှင် မြန်မာလူမျိုးတို့၏ စိတ်ဓာတ်သည် ပရဟိတ စိတ်ဓာတ်အားကောင်းနေခြင်းဖြစ်သည်။ သူများအတွက်ဆိုလျှင် ကိုယ်မရှိချင်နေ၊ ကိုယ်မဝတ်ရချင်နေ ပျော်ရွှင်နေတတ်သောလူမျိုးဖြစ်သည်။ ကိုယ့်ဘာသာ၊ ကိုယ့်သာသနာအတွက် ဆိုလျှင် ဘယ်နေရာ ဘယ်အချိန်ဖြစ်ဖြစ် လှူလိုက်ကြသည်ချည်းဖြစ်သည် ။

ထိုကဲ့သို့ စစ်တမ်းကောက်ခံခဲ့ခြင်းသည် စစ်တမ်းပြုလုပ်ရာတွင် လူအများ၏ ငွေလှူဒါန်းမှု ပြုလုပ်ပုံ၊ အချိန်ပေး၍စေတနာ့ ဝန်ထမ်းအလုပ်များ လုပ်ပေးတတ်ကြပုံနှင့် အကူအညီ လိုအပ်နေသူများအားရက်ရောစွာ လှူဒါန်းတတ်ပုံများကို လေ့လာအကဲဖြတ်ထားပြီး အဆင့်သတ်မှတ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထိုအချက်များကြောင့် မြန်မာလူမျိုးတို့သည် ပရဟိတခေတ်မှပရဟိတလူသားများဖြစ်နေပေတော့သည်။ ။

## ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန်ဆောင်ရွက်လျက်ရှိ

**စစ်ကိုင်း မေ ၂၁**

၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများ အသုံးပြုနိုင်ရန်အတွက် စာရင်းကောက် ယူထားသည့်ကျေးရွာ ၅၇၂၂၈ ရွာတွင် လူဦးရေ ၂၀၀၀ နှင့်အထက် ကျေးရွာများအားလုံးကို ၂၀၂၀ ပြည့်နှစ်တွင်လည်းကောင်း လူဦးရေ ၅၀၀ နှင့်အထက်ရှိ ကျေးရွာအားလုံး၏ ၉၅ ရာခိုင်နှုန်း ကို ၂၀၂၅ ခုနှစ်တွင်လည်းကောင်း ရာသီမရွေးသွားလာနိုင်သည့်လမ်းများအဖြစ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးမဟာဗျူဟာ ဒုတိယမူကြမ်းမှသိရသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကျေးရွာများ၏ လူဦးရေ ၂၅၀ နှင့် အထက်ကျေးရွာများအားလုံး၏ ၇၅ ရာခိုင်နှုန်းနှင့်လူဦးရေ ၂၅၀ အောက်ရှိ ကျေးရွာ၅၀ရာခိုင်နှုန်းကိုရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“မြို့နယ်တစ်ခုအတွင်းမှာရှိတဲ့ ကျေးရွာတွေအချင်းချင်းနဲ့ ပိုမိုအဆင့်မြင့်တဲ့ လမ်းကွန်ရက်ကို ချိတ်ဆက်ပေးနိုင်တဲ့အနည်းဆုံး ကျေးလက်လမ်းကွန်ရက်တွေဖြစ်ပါတယ်။

“ကျေးရွာတစ်ရွာမှာ ပိုမိုအဆင့်မြင့်တဲ့ လမ်းနဲ့ချိတ်ဆက်ထားရင်အဓိကချိတ်ဆက်တဲ့လမ်းကွန်ရက်စနစ်လိုအပ်မှာ မဟုတ်ပါဘူး။ ကျေးရွာတစ်ရွာဟာ ကျေးလက်လမ်းတစ်ခုတည်းနဲ့သာချိတ်ဆက်ထားရင် အဲဒီလမ်းကို CRRN လမ်းအဖြစ်သတ်မှတ်ပါတယ်။ကျေးရွာတစ်ရွာဟာ တစ်လမ်းထက်မကပိုပြီးချိတ်ဆက်ထားရင် အကောင်းဆုံးလမ်းကို ရွေးချယ်ပြီး CRRN လမ်းအဖြစ် သတ်မှတ်ပြီး ကျေးရွာတစ်ရွာဟာ ဘယ်လိုလမ်းနဲ့မှချိတ်ဆက်မထားရင် မှန်ကန်တဲ့လမ်းအူကြောင်းကိုရွေးချယ်ပြီး လမ်းဖောက်လုပ်ရေးအတွက် CRRN ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် သတ်မှတ်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတာဝန်ရှိသူထံမှသိရသည်။

ကျေးလက်လမ်းများကိုကျေးလက်ဦးစီးက စီမံဆောင်ရွက်လျက်ရှိရာ ကျေးလက်လမ်းများ၏ ၆ ရာခိုင်နှုန်းသည် ကွန်ကရစ်ကတ္တရာ အမျိုးအစားဖြစ်ပြီး ၂၈ ရာခိုင်နှုန်းသည် ဂဝံ ကျောက်-ရိုဇာအမာခံလမ်း အမျိုးအစား ဖြစ်ကာ ၆၆ ရာခိုင်နှုန်းသည် မြေသားလမ်းများဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွန်ကရစ်နှင့် ကတ္တရာကျေးလက်လမ်း ၂၄၅ မိုင်၊ ဂဝံ-ကျောက်-ရိုဇာ ကျေးလက်လမ်း ၁၄၆၆ မိုင်၊ မြေသားလမ်း ၅၆၅၅ မိုင်နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ကွန်ကရစ်နှင့် ကတ္တရာကျေးလက်လမ်း ၄၃ မိုင်၊ ကျောက်-ဂဝံ-ရိုဇာ ကျေးလက်လမ်း မိုင် ၄၈၀ နှင့် မြေသားလမ်းမှာ ၆၄၆ မိုင်ကိုအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်လမ်းနှင့်အတူ ကျေးလက်တံတားကိုပါ ဆောင်ရွက်ရန်မဟာဗျူဟာတွင်ထည့်သွင်းရေးဆွဲထားရာ အရှည် ၅၆၃၄၈ ပေရှိ ကျေးလက်တံတားပေါင်း ၂၃၁၆၇စင်းတွင်သစ်သားတံတားမှာ ၃၀ ရာခိုင်နှုန်း၊ ကွန်ကရစ်တံတားမှာ ၂၄ ရာခိုင်နှုန်း၊ Box Culvert မှာ ၄၀ ရာခိုင်နှုန်း၊ ရေကျော် ၄ ရာခိုင်နှုန်း ကြိုးတံတား ၁ ရာခိုင်နှုန်းနှင့် ဘေလီတံတား ၀ ဒသမ ၁ရာခိုင်နှုန်းရှိကြောင်း သိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပေ ၆၆၆၅၀ ရှိ သစ်သားတံတား ၁၄၅၂ စင်း၊ ၁၃၃၅၇ပေရှိ ကွန်ကရစ်တံတား ၄၉၂ စင်း၊ ၉၅၃၂ ပေရှိ Box Culvert ၉၄၆ စင်း၊ ပေ၁ ၂၉၉၀ ရှိ ရေကျော်အစင်း ၂၅၀ တို့ကိုတည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း မဟာဗျူဟာတွင်ထည့်သွင်းထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ် အောင် မြေကျုပ်ပေးပါ။

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက် ခြင်း -ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင် ရှင်းလင်းထားပါ။

(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆

Hot Line No များ -၀၆၇-၄၀၄၇၇၇

-၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင် ညိုမည်းလာခြင်းတို့ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ခရမ်းလွန်ရောင်ခြည်သည် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီခန့်အတွင်း မြင့်မားစွာကျရောက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းအချိန်အတွင်း သွားလာလှုပ်ရှားသူများ၊ သင်္ကြန်ရေကစားသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် အောက်ပါအချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) အလွန်ပူပြင်းသောနေရောင်အောက်တွင် အလုပ်လုပ်ကိုင်ခြင်း၊ သွားလာလှုပ်ရှားခြင်းနှင့် ခရီးသွားလာခြင်း စသည်တို့ကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

(၂) မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် မျက်နှာ၊ လည်ပင်း၊ ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ် စသည်တို့ကို ဆောင်းသွားပါ။

(၃) အဝတ်လွတ်ကင်းနေသော လက်၊ လည်ပင်းနှင့် ပခုံး စသည့်နေရာများကို သနပ်ခါးထူထူ (သို့မဟုတ်) SPF 15+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုတင်လိမ်းပါ။ နေရောင်ခံ လိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

(၄) ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ % အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

(၅) ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၆) ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုးများ ပိုမိုထိခိုက်ခံစားရနိုင် သဖြင့်-

- အသက်တစ်နှစ်အောက် ကလေးငယ်များကို နေပူထဲသို့ ခေါ်ဆောင်ခြင်းမပြုပါနှင့်။
- ကလေးငယ်များကို အရိပ်ထဲတွင်သာ ကစားစေပါ။
- ကလေးငယ်များအနေဖြင့် အပြင်ထွက်ရန်လိုအပ်ပါက သနပ်ခါးထူထူ (သို့မဟုတ်) နေရောင်ခံလိမ်းဆေးကို မျက်နှာ၊ လည်ပင်း၊ ပခုံး၊ နောက်ကျော၊ ခြေထောက်နှင့် ခြေဖမိုးများပေါ်သို့ လိမ်းပေးပါ။ ချည်သားထူထူပွပွ အဝတ်အထည်များ ဝတ်ဆင်ပေးပါ။ နေကာမျက်မှန် တပ်ဆင်ပေးပါ။ ဦးထုပ်၊ ထီးဆောင်းပေးပါ။ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အောင်လံဆရာတော် အသျှင်စန္ဒိမာ၏ ယောဂီအသစ်များအတွက် အထူးတရားစခန်း (မေလ) ရန်ကုန်မြို့တွင် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၏ ဦးစီးပဓာန နာယက၊ သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းနှင့် ယောနသံစင်ရော်၏ နက်နဲသော ပဟေဠိများကို ဖွင့်ဆိုခြင်း ကျမ်းပြု၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ(အောင်လံ)သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ၊ ရန်ကုန်ရိပ်သာကြီးတွင် ယောဂီအသစ်များအတွက် ၁၀ ရက်အဓိဋ္ဌာန် အထူးတရားစခန်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်း ဝင်ရောက်လိုသော ယောဂီများသည် ၂၅-၄-၂၀၁၇ ရက် နံနက် ၇း၀၀ နာရီတွင် ရဟန်းနှင့် အမျိုးသားယောဂီများအတွက် ဖုန်း-၀၉-၄၄၄၄၃၆၀၇၀ နှင့် ၀၉-၄၄၄၄၃၆၀၉၉ များသို့လည်းကောင်း၊ သီလရှင်နှင့် အမျိုးသမီး ယောဂီများအတွက် ဖုန်း-၀၉-၇၈၂၂၁၁၆၆၇ နှင့် ၀၉-၂၅၂၂၅၅၈၄၅၊ ၀၉-၇၉၈၇၂၁၉၂၀ များသို့ လည်းကောင်း ဆက်သွယ်၍ စာရင်းပေးသွင်းရပါမည်။ မြန်မာနိုင်ငံအထက်ပိုင်းနှင့် အလယ်ပိုင်းမှ ယောဂီများ ဝင်ခွင့်မပြုပါ။ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ယောဂီများသာ ဝင်ခွင့်ပြုပါမည်။ အထက်ဖော်ပြပါ နယ်ယောဂီများအတွက် ညောင်လေးပင်မြို့နယ်၊ ပဲခူးမြို့နယ်နှင့် မြိတ်မြို့နယ်များအတွက် သတ်မှတ်ပေးထားသော ပုဂ္ဂိုလ်များမှ ယောဂီဦးရေစာရင်းများ အတိုင်း လက်ခံပေးပါမည်။

ယခုကျင်းပမည့် တရားစခန်းတွင် ရန်ကုန်တရားစခန်းပွဲတိုင်းအတွက် ပြည်တွင်းယောဂီများအားလုံး အိမ်ထောင်စုစာရင်းပုံစံ-၁၀ မိတ္တူ(သို့မဟုတ်) ရပ်ကွက်အတွင်း အမှန်တကယ်နေထိုင်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာတစ်ခုခုနှင့် မှတ်ပုံတင်မူရင်းပါမှသာလျှင် ယောဂီအဖြစ်လက်ခံပေးပါမည်။

ဖုန်းဖြင့်ဆက်သွယ်၍ တိုကင်နံပါတ်ရရှိပြီးသော ရန်ကုန်ယောဂီများသည် လူတွေ့စစ်ဆေးခြင်းအတွက် လာရောက်ရမည့် ၂၇-၄-၂၀၁၇ ရက် နံနက်တွင် အောက်ပါအတိုင်း လာရောက်ရန်ဖြစ်ပါသည်။

(က) တိုကင်အမှတ် ၁ မှ ၂၀၀ အထိ = နံနက် ၈း၀၀ နာရီတိတိ

(ခ) တိုကင်အမှတ် ၂၀၁ မှ ၄၀၀ အထိ = မွန်းလွဲ ၁း၀၀ နာရီတိတိ

**တရားစခန်းဝင်ရမည့်ရက်/အချိန်** = ၅-၅-၂၀၁၇ရက် နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၁း၀၀နာရီထိ

**တရားစခန်းပြန်ထွက်ရမည့်ရက်/အချိန်** = ၁၆-၅-၂၀၁၇ရက် နံနက် ၇း၀၀နာရီ

**မှတ်ချက်။** ။နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများအတွက် ဦးရေ(၅၀)နှင့် ပြည်တွင်းယောဂီများအတွက် ဦးရေ ၄၀၀ သာ လက်ခံပါမည်။

- ကျန်းမာရေးကောင်းမွန်ရမည်။
- တင်ပျဉ်ခွေမထိုင်နိုင်သူ လက်မခံပါ။
- အရိုးကျိုးထားသူ/စတီးချောင်းထည့်ထားသူများ လက်မခံပါ။
- အသက်(၁၅)နှစ်အောက်နှင့် အသက်(၇၀)အထက် လက်မခံပါ။
- စာရင်းလာသွင်းပြီး မဝင်ဖြစ်ပါက တရားပွဲမတိုင်မီ ဖုန်းဆက်၍ အကြောင်းကြားပါ။ အကြောင်း မကြားဘဲ ပျက်ကွက်ပါက နောင်တွင် လုံးဝ ဝင်ခွင့်ပြုမည်မဟုတ်ပါ။ **ရန်ကုန်ဥပဋ္ဌာကအဖွဲ့**









## သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြော်ငြာခြင်း

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ သာယာအေးလမ်းနေ ဦးထွန်းမြင့်-ဒေါ်သန်းသန်းအေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်။

ဦးထွန်းမြင့်-ဒေါ်သန်းသန်းအေးတို့၏သား မောင်အောင်ခန့်သူ ၉/မထလ(နိုင်)၂၆၇၅၃၁ သည် မိဘများ၏ ဆိုဆုံးမမှုအား နာခံမှုမရှိသည့်အတွက် ၁၁-၄-၂၀၁၇ ရက်မှစ၍ သားအဖြစ်မှစွန့်လွှတ်ကြောင်း ကြော်ငြာအပ်ပါသည်။ မိဘများအနေဖြင့် ၎င်းနှင့်ပတ်သက်ဆက်နွှယ်သည့် မည်သည့်ကိစ္စမျိုးကိုမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမင်းကြွယ် (LL.B)**
**အထက်တန်းရှေ့နေ**
**ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့**



# ပြည်တွင်းရေကြောင်းကုန်တင်ရေယာဉ် မြစ်ဝကျွန်းပေါ်သို့ စတင်ပြေးဆွဲ

**သတင်း - မြင့်မောင်စိုး၊ ဓာတ်ပုံ - သက္က**

**ရန်ကုန် မေ ၂၁**

သင်္ကြန်ကာလအတွင်း ရပ်နားထားသည့် ပြည်တွင်းရေကြောင်း ကုန်တင်ရေယာဉ်များ မြစ်ဝကျွန်းပေါ်သို့ ယနေ့ စတင်ပြေးဆွဲပြီဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲမှ တာဝန်ရှိသူ တင်ဦးက ပြောသည်။ **(အပေါ်ပုံ)**

"ကျွန်တော်တို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေနဲ့ သင်္ကြန်ကာလအတွင်း ကုန်တင်ရေယာဉ်များ မြစ်ဝကျွန်းပေါ်ဒေသသို့ ပြေးဆွဲမှုရပ်နားထားရာမှ ဒီကနေ့ မေ ၂၁ ရက်မှာ လပွတ္တာ-မအူပင်-ရွှေလောင်း-ကျုံမငေးခရီးစဉ်ကို မွန်းလွဲ ၂ နာရီက စတင်ထွက်ခွာမှာ ဖြစ်ပါတယ်။ စနေနေ့မှာတော့ ကျုံမငေးခရီးစဉ် ထွက်ခွာမှာဖြစ်ပြီး အင်္ဂါနေ့မှာတော့ ဘိုကလေးခရီးစဉ်ကို ထွက်ခွာမှာဖြစ်ပါတယ်"ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဗလကျော်စွာရေယာဉ်မှ ရေယာဉ်မှူး ဦးခင်မောင်အေးက ပြောသည်။

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအနေဖြင့် ရန်ကုန်မြို့မှ မြစ်ဝကျွန်းပေါ်သို့ ကုန်တင်ရေယာဉ်များသာ အဓိကပြေးဆွဲလျက်ရှိကြောင်း၊ ကုန်တင်သင်္ဘောများဖြင့်သာ ခရီးသည်အချို့ လိုက်ပါမှုရှိခဲ့ကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် လမ်းနှင့်တံတားများ တိုးတက်လာပြီးကတည်းက ရန်ကုန်မြို့မှ မြစ်ဝကျွန်းပေါ်သို့ ခရီးသည်ရေယာဉ်ပြေးဆွဲမှု ရပ်ဆိုင်းသွားခဲ့ကြောင်း၊ ခရီးသည်အများစုမှာ ကုန်းလမ်းမှ မော်တော်ကားများဖြင့် ခရီးသွားလေ့ရှိကြောင်း သိရသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✪

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၁**

တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်ဖြစ်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)

## မိုးလေဝသအခြေအနေ

**နေပြည်တော် မေ ၂၁**

ထူးခြားသည့် နေ့အပူချိန်များမှာ ညောင်လေးပင်မြို့နှင့် ဘော်လခဲမြို့တို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်စီ၊ ချောက်မြို့၊ ဂန့်ဂေါမြို့၊ သာယာဝတီမြို့နှင့် မြဝတီမြို့တို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မိုးကောင်းမြို့တွင် ၀ ဒသမ ၉၈ လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၆၇ လက်မ၊ တီးတိန်မြို့နှင့် မော်လိုက်မြို့တို့တွင် ၀ ဒသမ ၄၇ လက်မစီ၊ မချမ်းဘောမြို့နှင့် ဖလမ်းမြို့တို့တွင် ၀ ဒသမ ၃၂ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ (မိုး/ဇလ)

## ပုဇွန်တောင်မြို့နယ်ရှိ သံမဏိနှင်းဆီ ဂျာနယ်တိုက်ခန်း၌ လူသတ်မှုကျူးလွန်သူ ဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ-၁၁

## ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေး ရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

စာမျက်နှာ-၁၂

## မြိတ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များဖမ်းဆီးရမိ

စာမျက်နှာ-၁၃

# ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ ယူ-၁၈ အသင်း တတိယနေရာလုပွဲကစားရမည်

**သတင်း - ရဲရင့်ရှိုင်း၊ ဓာတ်ပုံ - MFF**



၂၀၁၇ ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၂၂ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၁၈ အသင်းသည် တတိယလုပွဲ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် တတိယလုပွဲအဖြစ် မြန်မာ ယူ-၁၈ အသင်းနှင့် ဗီယက်နမ်ကလပ် ဟောင်အန်ဂယ်လိုင် ယူ-၁၉ အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ဗီယက်နမ် ယူ-၁၉ အသင်းနှင့် တောင်ကိုရီးယားကလပ် ဂွမ်ဂျူး ယူ-၁၈ အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ ယူ-၁၈ အသင်းသည် အုပ်စုပွဲစဉ်များအပြီးတွင် အဆင့်-၃ သာရရှိခဲ့သောကြောင့် တတိယနေရာလုပွဲသာ ကစားရခြင်းဖြစ်ပြီး အုပ်စုနောက်ဆုံးပွဲကစားခဲ့သည့် ဟောင်အန်ဂယ်လိုင်အသင်းနှင့် ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဟောင်အန်ဂယ်လိုင်အသင်းနှင့် တွေ့ဆုံခဲ့သည့် အုပ်စုပွဲတွင် ဟောင်အန်ဂယ်လိုင်အသင်းကို သုံးဂိုးပြတ် အနိုင်ရထားသည်။ မြန်မာအသင်းသည် ပြိုင်ပွဲအစတွင် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း *စာမျက်နှာ ၇ ကော်လံ ၄* ●

edexcel Approved Center 95873
ENROLL NOW
Hot Line
09-254 200 234
09-444 646 664
EMPS INTERNATIONAL SCHOOL
Simple way to Brighter Future
နိုင်ငံတကာအတန်း နှင့် မြန်မာကျောင်းအတန်း တစ်ပြိုင်နက် ရနိုင်မည့်အခွင့်အလမ်း
PEARSON
- Pre-School (2 ½ to 5 Yr )
- edexcel (Primary 1 - 6)
- KG မှ အလယ်တန်းအထိ
- Special Needs Classes
- Weekend Classes